ဆိုခဲ့စေ မြဲစေ အခြေခံကျကျသိပါစေ

# The Than Lwin Times

# သံလွင်တိုင်းမ်

အတွဲ (၁)၊ အမှတ် (၁)၊ မေလ၊ ၂၀၁၂

Vol. (1), No. (1), May, 2012









မွန်ပြည်နယ်ထာဝရငြိမ်းချမ်းမှုရရှိရေး ပြည်ထောင်စုအဆင့် စတုတ္ထအကြိမ်အစည်းအဝေး စာ- ၃

မော်လမြိုင်မှ တက္ကသိုလ်ဝင်တန်းတက်ရောက်မည့်သူအတွက် ပညာသင်ဆု စာ- ၂

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဗညားအောင်မိုးနှင့် တွေ့ဆုံမေးမြန်းခြင်း စာ- ၉

သမိုင်းထဲကတွေ့ဆုံဆွေးနွေးပွဲအတွေ့အကြုံများ စာ- ၁၄

ကျော်ဝင်း

မွန်ပြည်သစ်ပါတီအတွက် နိုင်ငံတော်သမ္မတ၏ ငြိမ်းချမ်းရေးလက်ဆောင် စာ - ၁၆

# တက္ကသိုလ်ဝင်တန်းတက်ရောက်နိုင်ရေး ပညာသင်ဆုပေးရန်စီစဉ်

■ ဧပြီ (၂၅) မော်လမြိုင်



ဓါတ်ပုံ - သံလွင်မောင်

MBE , SCG နှင့် Today မီဒီယာတို့ ပူးပေါင်း၍ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် မော်လမြိုင်မြို့မှ နဝမတန်းအောင် ကျောင်းသူ/သား (၃၃)ဦးအား တက္ကသိုလ်ဝင်တန်းတွင် ဆက်လက်ပညာ သင်ကြားနိုင်ရေးအတွက် ပညာသင်ဆုများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

ပညာသင်ဆုပေးရေးနှင့် ပတ်သတ်၍ MBE ဥက္ကဌ ဦးမြင့်မောင်ထွန်းနှင့် အဖွဲ့သည် ဧပြီ(၂၅) ရက်နေ့ နေ့လည် (၁) နာရီအချိန်တွင် မွန်ပြည်နယ် အစိုးရအဖွဲ့ ရုံးခန်းမ၌ မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဒေါက်တာမင်းနွယ်စိုး၊ လူမှုရေးဝန်ကြီး ဒေါက်တာလှဦး၊ စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာ တိုးတိုးအောင်နှင့် မွန်ပြည်နယ် လက်ထောက် ပြည်နယ်ပညာရေးမှူး ဦးစံငွေတို့အား ပညာသင်ဆုပေးမည့် လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြကြောင်း သိရသည်။

ပညာသင်ဆုရယူလိုသော ကျောင်းသူ ကျောင်းသားသည် နဝမတန်း အောင်မြင်ပြီးသူ ဖြစ်ရမည်။ အတန်းထဲတွင် ပညာထူးချွန်သူ ဖြစ်ရမည်။ ပညာထူးချွန်ကြောင်း သက်ဆိုင်ရာ ကျောင်းအုပ်ကြီးက ထောက်ခံချက်ပေးရမည်။ တက္ကသိုလ်ဝင်တန်းပညာ ဆက်လက်သင်ကြားရန် အခက်အခဲရှိသူ ဖြစ်ရမည်။ အခက်အခဲရှိကြောင်း မိသားစုနေ အိမ်အခြေအနေ ရိုက်ထားသောဓါတ်ပုံ တင်ပြရမည်။ လျှောက်ထားသော ကျောင်းသူကျောင်းသားများသည် (SHARE THE DREAM) အိမ်မက်များကို မျှဝေခံစားခြင်းခေါင်းစဉ်ဖြင့် စာစီစာကုံး တစ်ပုဒ်ရေးသား တင်ပြရမည်ဖြစ်ကြောင်း၊ ကျောင်းသူကျောင်းသား ရွေးချယ်ရေးကို MBEအဖွဲ့နှင့် မြို့နယ်ပညာရေးမှူး တို့ပါဝင်သော အဖွဲ့က စိစစ်ရွေးချယ်မည် ဖြစ်ကြောင်း၊ ကျောင်းသူ ကျောင်းသားတစ်ဦးလျှင် ကျောင်းသုံးပစ္စည်းအပါအဝင် စုစုပေါင်း ငွေကျပ် ၁၈၀၀၀၀ိ/ ချီးမြှင့် မည်ဖြစ်ကြောင်း စီမံချက်တာဝန်ခံ ကိုမိုးသဲက ပြောသည်။

MBE အဖွဲ့ကို စီးပွားရေး၊ လူမှုရေး လုပ်ငန်းစိတ်ပါဝင်စားသော MBA ဘွဲ့ရရှိသူ (၂၆)ဦးတို့ စုပေါင်းဖွဲ့စည်းထားကြောင်း၊ ရန်ကုန်တိုင်းအတွင်း (၉)မြို့နယ်တွင် (၆၆)ဦး ပညာသင်ဆုချီးမြှင့်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း၊ ပညာသင်ဆုပေးပွဲကို မေလနောက်ဆုံးပတ်တွင် ရန်ကုန်မြို့၌ ကျင်းပပြုလုပ်မည် ဖြစ်ကြောင်း အဆိုပါစီမံချက် တာဝန်ခံကပြောသည်။ (၀၀၁)

# ဒီရေတောပြုစုထိန်းသိမ်းရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လူထုအသိပညာပေးဟောပြောပွဲကျင်းပ။



မော်လမြိုင် (တွဲဘက်ချောင်းဆုံ) မြို့နယ်သစ်တောဦးစီးဌာန၏ စီစဉ်မှုဖြင့် ဒီရေတောပြုစုထိန်းသိမ်းရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လူထုအသိပညာပေး ဟောပြောပွဲကို (၁၁-၃-၂၀၁၂)နေ့ ချောင်းဆုံ မြို့နယ် ဒေါက်ရပ်အရှေ့ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားတွင် မွန်ပြည်နယ် အစိုးရအဖွဲ့ဝင် ပြည်နယ်ဥပဒေချုပ် ဦးဝင်းကြည်၊ သစ်တောနှင့်သတ္တုတွင်းဝန်ကြီး ဦးဝင်းမော်ဦး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးမျိုးညွန့်၊ ချောင်းဆုံမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦးနှင့် မွန်ပြည်နယ် သစ်တောဦးစီးဌာနညွှန်ကြားရေးမှူး ဦးချစ်ပေါတို့မှ အမှာစကားပြောကြားကြပြီး မော်လမြိုင် (တွဲဘက်ချောင်းဆုံ) မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းလင်းနိုင်နှင့် မော်လမြိုင်တက္ကသိုလ် အဏ္ဏဝါသိပ္ပံဌာနမှ ဆရာမများတို့မှ ဒီရေတောပြုစုထိန်းသိမ်းရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ နှင့်ပတ်သက်၍ အသိပညာပေးဟောပြော ဆွေးနွေးကြပါသည်။

အခမ်းအနားသို့ ဒေါက်ရပ်အရှေ့၊ ဒေါက်ရပ်အနောက်၊ ကညော့်နှင့် ကော့မုပွန်ကျေးရွာတို့မှ ပြည်သူများ၊ ကျောင်းသား/သူများနှင့် အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များမှ အင်အား(၆၇၀) တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

Source: မြို့နယ်သစ်တောဦးစီးဌာန




## အယ်ဒီတာ့အာဘော်

ကြားဖြတ်ရွေးကောက်ပွဲအပြီး မြန်မာ့နစ်သစ်ကူး အခါတော် လည်းရောက်ပြီ။ ပြည်သူများ ယုံကြည်ကိုးစား မျှော်လင့်အားထားနေသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ကြားဖြတ်ရွေးကောက်ပွဲတွင် (၄၁) နေရာ၌ အနိုင်ရခဲ့သည်မှာ မြန်မာ့နိုင်ငံရေး နှစ်သစ်တာထွက်ကောင်းသည်ဟု ဆိုရမည်ဖြစ်သည်။

သို့သော် ဒုတိယအင်အားအကြီးဆုံးမဲအနိုင်ရပါတီအနေနှင့် လွှတ်တော်တွင်း အောင်အောင်မြင်မြင် အလုပ်လုပ်ဖို့က ပိုအရေးကြီးပါသည်။ အခြားမဟာမိတ်ပါတီများ၊ ပြည်နယ်အခြေခံပါတီများနှင့် ကောင်းမွန်တန်းတူသော ဆက်ဆံရေးထူထောင်ကာ အပြန်အလှန်အားပြုသွားနိုင်ဖို့ လိုပါသည်။

သံလွင်မြေ၏ နိုင်ငံရေးနှင့်ပတ်သက်၍ ပြည်နယ်လွှတ်တော်များသည် ပြည်နယ်သားများ၏ ဆန္ဒနှင့်အသံကို ကိုယ်စားပြုသော ဥပဒေမူကြမ်းများ ယခုထက်ပိုပြီး ဆွေးနွေးအတည်ပြုနိုင်ရန် လိုအပ်သည်။ ပြည်နယ်ထွက်သယံဇာတစွမ်းအင်များနှင့် ပတ်သက်၍လည်း ပြည်နယ်ပြည်သူလူထုအကျိုးခံစားခွင့် ပိုမိုရရှိနိုင်အောင် ကြံဆောင်သင့်ပါသည်။ တိုင်းရင်းသားလူမျိုးစုများ၏ ဘာသာစကား စာပေသင်ကြား ထိန်းသိမ်းခွင့်နှင့်ပတ်သက်၍လည်း ယခုထက် ပိုမိုရှင်းလင်းပြတ်သားသော လုပ်ငန်းစဉ်များချမှတ်ကာ နိုင်ငံတော်မှ ဝိုင်းဝန်းကူညီဖေးမသင့်ပါသည်။

ပွင့်လင်းလွတ်လပ်သည့် ပုံမှန်နိုင်ငံရေးကာလ တိုတောင်းသေးသည့် အားလျော်စွာ ရွေးကောက်ပွဲဝင် နိုင်ငံရေးပါတီများ၏ အနေအထားသည် ပြင်ဆင်ဆောင်ရွက်စရာများ လိုနေဦးမည်ဖြစ်သည်။ ခိုင်မာသည့် စည်းလုံးညီညွတ်ရေး၊ အတွဲညီသည့် မဟာမိတ်ဆက်ဆံရေး တည်ဆောက်ရန် လိုနေဦးမည်ဖြစ်သည်။ သို့ရာတွင် (၂၀၁၅)ကို အောင်မြင်စွာ ဖြတ်သန်းနိုင်ရန်အတွက် ဤလုပ်ငန်းများမှာ ရှောင်လွှဲ ချန်လှပ်လိုက်၍ရသော လုပ်ငန်းများမဟုတ်ပါ။

ပြည်သူလူထု၏ နိုင်ငံရေးတွင် ပါဝင်ပတ်သက်နိုင်မှုသည်လည်း အရေးကြီးပါသည်။ ပြည်နယ်ကိုယ်စားပြု ပြည်ထောင်စုလွှတ်တော် အမတ်များသည်လည်းကောင်း၊ ပြည်နယ်လွှတ်တော် အမတ်များသည် လည်းကောင်း၊ မိမိအား ရွေးချယ်မဲပေးခဲ့သည့် ပြည်သူများအား ပြန်လည်ရှင်းလင်းအစီရင်ခံမှုလုပ်ရန် လိုအပ်ပေသည်။ နိုင်ငံရေးတွင် "ပြည်သူသာအမိ၊ ပြည်သူသာအဖ" ဆိုသည့်အတိုင်း လူထုအခြေပြုအဖွဲ့အစည်းများမှလည်း လှေလာစီစစ်မှု မပြတ်ပြုလုပ်၍ ထောက်ပြပြုပြင်သွားရန်၊ ထိန်ငုပ်နေသည့် လူထုနစ်နာချက်များကို ဖော်ထုတ်တင်ပြသွားရန် လိုအပ်ပေသည်။

မည်သို့ပင်ဆိုစေ ဒီမိုကရေစီနိုင်ငံရေး၊ ပြည်ထောင်စုတည်ဆောက်ရေးနှင့် နိုင်ငံသားပြည်သူတို့၏ အခွင့်အရေးများအတွက် လက် တွေ့နိုင်ငံရေးတွင် ပါဝင်လှုပ်ရှားဆောင်ရွက်နေသူများကိုလည်းကောင်း၊ မဲဆန္ဒရှင် ပြည်သူများကိုလည်းကောင်း စွမ်းရည်မြှင့်ပညာပေးမှု (Capacity Building)များ အမှန်တကယ်လိုအပ်လျက်ရှိပေသည်။ ဤသည်တို့ကို လက်ကမ်းကြိုဆိုရန်နှင့် လက်တွေ့အကျိုးသက်ရောက်မှုရှိစေရန် ကြိုးစားသင့်လှပေသည်။

(၂၀၁၂) မြန်မာ့နှစ်သစ်ကူးကို ဗေဒင်ဆရာအကျော်အမော်တစ်ဦးက "အုပ်ချုပ်ရေးယန္တရား ပြုပြင်ပြောင်းလဲမှု နည်းနည်းအားနည်းမည်" ဟု ဟောကိန်းထုတ်ထားပေသည်။

နှစ်သစ်တွင် လူသစ်များဖြင့် ဖွဲ့စည်းထုတ်ဝေသော သံလွင်တိုင်း(မ်) ဂျာနယ်အနေဖြင့် အောင်မြင်သော ပြုပြင်ပြောင်းလဲရေးများ ဖြစ်ပေါ်စေရန် ဆုမွန်ကောင်း တောင်းဆိုလိုက်ပါသည်။ ဒီမိုကရေစီရေး အပြောင်းအလဲသည် အလျင်အမြန် တဟုန်ထိုး မဖြစ်နိုင်သလို ပြန်လည် လှည့်ပြောင်းသွားရန်လည်း မဖြစ်နိုင်ဟု ယုံကြည်ပါသည်။ နေ့ချင်းညချင်း ပြောင်းလဲရန် 'လူ့စွမ်းကောင်းမျှော်ဝါဒ'ဖြင့် တောင့်တ၍ မရသည့်အပြင် အပြောင်းအလဲကို မှန်မှန်ကန်ကန် သဘောထားနိုင်စွမ်းရှိပြီး မိမိကိုယ်တိုင်လည်း လိုက်ပါပြောင်းလဲဖို့ လိုအပ်ကြောင်း ရေးသား တင်ပြလိုက်ရပေသည်။

## မွန်ပြည်နယ်အတွင်း ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် ဆက်လက်ဆွေးနွေးမှုအဆက် -

ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ဦးဆောင်သော ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ တွဲဖက်အထွေထွေအတွင်းရေးမှူး နိုင်အောင်မင်း ဦးဆောင်သော မွန်ပြည်သစ်ပါတီ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့သည် ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်နိုင်ရေးအတွက် ဧပြီလ (၁၁)ရက်နေ့ နံနက် (၉)နာရီအချိန်တွင် မွန်ပြည်နယ် အစိုးရအဖွဲ့ရုံး၊ အောင်ဆန်းခန်းမ၌ စတုတ္ထအကြိမ် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါငြိမ်းချမ်းရေး ဖော်ဆောင်ရေး ဆွေးနွေးပွဲတွင် မွန်ပြည်သစ်ပါတီအနေဖြင့် တောင်းဆိုချက်များ တင်ပြရာတွင် မြေနီလမ်းများအား ကျောက်ချောလမ်း ခင်းရာတွင် အကူအညီပေးရေး မွန်ဒေသရှိ အခြေခံကျောင်းများတွင် မွန်စာပေ သင်ကြားရေး၊ နိုင်ငံသားစိစစ်ရေးကဒ်ပြားနှင့် အိမ်ထောင်စုစာရင်း များ ပြုလုပ်ပေးရေး၊ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရေးအတွက် မြေလွတ် မြေရိုင်းများအား ခွင့်ပြုချထားပေးရေး၊ နယ်မြေအတွင်း ဆက်သွယ်မှု ကောင်းမွန်ရေးအတွက် GSM တာဝါတိုင်များ တည်ဆောက်ပေးရေး၊ ပုဂ္ဂလိကဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်ပြုရေး၊ မွန်ပြည်သစ်ပါတီမှ ထိန်းသိမ်းခံထားရသော နိုင်ငံယကျွ နှင့် နိုင်ငံမျိုးချွေးတို့အား အမြန်ဆုံး လွတ်ငြိမ်းချမ်းသာခွင့်ပေးရေး၊ သံဖြူဇရပ်-ဘုရားသုံးဆူ လမ်းဖောက်လုပ်ရေးနှင့် ရေးမြို့နယ် ကုလားဂုတ် ရေနက်ဆိပ်ကမ်း တည်ဆောက်ရေးကိစ္စများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ဦးခင်ရီနှင့် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်တို့က နိုင်ငံတော်အနေဖြင့် ပြုလုပ်ပေးနိုင်သည်များကို အမြန်ဆုံး ပြုလုပ်ပေးမည် ဖြစ်ကြောင်း၊ မွန်ပြည်နယ်အတွင်း ထာဝရငြိမ်းချမ်းရေးဖော်ဆောင်ရေးသည် အရေးကြီးကြောင်း သို့မှသာ ပြည်သူများ လူမှုဒုက္ခအဝဝ ကင်းဝေးမည် ဖြစ်ကြောင်းများကို ပြောဆိုပြီးနောက် ဖော်ပြပါဆွေးနွေးချက် (၅)ချက်ကို နှစ်ဦးနှစ်ဖက် သဘောတူလက်မှတ်ရေးထိုးကြ ကြောင်းသိရသည်။

(၁) တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲနိုင်ရေး။

(၂) မွန်ပြည်သစ်ပါတီနှင့် အပစ်အခတ်ရပ်စဲရေး ရေရှည်တည်တံ့ခိုင်မြဲရေး။

(၃) နယ်မြေဒေသဖွံ့ဖြိုးရေးနှင့် နယ်မြေ၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကိစ္စရပ်များ။

(၄) မွန်ပြည်သစ်ပါတီနှင့် ဆက်နွယ်သော အကျဉ်းသားများနှင့် အခြားလက်နက်ကိုင်အဖွဲ့အစည်းများ၏ အကျဉ်းသားများ ပြန်လည်လွတ်မြောက်ရေး။

(၅) ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲအားနောက်တစ်ကြိမ်ဆွေးနွေးနိုင်ရေး စသည်တို့အပေါ် သဘောတူညီချက် ရရှိခဲ့ပါသည်။

"ကျွန်တော်တို့ဘက်က အချက် (၅) ချက် တောင်းဆိုခဲ့တယ်၊ အဲဒီအထဲမှာ မွန်ပြည်သစ်ပါတီနဲ့ ဆက်နွယ်တဲ့ နိုင်ငံရေး အကျဉ်းသား အထူးသဖြင့် အကွက်ဆင်ပြီး ထောင်ချခံနေရတဲ့ နိုင်ငံယကျွနဲ့ မင်းမျိုးချွေးတို့ကို အမြန်လွှတ်ပေးရေးကိစ္စလည်း ပါ,ပါတယ်"ဟု ၎င်းဆွေးနွေးပွဲတွင် ပါဝင်ခဲ့သူ မွန်ပြည်သစ်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် နိုင်တလညီက သံလွင်တိုင်း(မ်) သတင်းဂျာနယ်သို့ ပြောသည်။

ပြည်ထောင်စုငြိမ်းချမ်းရေး ဖော် ဆောင်မှုအဖွဲ့တွင် ရထားပို့ဆောင်ရေးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်မောင်ဝင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး စစ်ဦးစီးမှူး (ပထမတန်း) ဒုတိယဗိုလ်မှူးကြီး ဇော်နိုင်ဦးနှင့် မွန်ပြည်နယ်ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့၌ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဌေးမြင့်အောင်၊ ပြည်နယ်ဥပဒေချုပ် ဦးဝင်းကြည်၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် စစ်ဦးစီး (ပထမတန်း) (ပြည်သူ့စစ်) ဒုတိယ ဗိုလ်မှူးကြီး ကျော်မြင့်၊ မွန်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေး မှူး ဦးဇော်လင်းထွန်းနှင့် မွန်ပြည်နယ် ဒေသဖွံ့ဖြိုးရေးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးရွှေသောင်းတို့ ပါဝင်ကြသည်။

***သံလွင်မောင် + ဗညားအောင်***

## လာမည့်ကျောင်းအပ်နှံရေးအချိန်တွင် ဗလာစာအုပ်နှင့် စာရေးကိရိယာများ ပညာရေးဌာနမှ ရောင်းချမှုရပ်ဆိုင်းမည်

■ ချောင်းဆုံ၊ ဧပြီ (၂၇)

ယခင်နှစ်များကဲ့သို့ ကျောင်းအပ်နှံသည့် အချိန်တွင် ကျောင်းသားမိဘများအနေနဲ့ ကျောင်းမှ ရောင်းသော ဗလာစာအုပ်များနှင့် စာရေးကိရိယာများ မဖြစ်မနေ ဝယ်ယူနေရတဲ့ ဒုက္ခမှလွတ်ပြီဟု ချောင်းဆုံမြို့နယ်၊ မဲဆန္ဒနယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦး ဆိုသည်။

"မူအားဖြင့် ကောင်းပါတယ်။ ကလေးတွေဟာ ကျောင်းဖွင့်ချိန်အမှီ သင်ကြားရေးအထောက်အကူပြု ပစ္စည်းတွေ အချိန်မှီ လွယ်လွယ်ကူကူရရှိနိုင်ရေးအတွက် ပညာရေးဌာနမှ တာဝန်ယူ ရောင်းချခဲ့ကြတာပါ။ ဒါပေမဲ့ ဗလာစာအုပ်နဲ့ စာရေးပစ္စည်း ကိရိယာတွေကို မကုန်ကုန်အောင် ရောင်းချနေတော့ ကျောင်းသား မိဘတွေမှာ ဝန်ထုပ်ဝန်ပိုး ဖြစ်ခဲ့ကြရတယ်"ဟု ယင်းက ပြောသည်။

"ကျွန်တော်တို့ တောင်စွန်းရွာ တစ်ချို့အိမ်ဆို ကလေးသုံးလေးဦးလောက် ကျောင်းနေကြတော့ စာရေးပစ္စည်းကိရိယာတွေ တစ်ချိထဲ ဝယ်ယူနိုင်ဖို့ အတော်လေး ကြိုးစားရတယ်"ဟု တောင်စွန်းရွာမှ ဦးမြတ်ဇော်က ဆိုသည်။

လာမည့် ပညာသင်နှစ်မှာ ယခင်နှစ် များကဲ့သို့ ပြည်သူများ မနစ်နာရေးအတွက် ပြည်နယ်လွှတ်တော်တွင် တင်ပြဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ ပြီးခဲ့တဲ့ ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးမှာ ဒီကိစ္စနဲ့ပတ်သက်ပြီး မေးခွန်းအနေနဲ့ တင်ပြဆွေးနွေးခဲ့တယ်။ ပညာရေးနှင့်သက်ဆိုင်တဲ့ ပြည်နယ် ဝန်ကြီးက နောက်လာမည့် ပညာသင်နှစ် ကျောင်းဖွင့်ချိန်များတွင် ကျောင်းအပ်နှံရာ၌ ပညာရေးဌာနမှ စာရေးပစ္စည်းကိရိယာများနှင့် ဗလာစာအုပ်များကို တာဝန်ယူ ရောင်းချတော့မှာ မဟုတ်တော့ကြောင်း ပြန်လည်ဖြေကြားခဲ့သည်"ဟု ဒေါက်တာအောင်နိုင်ဦးက ဆိုသည်။

မူလတန်းအဆင့် ပညာသင်ကြားရေးမှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အခမဲ့သင်ကြားရေးစနစ် ဖြစ်စေရေးအတွက် မူလတန်းအဆင့် ကျောင်းသူကျောင်းသားများ အား စာရေးပစ္စည်းကိရိယာများ ဖြန့်ဝေပေးမည်ဟု သတင်းရရှိပါသည်။

**လူရဲ**

**မြန်မာနိုင်ငံ တောင်ပိုင်းဒေသတွင် မွန်ပြည်နယ်ကို အဓိကထားပြီး အခြားဆက်စပ်ဒေသများ၏ သတင်းကိုလည်း ဦးစားပေးဖော်ပြမည့် တစ်လတစ်ကြိမ်ထုတ် သတင်းစုံဂျာနယ် သံလွင်တိုင်း(မ်)ကို ထုတ်ဝေလိုက်ပါသည်။**

**သံလွင်တိုင်း(မ်)၏မူဝါဒ**

၁။ မြန်မာနိုင်ငံ ဒီမိုကရေစီလူ့အဖွဲ့ အစည်းဖော်ဆောင်ရာတွင် ပိုမိုအဆင်ပြေ ချောမွေ့စေရေးအတွက် တစ်ခန်းတကဏ္ဍမှ ပါဝင်ရန်။

၂။ ပြည်သူလူထု၏ ကိုယ်စားပြုအသံ ဖြစ်စေရန်။

၃။ တိုင်းရင်းသား သွေးစည်းညီညွတ် ရေးကို အထောက်အကူပြုရန်။

အထက်ပါ မူဝါဒများကိုအခြေခံပြီး အောက်ပါ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက် သွားပါမည်။

၁။ ဒေသ၏ စတုတ္ထမဏ္ဍိုင်ကို အားဖြည့် ဝိုင်းဝန်း လုပ် ဆောင်ရန်။

၂။ ပြည်သူလူထု၏ အကျိုးစီးပွားကို ဦးထိပ်ထားပြီး လုပ်ဆောင်ရန်။

၃။ ဒေသတွင်း လူမျိုးစုများ၏ စာပေယဉ်ကျေးမှု၊ လူမှုရေးလှုပ်ရှားမှုများကို ဖော်ထုတ်မြှင့်တင်သွားရန်။

၄။ ပြည်သူလူထု၏ အသိပညာတိုးမြှင့်ရေးကို တစ်ဖက် တစ်လမ်းမှ ဆောင်ရွက်သွားရန်။

၅။ ပြည်သူလူထု၏ ပကတိအနေအထားကို အခြေအနေ အခွင့်အလမ်းနှင့် ကိုက်ညီစွာ ဖော်ထုတ် တင်ပြသွားရန်။

# မွန်နိုင်ငံရေးဓလေ့ အတွေ့နဲ့အရှေ့

■ ထောင့်မွန်

(၁)

ဗိုလ်ချုပ်အောင်ဆန်းက ပြောဖူးတယ် "နိုင်ငံရေးဆိုတာ လူညစ်တွေရဲ့ အလုပ်ဘဲ" ဒီစကားကို ဘယ်လိုမှ လက်မခံခဲ့ပေမယ့်၊ အခုတော့ မြန်မာ့ဒီမိုကရက်တိုက်ဇေရှင်းရဲ့ အတွေ့နဲ့ မွန်တို့ရဲ့ နိုင်ငံရေးဓလေ့မှာ ဦးနှောက်မှန်တိုင်းထန်လာတော့ ဗိုလ်ချုပ်အောင်ဆန်း စကားကို ဖြေဆေးတစ်ခွက်လို လက်ခံရမလို ဖြစ်မိတယ်။

လူတို့ရဲ့ ဦးနှောက်ဆိုတာ အမှိုက်ပုံး မဟုတ်။ ဒါပေမဲ့ ဂလိုဘယ်ဆိုတာကိုလည်း တားမြစ်လို့ရမှာ မဟုတ်။ ဒေသပုံပြင်ကို ရှေ့တန်းမတင်လို့မဖြစ်။ ဒီလိုနဲ့ အိမ်ရှေ့က လှက်ရည်ဆိုင်က စိုင်းထီးဆိုင်ရဲ့ သီးချင်းသံ နားထဲရောက်လာတယ်။

*"အခေါင်က မလုံတော့ မိုးယိုတာကို ခံနေရတာအမှန်ဘဲ၊ ဒါပေမယ့် . . . မိုးရွာတဲ့ အကြောင်းဟာ ကိုယ်တစ်ယောက်ထဲကြောင့် တော့မဟုတ်ဘူး"*

စိတ်အချဉ်ပေါက်နေတာကို ဒီသီချင်းနဲ့ကုစားမိတယ်။ နိုင်ငံရေးမှာ စိတ်ကူးစံဆိုတာ အခုထိ မရှိမဖြစ် လိုအပ်နေတုန်းပါဘဲ။ ဒါကြောင့် မွန်တို့ရဲ့နိုင်ငံရေးဓလေ့ကို သမိုင်းဖြစ်စဉ်ပေါ်တင်ကြည့်မိတယ်။ ပကတိဖြစ်တည်မှုအပေါ် အလုပ်ဖြစ်ရေး ဘယ်လိုလုပ်ရပါ့မလဲ။ နိုင်ငံရေး ကကြီးခခွေးလို့ဘဲပြောပြော၊ ပွင့်နေတဲ့ ပြတင်းကနေ မြင်ကြည့်ပါရစေ။

(၂)

အော်တိုကရေစီမှ ဒီမိုကရေစီကို သွားတဲ့လမ်းမှာ အဆင့်သုံးဆင့်ဖြတ်သန်းရမယ်လို့ နိုင်ငံရေး ပညာရှင်တွေက ယူဆကြတယ်။

၁။ ထိန်းချုပ်မှုများ လျော့ပေါ့လာခြင်း

၂။ ကူးပြောင်းခြင်း

၃။ ခိုင်မာခြင်း တို့ဖြစ်တယ်။

မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးဟာ ဘယ်အဆင့်ကို ရောက်နေပါသလဲ။ သေချာတာကတော့ အဆင့်သုံးဖြစ်တဲ့ ခိုင်မာခြင်းကို မရောက်သေးပါဘူး။ ဒါပေမဲ့ သမ္မတဦးသိန်းစိန် အစိုးရလက်ထက်မှာ အဆင့်တစ်ဖြစ်တဲ့ "ထိန်းချုပ်မှုများ လျော့ပါးလာခြင်း"ကတော့ သေချာပေါက်ပါဘဲ။ ဘယ်လိုမှ ငြင်းလို့မရဘူး။ ပြီးတော့ ထိန်းချုပ်မှု လျော့ပါးလာခြင်း အဆင့်ကုန်မှ ကူးပြောင်းခြင်း အဆင့်ရောက်မယ်လို့ ပြောလို့ရမှာ မဟုတ်ဘူး။ ထိန်းချုပ်မှုလျော့ပါးလာခြင်းနဲ့ ကူးပြောင်းခြင်းဟာ တပြိုင်နက်တည်း ဖြစ်လို့ရပါတယ်။ ဖြစ်လည်း ဖြစ်နေပါတယ်။

ပွင့်လင်းမြင်သာမှုရှိတဲ့ ကာလမှာ၊ ပကတိအနေအထားကို အသေအချာ သိသင့်ပြီ အကျိုးသက်ရောက်မှုအတွက် အပြန်အလှန်သဘောရှိနေပါတယ်။ ယုံကြည်ချက်နဲ့ အကျဉ်းကျခံရသူများ မလွှတ်ဘူးဆိုရင် တိုင်းရင်းသားလက်နက်ကိုင်များနဲ့ အပစ်အခတ်ရပ်စဲရေး မရရှိဘူးဆိုရင်၊ ပိတ်ဆို့မှု ကိစ္စရှင်းလို့မရဘူး။ ပိတ်ဆို့မှုကြောင့် ကမ္ဘာ့ငွေကြေးစနစ်နဲ့ မြန်မာငွေကြေးတန်းညှိလို့ မရဘူး။ ငွေကြေးစနစ်မခိုင်မာရင်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မဝံ့ရဲဘူး။ ဒါအသေအချာလုပ်ရမှာဘဲ။ စည်းနဲ့ကမ်းနဲ့ အကောင်အထည်ဖော် ပေးမှာဘဲ။ တရားဝင်မွန်နိုင်ငံရေးပါတီ တစ်ပါတီတည်း ဖြစ်ရေးအတွက် ဒေသပုံပြင်ကိုကျော်ပြီး လုပ်လို့မရဘူး။ ပြုပြင်ပြောင်းလဲရေးအမြင် (မော်ဒရိတ်) ပီသရင် မွန်နိုင်ငံရေးပါတီ တစ်ပါတီထဲဖြစ်ပြီ ဒါပါဘဲ။

**တရားဝင်မွန်နိုင်ငံရေးပါတီ တစ်ပါတီတည်းဖြစ်ရေး အာသီသချင်းတူညီ နေကြပါပြီ။ အရေးကြီးပြီ။ သွေးလဲနီးကြပြီ။ မွန်နိုင်ငံရေးပလေယာများ ဘယ်လိုကစားကြမလဲ။ ပါဝါဂိမ်းလို့ သတ်မှတ်ပြီး ရှေ့ရင်မှားမယ်။ ဒီနေ့ မွန်နိုင်ငံရေးမှာ အသိုင်းအဝိုင်းအစုံကစတိတ်မင်းတွေ ထွန်းပေါက်လာကြပြီး အလုပ်ဖြစ်ရေးကသာ အရှေ့ဖြစ်တယ်။**

(၃)

သမိုင်းသင်တယ်ဆိုတယ် မအဖို့၊ မအဘူးဆိုရင် သမိုင်းထဲက သင်ခန်းစာတွေကို ယူရမယ်။ သမိုင်းဖြတ်စညပ်စလေးတွေကို ပြန်ကြည့်ကြပါ။ မြန်မာ့သမိုင်းဆိုရင် လွတ်လပ်ရေးရပြီးတာနဲ့ ၁၉၄၇ အခြေခံဥပဒေအရ ၁၉၅၂ မှာ ရွေးကောက်ပွဲလုပ်တယ်။ ပါလီမန်ဒီမိုကရေစီစနစ် ပေါ်ထွန်းလာတယ်။ ဒါပေမယ့် တစ်ပါတီ ဒီမိုကရေစီစနစ်ပဲ ဖြစ်ခဲ့တယ်။ သိပ်ကြာရှည်မခံခဲ့ဘူး။ ဖ. ဆ. ပ. လ နှစ်ခြမ်းကွဲတယ်။

မွန်သမိုင်းမှာတော့ ၁၉၄၈ မြန်မာပြည်လွတ်လပ်ရေးရပြီးတာနဲ့ မွန်တပ်ဦးတောခိုတယ်။ ပြည်တွင်းမှာ မွန်တိုင်းရင်းသားပါတီ အင်အားချိနဲ့ရတယ်။ ဆယ်နှစ်ကြာတော့ မွန်တပ်ဦးငြိမ်းချမ်းရေးယူတယ်။ ၁၉၅၈ ခုနှစ်မှာ ရွေးကောက်ပွဲဝင်တဲ့ နေရာကို ခွဲဝေသတ်မှတ်ခဲ့ကြတယ်။

ပြည်သူလူထုရဲ့ အကျိုးဖြစ်ထွန်းမှုအတွက် မျက်နှာမမူကြပဲ၊ ဗ. က. ပ တောခို၊ ဖ. ဆ. ပ. လ နှစ်ခြမ်းကွဲ၊ အာဏာရယူရေးကိုသာ ဦးတည်ခဲ့ကြတယ်။ မွန်မှာလည်း မွန်တိုင်းရင်းသားအစည်းအရုံးနဲ့ မွန်တပ်ဦးနှစ်ဖွဲ့ ရှိခဲ့ကြတယ်။ အကွဲအပြဲဇာတ်လမ်းရဲ့အဆုံးမှာ ပါလီမာန်ဒီမိုကရေစီစနစ်ကနေ ၁၉၆၂ ခုနှစ်မှာ ဦးနေဝင်းအာဏာသိမ်းခဲ့တယ်။ အော်တိုကရေစီကို ရောက်သွားခဲ့ရတော့တယ်။ ၁၉၇၄ ခုနှစ်မှာ တစ်ပါတီစနစ် ပေါ်ထွန်းခဲ့ပေမယ့် ၁၉၈၈ ခုနှစ်မှာ အဆုံးသတ်ခဲ့ပြန်တယ်။ တစ်ပါတီစနစ်ရဲ့ အားနည်းချက်ကတော့ အစိုးရအသိုင်းအဝိုင်းနဲ့ ပတ်သက်တဲ့လူတစ်စု ချမ်းသာကြွယ်ဝလာပြီး၊ နိုင်ငံတော်နဲ့ ပြည်သူလူထုတစ်ရပ်လုံး အဆင်းရဲဆုံးနိုင်ငံ စာရင်းဝင်ဖြစ်သွားရပါတော့တယ်။ ပါလီမန် ဒီမိုကရေစီစနစ်ရဲ့အားနည်းချက်ကတော့ သန့်ရှင်းအစိုးရ အာဏာတည်မြဲရေးအတွက်သာ အဓိကထားနေတော့ ပြည်သူလူထုရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘာမှစွမ်းဆောင်ပေးနိုင်ခြင်း မရှိခဲ့ဘူး။ ဒါတွေဟာ အတိတ်သမိုင်းက အဖြေတွေပါပဲ။

မွန်ရဟန်းသံဃာတို့ရဲ့အလို၊ မွန်ပြည်သူတို့ရဲ့ဆန္ဒနဲ့ မွန်ဒီမို၊ မွန်ဒေသနှစ်ဖွဲ့လုံးရဲ့ သဘောထားအရ တရားဝင်မွန်နိုင်ငံရေးပါတီ တစ်ပါတီတည်းဖြစ်ရေး အာသီသချင်းတူညီ နေကြပါပြီ။ အရေးကြီးပြီ။ သွေးလဲနီးကြပြီ။ မွန်နိုင်ငံရေး ပလေယာများ ဘယ်လိုကစားကြမလဲ။ ပါဝါဂိမ်းလို့ သတ်မှတ်ပြီး ရှေ့ရင်မှားမယ်။ ဒီနေ့ မွန်နိုင်ငံရေးမှာ အသိုင်းအဝိုင်းအစုံက စတိတ်မင်းတွေ ထွန်းပေါက်လာကြပြီး အလုပ်ဖြစ်ရေးကသာ အရှေ့ဖြစ်တယ်။ ဗဟိုအစိုးရနဲ့ ပြည်နယ်အစိုးရကြားမှာ သီးခြားအင်စတီကျူးရှင်းအသက်ဝင်ရေးကသာ လက်ရှိ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး ကာလမှာ မွန်နိုင်ငံရေးပလေယာများ၊ သဘောထားပျော့ပြောင်းစွာ စိတ်ရှည်သည်းခံစွာ နိုင်ငံရေးအနုပညာမြောက်စွာနဲ့ မြန်မာ့ဒီမိုကရက်တိုက်ဇေးရှင်းရဲ့ ပိုလက်တစ်ကယ်ဂိမ်းကို ပါဝင်ကစားကြစေလိုကြောင်း အမြင်တင်ပြလိုက်ပါတယ်။



## ကုန်ဈေးနှုန်းသတင်း

**ရွှေ**

| | | |
|---|---|---|
| - ၁၆' ရည် အခေါက်ရွှေမီးလင်း | | ၇၁၇၀၀၀ိ/- |
| - ၁၅' ရည် အခေါက်ရွှေမီးလင်း | | ၆၅၀၀၀၀ိ/- |

**ဆန်**

| | | |
|---|---|---|
| - ပေါ်ဆန်းမွှေး | တစ်အိတ် | ၂၀၅၀၀ိ/- |
| - တောင်ပုံပေါ်ဆန်းမွှေး | ။ | ၂၁၀၀၀ိ/- |
| - ပေါ်ဆန်းဝါး | ။ | ၂၂၀၀၀ိ/- |
| - ဧည့်မထ(ဘန်ကောက်) | ။ | ၁၃၅၀၀ိ/- |
| - ကမာကြည် | ။ | ၁၈၀၀၀ိ/- |
| - ကောက်ကြီး | ။ | ၁၈၅၀၀ိ/- |

**ဓါတ်ဆီ**

| | | |
|---|---|---|
| - အဖြူ | တစ်ဂါလံ | ၃၉၀၀ိ/- |
| - အနီ/အဝါ | ။ | ၃၇၀၀ိ/- |

**အိမ်ဆောက်ပစ္စည်းများ**

| | | |
|---|---|---|
| ဘိလပ်မြေ | | |
| - ထိုင်း (ဆင်တံဆိပ်) | တစ်အိတ် | ၄၉၀၀ိ/- |
| - ကြံ့တံဆိပ် | ။ | ၃၈၀၀ိ/- |
| ထုံး | ။ | ၁၀၀၀ိ/- |
| အုတ် | တစ်လုံး | ၅၅ိ/- |
| သဲ | တစ်ကျင်း | ၃၅၀၀ိ/- |
| ကျောက် | ။ | ၂၅၀၀၀ိ/- |
| သွပ်ပြား (ရိုးရိုး) | တစ်ပေ | ၅၀၀ိ/- |
| သွပ်ပြား (ထိုင်း M.C) | ။ | ၅၁၀ိ/- |

**အထက်ဖော်ပြပါ ဈေးနှုန်းများသည် (၂၈-၄-၂၀၁၂)နေ့ တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး အနည်းငယ် အတိုးအလျော့ ရှိနိုင်ပါသည်။**

## ရေးဒူးရင်းသီးအထွက်စောသော်လည်း အရောင်းအေး



ဓါတ်ပုံ - သားစိုး

မွန်ပြည်နယ်၏ထွက်ကုန်တစ်ခုဖြစ်သော ရေးဒူးရင်းသီးမှာ ယခုနှစ်အတွင်း စောစီးစွာဈေးကွက်အတွင်းသို့ရောက်ရှိပြီး ရောင်းနေကြသော်လည်း လက်လီဈေးကွက်မှာ အရောင်းအေး လျက်ရှိကြောင်းသိရသည်။

ဒူးရင်းသီး သာမန်အရွယ်တစ်လုံး (၁၅၀ိ/) ခန့်ဈေး ပေါက်နေခြင်း၊ ယခုနှစ်နွေရာသီမှာ ပူပြင်းလွန်းနေခြင်းတို့ကြောင့် တော်ရုံလူများဒူးရင်းသီးဝယ်မစားရဲကြသဖြင့် အရောင်းအေး လျက်ရှိကြောင်း မော်လမြိုင်မြို့ မြို့ရတနာဈေးရှေ့မှ ဒူးရင်းသီး ရောင်းချသူတစ်ဦးက ပြောသည်။

**သံလွင်မောင်**

## တန်ဖိုးနည်း GSM ဖုန်းများအဝယ်တဖြည်းဖြည်း နည်းပါးလာ

တန်ဖိုးနည်း ငွေကျပ် (၂)သိန်းတန် ဖုန်းကတ်များကို မော်လမြိုင်မြို့ရှိ မိုဘိုင်းဖုန်းကတ် အရောင်းဆိုင်များတွင် ရောင်းချခဲ့ရာ စတင်ရောင်းချစဉ်က ဝယ်ယူသူများပြား ခဲ့သော်လည်း ယခုအချိန်တွင် ဝယ်ယူသူ တဖြည်းဖြည်း နည်းပါးလာပြီဖြစ်ကြောင်း မော်လမြိုင်မြို့ အောက်လမ်းမကြီးရှိ ကျော် မိုဘိုင်းဖုန်းကတ်အရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ငွေကျပ် (၂)သိန်းတန် GSM ဖုန်းကတ်များ စတင်ရောင်းချသည့် မတ်လ (၁၄)ရက်နေ့မှ ဧပြီလ (၂၀)ရက်နေ့ထိဖုန်းကဒ် ပေါင်း(၂၀၀၀၀)ကျော် ရောင်းချခဲ့ပြီးဖြစ်ကြောင်း။ မွန်ပြည်နယ်အတွင်း ဖုန်းအလုံးရေမည်မျှရောင်းချပေးမည်ကို မသိရသော်လည်း သုံးစွဲသူများလိုအပ်သလောက် ရောင်းချပေးနိုင်မည်ဖြစ်ကြောင်း၊ လောလောဆယ်တွင် အင်တာနက်ချိတ်ဆက်အသုံးပြု၍ မရသေးကြောင်း၊ ငွေကျပ်(၂၅၀၀၀ိ/)တန် WCDMA ဖုန်းကတ်များကို ဧပြီလ(၉)ရက်နေ့မှ စတင်ရောင်းချခဲ့ရာ ယနေ့အထိ ဖုန်းကဒ်ပေါင်း (၁၀၀၀)ခန့်သာ ရောင်းချရသေးကြောင်း၊ လောလောဆယ်တွင် Video Call နှင့် Internet မရသေးကြောင်း၊ မကြာမီရရှိလိမ့်မည်ဟုထင်ကြောင်း ဆက်လက်ပြောကြားသည်။

"မော်လမြိုင်မှာ (၂)သိန်းတန်ဖုန်းကဒ်ဝယ်ရတာ အတော်အဆင်ပြေတယ်၊ ချက်ချင်းရတယ်၊ ကျွန်မတို့အရင်က ဆက်သွယ်ရေးမှာ ဖုန်းဝယ်ဖူးပါတယ်၊ အခုဝယ်ရတာနဲ့ဘာမှမဆိုင်ပါဘူး"ဟု ကျောက်တန်းရွာနေ ဒေါ်လှရှိန်ကပြောသည်။

**သံလွင်မောင်**




## တိုးမြှင့်လိုက်သော ပွဲကျဈေးကောက်နှုန်းများက လက်လုပ်လက်စားပွဲကျဈေးသည်များအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေ




ဓါတ်ပုံ - သားစိုး

ယခုနှစ် ၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ်၊ စည်ပင်သာယာရေး အခွန်အရပ်ရပ်အား လေလံစနစ်ဖြင့် ရောင်းချခြင်းကို ပြီးခဲ့သော ဖေဖော်ဝါရီလနှင့် မတ်လအတွင်းက မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပြုလုပ်ခဲ့ရာ စီးပွားရေးလုပ်ငန်းရှင်များမှာ မိမိတို့လုပ်ငန်းရရှိရေးတစ်ခုသာကြည့်ပြီး အပြိုင်အဆိုင်ဈေး ပေးဝယ်ယူခဲ့ခြင်းများကြောင့် လေလံဈေးနှုန်းများ အဆမတန် မြင့်တက်ခဲ့ကြောင်း သိရသည်။

"ဈေးပြိုင်စနစ်က ကောင်းတယ်ဆိုပေမယ့် အားလုံးကကိုယ်ရဖို့တစ်ခုတည်းကိုကြည့်ပြီး ဈေးတွေမတန်တဆ ဖွတ်ပေးနေကြတယ် ဈေးတွေအပြိုင်ပေးတော့ လေလံဈေးတွေက အဆမတန် မြင့်တက်သွားတယ်၊ မနှစ်က (၁၉)သိန်းလောက်ရှိတဲ့လေလံက အခုနှစ် သိန်း(၁၀၀)နဲ့ဆွဲတယ်၊ ဘယ်လောက်ကွာသွားပြီလဲ၊ သိန်း(၈၀)ကျော်ကွာတယ်၊ မနှစ်က သိန်း(၅၀) မပြည့်တဲ့ဈေးကောက်ကို ဒီနှစ် သိန်း(၄၂၅)သိန်းဆိုတော့ သူတို့အားလုံးက လုပ်ငန်းရဖို့ပဲ အရေးကြီးတယ်ဆိုတာမျိုး ဖြစ်နေတယ်၊ ကျသင့်တဲ့ နှုန်းထားပေါ်မှာ တွက်ပြီး ကိုက်အောင်(အမြတ်ရအောင်)ပြန်ရှာမယ်ဆိုတာမျိုးဆိုတော့ သူတို့ (လုပ်ငန်းရှင်)တွေက လုပ်ချင်သလိုလုပ်ပြီး နစ်နာစရာရှိဈေးသည်တွေ ပြည်သူတွေပဲနစ်နာစေဆိုတာမျိုးဖြစ်နေတယ်"လို့ ဒေသခံတစ်ဦးက ပြောသည်။

လုပ်ငန်းရှင်များ အပြိုင်အဆိုင် လေလံဆွဲခဲ့မှုကြောင့် လေလံဈေးနှုန်းများ အဆမတန်မြင့်တက်လာခဲ့ခြင်းကြောင့် ပြည်သူများအပေါ်ကောက်ခံသော ဈေးကောက်များ၊ ယာဉ်ဝင်ရပ်နားခများကဲ့သို့သော အခွန်နှုန်း ထားများမှာလည်း မြင့်မားလာခဲ့ကြောင်း၊ ဧပြီလ (၁)ရက်နေ့မှ စတင်တိုးမြှင့်ကောက်ခံလျက်ရှိသော ပွဲကျဈေးကောက်နှုန်းထားများကြောင့် လက်လုပ်လက်စား ပွဲကျဈေးသည်များ အခက်ကြုံတွေ့လျက်ရှိကြောင်းသိရသည်။

"သူတို့ လောဘကြီးပြီးတော့ မရအရ ဈေးပေးပြီး ပြိုင်ဆွဲကြတော့ လေလံ ဈေးတွေက အဆမတန်မြင့် တက်သွားတယ်၊ သူတို့ လောဘကြီးတာက အကြောင်းမဟုတ်ပေမယ့် ကျွန်မတို့အတွက်က တစ်အားနစ်နာတယ်၊ အခုကြည့် မနှစ်က ဈေးကောက် တစ်ရက်ကို (၁၀၀)ပဲ ပေးရတယ်။ အခု ဒီနှစ် (၃၀၀)တဲ့၊ တစ်ချို့ဆိုင်ဆို ဆိုင်နည်းနည်းကြီးရင် (၅၀၀) ပေးရတယ်။ သူတို့ဟာ သူတို့ အလုပ်အယက် အပြိုင်အဆိုင် လုပ်ကြပြီး ကျွန်မတို့က စိုက်ပေးနေရသလို ဖြစ်နေတယ်။ နောက်တစ်ခုက ဒီတစ်ရာနှစ်ရာက တစ်ရက်ချင်းအတွက် အကြောင်းမဟုတ်ပေမယ့် တစ်ရက် (၃၀၀)က တစ်လဆို (၉၀၀၀)ပဲ နှစ်နဲ့ဆို တစ်သိန်းကျော် သွားပြီ ဒီတော့ ကျွန်မတို့လို မရှိဆင်းရဲသား ဈေးသည်တွေအတွက်က သိသာလှတယ်၊ တစ်ချို့က ဆိုင်ခန်းမငှားနိုင်လို့ လမ်းဘေးမှာ ပွဲကျရောင်းတာတစ်ရက် (၅၀၀) တစ်လ (၁၅၀၀၀)ဆိုတာ ဆိုင်ခန်းကောင်း ကောင်း တစ်ခန်းငှားလို့ရတယ်"လို့ မောင်ငံဈေးမှ ပွဲကျဈေးသည် တစ်ဦးကပြောသည်။

မြို့နယ်အတွင်း ဈေးကောက်နှုန်းမြင့်တက်လာခဲ့မှုနှင့် ပတ်သက်၍ အငြိမ်းစား ဝန်ထမ်းတစ်ဦးကလည်း "နိုင်ငံတော်အတွက် ရသင့်ရထိုက်တဲ့ အခွန်ငွေ မှန်မှန်ကန်ကန်ရဖို့ အတွက် အခုလိုပွင့်လင်းမြင်သာတဲ့ ဈေးပြိုင်စနစ်က ကောင်းတယ်ဆိုပေမယ့် ပြည်သူတွေဘက်က မနစ်နာဖို့လည်းလိုတယ်။ ဆွဲချင်သလိုဆွဲ၊ ကောက်ချင်သလိုကောက် အခွန်ရရင်ပြီးရောဆိုတာမျိုးတော့ မဖြစ်သင့်ဘူး။ စည်းနဲ့ဘောင်နဲ့ ဘယ်လောက်ကောက်ရမယ် ဘယ်လောက်ယူရမယ် ဆိုတာမျိုးပေါ့၊ ဥပမာ ဈေးကောက် (၁)ပေပတ်လည်ကို ဘယ်လောက်နှုန်းနဲ့ကောက်ပေါ့၊ တံတားကြေးတို့ ယာဉ်ဝင်ကြေးတို့ဆိုလည်း ကားတစ်စီးကို ဘယ်လောက်ပဲကောက် ပိုမကောက်ရဘူး ဆိုတာမျိုး စည်းကမ်းသတ်မှတ်ပေးထား သင့်တယ်အခုက ကောက်ခါနီး (၁)ရက်နေ့ ရောက်ခါနီးမှ ဈေးကောက်ဒီလောက်ကောက်မယ် မပေးနိုင်တဲ့သူ ရောင်းလို့မရဘူးဆိုတာမျိုး တော့ မဖြစ်သင့်ဘူး"ဟု ထပ်မံပြောသည်။

**ရွှေမြိုင်သားစိုး**

# အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဗညားအောင်မိုးနှင့် တွေ့ဆုံမေးမြန်းခြင်း

**တွေ့ဆုံမေးမြန်းသူ- မောင်မှိုင်း (ရာမညမြေ)**

မြန်မာ့နိုင်ငံရေးအခင်းအကျင်းသစ်နှင့်အတူ ၂၀၁၀ ရွေးကောက်ပွဲမှ ထွက်ပေါ်လာသောပြည်သူ့ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံတော်နှင့်ပြည်သူလူထုအကျိုးစီးပွားအတွက် မိမိတို့သက်ဆိုင်ရာလွှတ်တော်အသီးသီးတွင် မေးခွန်းထုတ်ခြင်း၊ အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ လွှတ်တော်မှတာဝန်ပေးအပ်သောလုပ်ငန်းကော်မတီများတွင်ပါဝင်ဆောင်ရွက်ခြင်းများကို မိမိတို့ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်နေကြရာတွင် မွန်ပြည်နယ်မှ ရွေးကောက်တင်မြှောက်ခံရသော လွှတ်တော်ကိုယ်စားလှယ်များအနက်မှ လွှတ်တော်တွင် တင်ပြဆွေးနွေးမှု အများဆုံးရှိခဲ့သည့်ကိုယ်စားလှယ်များတွင် တစ်ဦးအပါအဝင်ဖြစ်သူ ဒေါက်တာဗညားအောင်မိုးအား သံလွင်တိုင်းမ်မှ တွေ့ဆုံမေးမြန်းခဲ့သည့် အကြောင်းအရာများကို စာဖတ်ပရိသတ်များအတွက် တင်ပြလိုက်ရပါသည်။



**တကယ်ဆိုရင် ဒီမိုကရေစီအင်အားစုတွေ ကြိုတင်ညှိနှိုင်းပြီး ရွေးကောက်ပွဲဝင်သင့်တယ်လို့ ထင်ပါတယ်၊ တိုင်းရင်းသားပါတီတွေနဲ့ ညှိနှိုင်းပြီး နေရာချသင့်တယ်။ ကိုယ်စားလှယ်လောင်းကိစ္စနဲ့ ပတ်သက်ပြီး တိုင်းရင်းသားပါတီတွေနဲ့ ညှိသင့်ပါတယ်။**

**ဆရာခင်ဗျာ ပထမဦးဆုံးအနေနဲ့ ဆရာ့ရဲ့ငယ်ဘဝနဲ့ ပညာသင်ကြားခဲ့တဲ့အကြောင်းလေးကို အရင်ပြောပြလို့ ရမလား ခင်ဗျာ။**

ကျွန်တော်က ရေးမြို့သားဖြစ်တော့ ငယ်ငယ်တုန်းကတော့ ရေးမြို့ ဝေါခေတ္တာကျောင်းမှာ မွန်စာကိုစပြီးသင်ပါတယ်၊ ပြီးမှ ရွာကလေးရပ် (အခု အောင်မင်္ဂလာရပ်)မှာရှိတဲ့ အစိုးရမူလတန်းကျောင်းမှာ တက်ပါတယ်၊ ရေး အ. ထ. ကမှာ (၇)တန်းအောင်ပြီး အစိုးရစကောလားရှစ် အထက်တန်းပညာသင်ဆုကိုရခဲ့ပါတယ်။ ၁၉၆၇ ခုနှစ်မှာ ရန်ကုန် မင်္ဂလာတောင်ညွန့် အ. ထ. က (၆) ကနေ ဆယ်တန်းကို သင်္ချာ၊ ဓါတု၊ ရူပ သုံးဘာသာဂုဏ်ထူးနဲ့ အောင်ပြီးတော့ ရန်ကုန်ဆေးတက္ကသိုလ် ၂ မှာတက်ပါတယ်၊ ၁၉၇၅ မှာ MBBS ဘွဲ့ရပါတယ်။

**ဆရာ့ရဲ့နိုင်ငံရေးအတွေ့အကြုံတွေနဲ့ နိုင်ငံရေးအပေါ် ဆရာ့ရဲ့ခံယူချက်တွေကိုရော ပြောပြပေးနိုင်မလား။**

နိုင်ငံရေးနဲ့ဆက်စပ်နေတဲ့ အမျိုးသားရေးလုပ်ငန်းတွေကိုတော့ တက္ကသိုလ်မှာကတည်းကလုပ်ခဲ့ပါတယ်။ မွန်စာပေနဲ့ယဉ်ကျေးမှု ကော်မတီမှာပါဝင်ပြီး စာ/ယဉ်လုပ်ငန်းတွေ တိုးတက်လာအောင်လုပ်ခဲ့တယ်၊ ၁၉၇၁ ခုနှစ်မှာ စတင်ဆောင်ရွက်ခဲ့တဲ့ မွန်အမျိုးသားဝတ်စုံပေါ်ပေါက်ရေးမှာ အားကြိုးမာန်တက်ပါဝင်ဆောင်ရွက်ခဲ့ပြီးတော့ မွန်ပြက္ခဒိန်စတင်ထုတ်ဝေရေး၊ မွန်မဂ္ဂဇင်းထုတ်ဝေရေးတွေ လုပ်ခဲ့ပါတယ်။ ၁၉၇၂ ခုနှစ်မှာ ဖားအောက်ရွာ နွေရာသီမွန်စာပေသင်ကြားရေးအတွက် ရှေ့ဆောင်ပါဝင်ခဲ့ပါတယ်။ ဒါ့အပြင် ၂၆ ကြိမ်မြောက်မွန်အမျိုးသားနေ့ကို ရန်ကုန်သိမ်ဖြူကွင်းမှာ စတင်ကျင်းပလာနိုင်အောင်လည်း စွမ်းဆောင်ပေးခဲ့ပါတယ်။ မွန်အမျိုးသားနေ့ အခမ်းအနားတွေကို နယ်တွေမှာ ပေါ်ပေါ်ထင်ထင် ကျင်းပလာနိုင်အောင် ကျောင်းသားဘဝမှာကတည်းက ဦးဆောင်ကြိုးစားခဲ့ပါတယ်။ ဒါ့ကြောင့် ၁၉၇၄ လောက်ကစပြီး နယ်တွေမှာ မွန်အမျိုးသားနေ့ ကျင်းပရေးကော်မတီတွေဖွဲ့ပြီး လုပ်လာနိုင်ကြပါတယ်။ ဘွဲ့ရပြီးနောက်ပိုင်း ၁၉၇၇ ခုနှစ်မှာ မွန်အမျိုးသားတွေရဲ့ တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက် မွန်ပြည်သစ်ပါတီထဲကို ဝင်ခဲ့ပါတယ်။ နောက်ပိုင်းမှာ ပါတီက အနားယူပြီး ကိုယ်တတ်တဲ့ပညာနဲ့ ဘုရားသုံးဆူဒေသ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေနဲ့ မွန်စာပေယဉ်ကျေးမှုကိစ္စတွေ ဆက်ပြီးလုပ်လာခဲ့တာ ၂၀၁၀ ရွေးကောက်ပွဲအထိပဲဆိုပါတော့။

**ဆရာ့အနေနဲ့ ကြုံခဲ့ဘူးတဲ့ အမှတ်တရအဖြစ်ဆုံး အပြောင်းအလဲတစ်ခုဆိုရင် ဘာဖြစ်မလဲဆရာ။**

၁၉၇၄ မှာ တော်လှန်ရေးအစိုးရရဲ့ အမွေခံ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (မဆလ) ဦးဆောင်တဲ့ လွှတ်တော်ပေါ်လာတယ်၊ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ မွန်ပြည်နယ်ပေါ်ပေါက်လာတာ သမိုင်းကဏ္ဍသစ်ဖြစ်လို့ အမှတ်တရဖြစ်ရတယ်။

**တိုင်းရင်းသားပါတီတွေဟာ ကိုယ့်လူမျိုးအတွက် အမျိုးသားရေးကိုပဲအာရုံစိုက်ပြီး ဒီမိုကရေစီအရေးကို ဦးစားမပေးဘူးလို့ တစ်ခါတစ်လေမှာ ဝေဖန်သံတွေကြားနေရတော့ ဆရာတို့ မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီ AMDP ပါတီရဲ့ တိုင်းရင်းသားအရေး ရပ်တည်မှုနဲ့ ဒီမိုကရေစီအရေး ဆက်စပ်ဆောင်ရွက်မှု တွေဘယ်လိုရှိသလဲဆိုတာ ရှင်းပြပေးပါလားခင်ဗျာ။**

AMDP က တိုင်းရင်းသားအရေးတစ်ခုထဲ မဟုတ်ဘဲ ဒီမိုကရေစီအရေးကိုလည်း လုပ်နေပါတယ်။ တန်းတူရေး သက်ရောက်လာအောင် ဒီမိုကရေစီအရေးနဲ့ တိုင်းရင်းသားအရေး တွဲလုပ်နေတယ်၊ တိုင်းရင်းသားတွေရဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အားကြိုးမာန်တက် ကြိုးစားနေသလို တိုင်းရင်းသားအရေးလုပ်နေချိန်မှာ ပြည်ထောင်စုအရေး မမေ့မပျောက် မဏ္ဍိုင်ထားပါတယ်။ ဒီမိုကရေစီ အရေးဆောင်ရွက်နေကြတဲ့ နိုင်ငံရေးပါတီအားလုံးနဲ့လည်း ပူးပေါင်းဆောင်ရွက်မှု ရှိနေပါတယ်။ အများစုအနိုင်ရထားတဲ့ အာဏာရထားတဲ့ပါတီကို ဒီမိုကရေစီအရေး ပိုပြီးကျယ်ကျယ်ပြန့်ပြန့် လုပ်လာအောင် အားပေးတိုက်တွန်းရင်း ပူးပေါင်းဆောင်ရွက်နေဆဲ ဖြစ်ပါတယ်။

**၂၀၁၀ ရွေးကောက်ပွဲကာလတုန်းက အမှတ်တရဖြစ်ရတဲ့ အကြောင်းတွေရှိရင် ပြောပြပေးနိုင်မလား ဆရာ။**

ပြည်သူလူထုရဲ့အားပေးမှုက မျှော်မှန်းထားတာထက် ပိုလာလို့ စိတ်ဓါတ်တက်ကြွခဲ့ပါတယ်။ မဲမပေးရေးဆန့်ကျင်လှုပ်ရှားမှုက အဟန့်အတားတစ်ခု ဖြစ်ခဲ့ပေမဲ့ နောက်ဆုံးတော့ ကျော်လွှားလာ နိုင်ခဲ့တယ်။

**လွှတ်တော်မှာ ဆရာ မေးခွန်းမေးခဲ့တဲ့အကြောင်းနဲ့ အဆိုတင်သွင်းခဲ့တဲ့အကြောင်းတွေကို ပြည်သူတွေ သိအောင် ပြောပြပါဦး ဆရာ။**

လွှတ်တော် ၂ ကြိမ်မှာ ကျွန်တော်အနေနဲ့ အမျိုးသားအရေးနဲ့ တိုင်းရင်းသားလူမျိုးအရေးအဆို၊ တိုင်းပြည်ငြိမ်းချမ်းရေးအတွက်အဆိုများစွာတင်ခဲ့ပါတယ်။ ဖွံ့ဖြိုးရေးနဲ့ ပတ်သက်တဲ့ အဆိုတွေလည်းပါတယ်၊ တိုင်းရင်းသားလူမျိုးရဲ့ ကလေးတွေ မိခင်ဘာသာစကား သင်ကြားခွင့်ရှိမရှိ၊ ပြည်နယ်တွေမှာ သက်ဆိုင်ရာ လူမျိုးတွေရဲ့ ပညာရေးဌာနနဲ့ အနုသုခုမတိုးတက်လာအောင် ဌာနများဖွင့်ပေးနိုင် မနိုင်၊ အဲဒါတွေကို အထောက်အကူပြုတဲ့ TV, Radio တလိုင်းစီ ပေးနိုင် မနိုင်၊ ပြည်တွင်းစစ်ငြိမ်းချမ်းရေး၊ အပစ်အခတ်ရပ်စဲရေးရအောင်လုပ်ဖို့ မေးမြန်းခဲ့၊ အဆိုတင်သွင်းခဲ့ပါတယ်။ အတိုက်အခံပါတီနဲ့ ပြဿနာဖြေရှင်းနိုင်အောင် အဆိုတင်ခဲ့ပေမယ့် ဆင်ဆာအဖြတ်ခံရတယ်။ ဖွံ့ဖြိုးရေးနဲ့ ပတ်သက်လို့ လွှတ်တော်ကိုယ်စားလှယ်တွေ တာဝန်ခွဲပြီး တင်ပြခဲ့ကြတဲ့နေရာမှာ မော်လမြိုင်မြို့အတွက် သဘော်ဆိပ်တစ်နေရာဆောက်ပေးဖို့၊ အခွန်ကိစ္စမှာ ပယ်လယ်ငါးဖမ်းသူများအတွက် တရားနည်းလမ်းကျတဲ့ အခွန်ငွေကောက်ခံဖို့ ပင်လယ်ရေလုပ်သားတွေရဲ့ နစ်နာမှုတွေကို ဖြေရှင်းနိုင်ဖို့အတွက်လည်း မေးခွန်းများမေးမြန်းခဲ့ပါတယ်။ ပြည်ထောင်စုလွှတ်တော်မှာ တစ်နိုင်ငံလုံးနဲ့ဆိုင်တဲ့ အဆို (၅)ခုတင်ရာမှာ- မြစ်ချောင်းအင်းအိုင်ထိန်းသိမ်းရေးအဆို အနိုင်ရခဲ့ပါတယ်။ ရပ်/ကျေးအုပ်ချုပ်ရေးဥပဒေအတွက် ရွေးချယ်တင်မြှောက်ရေး အဆိုမှာ ကပ်ပြီး ရှုံးခဲ့ပါတယ်။ ပြည်ထောင်စုလွှတ်တော်မှာ အမျိုးသားလွှတ်တော်ကိုယ်စား တင်ခွင့်ပြုဖို့အဆိုမှာတော့ အပြတ်အသတ်ရှုံးခဲ့ပါတယ်။

**ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်ကြားမှာ တစ်ခါတစ်လေသဘောထားမတူတာတွေ တွေ့ရတဲ့အပေါ် ဆရာ့ရဲ့အမြင်ကို သိပါရစေ။**

ဒါကတော့ ဒီမိုကရေစီနည်းအရဖြစ်နိုင်ပါတယ်။ သမားရိုးကျပါပဲ။ ပြဿနာမဟုတ်ပါဘူး။

**NLD ပါတီက ကြားဖြတ်ရွေးကောက်ပွဲ ဝင်လာတဲ့ အခင်းအကျင်းမှာ တိုင်းရင်းသားပါတီတွေအပေါ် ဘယ်လိုအကျိုးသက်ရောက်မှု ရှိလာနိုင်မယ် ဆိုတဲ့ ရှေ့အလားအလာကို ဆရာအနေနဲ့ သုံးသပ်ပြပါလား။**

NLD ပါဝင်လာတာက ကြိုဆိုပါတယ်၊ ပုဂ္ဂိုလ်အရရော ပါတီ သဘောထားအရရောပေါ့။ လွှတ်တော်မှာ ဒီမိုကရေစီ ပိုမိုရှင်သန် ဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေတယ်လို့ မြင်ပါတယ်။ တိုင်းရင်းသားပါတီတွေအတွက်တော့ တိုင်းရင်းသားပါတီတွေရဲ့ အရည်အချင်းပေါ်မူတည်ပါတယ်၊ ဘာပဲဖြစ်ဖြစ် အကောင်းဘက်ဖြစ်လာမယ်လို့ မျှော်လင့်ပါတယ်။

**NLD ပါတီရဲ့ တိုင်းရင်းသားဒေသတွေမှာ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မှုနဲ့ ပတ်သက်လို့ ဆရာဘယ်လိုမြင်ပါသလဲ။**

တကယ်ဆိုရင် ဒီမိုကရေစီအင်အားစုတွေ ကြိုတင်ညှိနှိုင်းပြီး ရွေးကောက်ပွဲဝင်သင့်တယ်လို့ ထင်ပါတယ်၊ တိုင်းရင်းသားပါတီတွေနဲ့ ညှိနှိုင်းပြီး နေရာချသင့်တယ်။ ကိုယ်စားလှယ်လောင်းကိစ္စနဲ့ ပတ်သက်ပြီး တိုင်းရင်းသားပါတီတွေနဲ့ ညှိသင့်ပါတယ်။

**စာမျက်နှာ ၁၀ သို့**

# "ကျွန်မတို့နဲ့အတူပူးပေါင်းပြီး တက်တက်ကြွကြွဖြင့်ဆောင်ရွက်မယ်ဆိုရင် အမြန်ဆုံးအောင်မြင်မယ်လို့ ယုံကြည်ထားပါတယ်"

မေးမြန်းသူ - သံလွင်အေး

၂၀၁၀ ရွေးကောက်ပွဲပြီးနောက် ပေါ်ပေါက်လာသော အရပ်သားအစိုးရခေါင်းဆောင် သမ္မတကြီး ဦးသိန်းစိန်နှင့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံပြီးနောက် သိသာထင်ရှားလာသော အပြောင်းအလဲများတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်လည်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေနှင့်အညီ ပြန်လည်လျှောက်ထားခဲ့ပြီး တရားဝင်နိုင်ငံရေးပါတီတစ်ခု ဖြစ်ခဲ့သလို ကြားဖြတ်ရွေးကောက်ပွဲတွင်လည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ထိုကြားဖြတ်ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုက်ရေစီအဖွဲ့ချုပ်မှ ၄၄ နေရာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ၄၃ နေရာအနိုင်ရရှိခဲ့သည်။ ထိုထဲမှ မော်လမြိုင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ခိုင်လုံမဲ (၇၂%)ဖြင့် အနိုင်ရရှိခဲ့သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဌေးကြွယ်နှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

**TLA** - *မင်္ဂလာပါခင်ဗျာ*
**DKHK** - မင်္ဂလာပါ။

**TLA** - *ပြီးခဲ့တဲ့ ကြားဖြတ်ရွေးကောက်ပွဲမှာ မဲနှင့် ပတ်သက်ပြီး အဆင်မပြေမှုတွေ ရှိခဲ့သလား။*
**DKHK** - မဲစာရင်းမှားနေတာတွေကို တွေ့ခဲ့ရပါတယ်။

**TLA** - *ဘယ်လိုပုံစံမျိုးလဲ မသိဘူးခင်ဗျ။*
**DKHK** - မဲဆန္ဒရှင်မရှိပဲ မဲစာရင်းမှာ ပါနေတာတွေ၊ မဲဆန္ဒရှင်နှစ်ခါထပ်နေတာတွေ၊ ကွယ်လွန်သူတွေ ပါနေတာတွေ၊ ပြောင်းရွှေ့သွားသူတွေ မဲစာရင်းထဲမှာပါနေတယ်။ အမှန်တကယ် နေပေမယ့်လည်း မပါနေတာတွေလည်း တွေ့ခဲ့ရတယ်။ ဒါတွေကိုလည်း အချိန်နဲ့တပြေးညီ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ နောက်တိုးစာရင်းတွေမှာ ပါအောင်လည်း ရာနူန်းပြည့် မပြုလုပ်နိုင်ခဲ့ပါဘူး။

**TLA** - *အခု အန်တီက ရွေးကောက်ပွဲမှာလည်း အနိုင်ရခဲ့တယ်ဆိုတော့ လွှတ်တော်ထဲကို ရောက်ရင် ဘယ်ကိစ္စတွေကို ဦးစားပေး တင်ပြဖြစ်မလဲ။ ဒါမဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပတ်သက်ပြီး ဘယ်အပိုင်းကို ဦးစားပေး ပြင်ဆင်ဖို့ စဉ်းစားထားသလဲ။*
**DKHK** - ကျွန်မတို့ ရွေးကောက်ပွဲ ကြေငြာစာတမ်းမှာလည်း ကြေငြာထားပါတယ်။ အဲဒီ ကြေငြာစာတမ်းမှာ ထိပ်ဆုံးကပါတဲ့ တရားဥပဒေစိုးမိုးရေးကို ဦးစားပေးလုပ်ဆောင်သွားမှာပါ။ တရားဥပဒေစိုးမိုးရေးက ကျွန်မတို့ မြန်မာနိုင်ငံသားအားလုံး အတွက် အထူးပဲ အရေးပါနေပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပတ်သက်ပြီး ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ စုပေါင်းဆွေးနွေး ပါအုံးမယ်။

**TLA** - *မော်လမြိုင်မြို့နယ်မှာ အနိုင်ရတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ မော်လမြိုင်မြို့အတွက် ဘာတွေ ဆောင်ရွက်ပေးသွားဖို့ စဉ်းစား ထားသလဲခင်ဗျ။*
**DKHK** - ကျွန်မတို့ ပါတီက ဒီကြားဖြတ်ရွေးကောက်ပွဲ မတိုင်မီကမှ ပါတီပြန်ပြီးတော့ မှတ်ပုံတင်တယ်ဆိုတော့ လူထုကြားထဲမှာ လှုပ်ရှားမှု အားနည်းခဲ့ပါတယ်။ ဒီတော့ ကျွန်မက ဒီမော်လမြိုင်မြို့ရဲ့ လိုအပ်ချက်တွေ၊ ပြည်သူလူထုရဲ့ လိုအပ်ချက်တွေကို ကျွန်မတို့ သေချာလေ့လာနေပါတယ်။ ပြီးတော့ ပြည်သူလူထုနဲ့လည်း တိုက်ရိုက် ထိတွေ့မယ်။ ကျွန်မတို့ လေ့လာတဲ့ထဲက ထွက်ရှိလာတဲ့ ရလဒ်ရယ် ပြည်သူလူထုရဲ့ လိုအပ်ချက်တွေထဲကမှ ဦးစားပေးအချက်တွေကို ရွေးထုတ်ပြီး အရေးကြီးကိစ္စရပ်များကို ဦးစားပေး ဆောင်ရွက်သွားပါမယ်။

**TLA** - *NLD အနေနဲ့ အခုအရပ်သား အစိုးရကြိုးပမ်းဆောင်ရွက်နေတဲ့ တိုင်းရင်းသားတွေနဲ့ ငြိမ်းချမ်းရေး ဖော်ဆောင်တဲ့ လုပ်ငန်းစဉ်တွေမှာ ဘယ်လိုပါဝင်ဖို့ လုပ်ငန်းစဉ်ချထားလဲခင်ဗျ။*


ဓါတ်ပုံ - တီအယ်လ်အေ

**DKHK** - ပြည်တွင်းငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားများနဲ့ ငြိမ်းချမ်းရေးဖော်ဆောင်တဲ့ လုပ်ငန်းစဉ်တွေမှာ တိုင်းရင်းသားအဖွဲ့အစည်းတွေနဲ့ တွေ့ဆုံဆွေးနွေးပါမယ်။ လက်ရှိ လုပ်ဆောင်နေတဲ့ ငြိမ်းချမ်းရေးဖော်ဆောင်တဲ့လုပ်ငန်း စဉ်တွေကိုလည်း ကြိုဆိုပါတယ်။ အခု အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က KNU ကိုယ်စားလှယ်အဖွဲ့တွေနဲ့လည်း တွေ့ဆုံခဲ့ပါတယ်။ အခြားသော တိုင်းရင်းသားအဖွဲ့အစည်းတွေနဲ့လည်း တွေ့ဆုံဆွေးနွေးသွားမှာပါ။

**TLA** - *ဒီကြားဖြတ်ရွေးကောက်ပွဲအပြီး တက်ရောက်ရမယ့် လွှတ်တော်မှာ တိုင်းရင်းသားအရေးနဲ့ ပတ်သက်ပြီးဘာတွေများ အထူးအထွေ ဆောင်ရွက်သွားဖို့ အစီအစဉ်ရှိလဲ။*
**DKHK** - တိုင်းရင်းသားအရေးကိစ္စက ကျွန်မတို့တိုင်းပြည်အတွက် အရမ်းအရေးပါပါတယ်။ ကျွန်မတို့အဖွဲ့ချုပ်ကလည်း ဒီတိုင်းရင်းသားအရေးကို အစဉ်အမြဲအလေးထား ဆောင်ရွက်ပါတယ်။ လွှတ်တော်မှာလည်း တိုင်းရင်းသားအရေးနဲ့ ပတ်သက်ပြီး တင်ပြပြောဆိုသွားဖို့ အစီအစဉ်ရှိပါတယ်။ အထူးသဖြင့် ကျွန်မက မွန်ပြည်နယ်က မွန်းတိုင်းရင်းသားအရေးနဲ့ ပတ်သက်ပြီး လွှတ်တော်မှာ မွန်ပါတီက ကိုယ်စားလှယ်တွေနဲ့ညှိနှိုင်းဆောင်ရွက်သွားမှာပါ။

**TLA** - *သံလွင်တိုင်း(မ်)ဂျာနယ်ကနေပြီးတော့ မဲဆန္ဒရှင် ပြည်သူလူထုကို ဘာများပြောကြားလိုလဲခင်ဗျ။*
**DKHK** - မဲဆန္ဒရှင် ပြည်သူလူထုက နိုင်ငံရေးအသိစိတ်ဓါတ်နိုးကြားပြီးတော့ တက်တက်ကြွကြွနဲ့ ကျွန်မကို မဲပေးတဲ့အတွက် အရမ်းပဲ ကျေးဇူးတင်ပါတယ်။ အခု မြန်မာနိုင်ငံကြီး အလျှင်အမြန် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းစဉ်တွေမှာ ကျွန်မတို့လို ပါတီအဖွဲ့အစည်းတွေ၊ လူမှုအဖွဲ့အစည်းတွေ၊ အာဏာပိုင်အဖွဲ့အစည်းတွေနဲ့တကွ လူထုလူတန်းစားအသီးသီးကလည်း တက်တက်ကြွကြွ၊ ညီညီညွတ်ညွတ်နဲ့ ပူးပေါင်းဆောင်ရွက်ပေးကြပါ။ ကျွန်မတို့ အဖွဲ့ချုပ်က ပြည်သူလူထုကို ယုံကြည်ထားပါတယ်။ ကျွန်မတို့နဲ့အတူ ပူးပေါင်းပြီး တက်တက်ကြွကြွဖြင့် ဆောင်ရွက်မယ်ဆိုလျှင် အမြန်ဆုံး အောင်မြင်မယ်လို့ ယုံကြည်ထားပါတယ်။ မော်လမြိုင်မြို့နယ် ပြည်သူလူထုအတွက်သာမက မွန်ပြည်နယ်အတွက် မြန်မာတစ်နိုင်ငံလုံးအတွက် အကျိုးရှိမယ့် ဥပဒေတွေကို လွှတ်တော်မှာ တင်ပြ ဆောင်ရွက်သွားပါမယ်လို့ မဲဆန္ဒရှင်အားလုံးကို ပြောကြားလိုပါ တယ်။ ကျေးဇူးတင်ပါတယ်။

**TLA** - *အခုလိုဖြေကြားပေးတဲ့ဆရာကို ကျွန်တော်တို့ သံလွင်တိုင်းမ်က အထူးကျေးဇူးတင်ပါတယ်ခင်ဗျာ။*

## ဒေါက်တာဗညားအောင်မိုးနှင့် တွေ့ဆုံမေးမြန်းခြင်းအဆက်-

**အခုဆိုရင် အနောက်ဒီမိုကရေစီ အင်အားကြီးနိုင်ငံတွေဆီက အဆင့်မြင့်အရာရှိကြီးတွေရဲ့ သမိုင်းဝင်လာရောက်မှုတွေရှိနေပါပြီ၊ ဒီလိုလာရောက်မှုဟာ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအနာဂတ်ခရီးနဲ့ ပြည်သူလူထုရဲ့ မျှော်လင့်ချက်တွေအတွက် ဘယ်လောက်အထိ မျှော်လင့်နိုင်မလဲဆိုတဲ့ အပေါ် ဆရာ့ရဲ့အမြင်ကို ပြောပြပေးနိုင်မလားခင်ဗျာ။**

အစိုးရရော၊ တိုင်းရင်းသားအင်အားစုတွေ အခြား ဒီမိုကရေစီအင်အားစုတွေကို တွေ့ပြီး ညှိပေးတာက အလားအလာကောင်းပါတယ်၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေ အားရှိသွက်လက်လာမယ်၊ မြန်ဆန်လာမယ်။ ဒါကြောင့်မို့ ပြည်သူလူထုရဲ့မျှော်လင့်ချက်ကို အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းပေးနိုင်မယ်လို့ ယူဆပါတယ်။

**အခုလက်ရှိ ကျွန်တော်တို့ပြည်သူတွေရဲ့ နိုင်ငံရေး နိုးကြားမှုအပေါ် ဆရာဘယ်လိုမြင်ပါသလဲ။ တကယ်လို့ လိုအပ်ချက် ရှိနေသေးတယ်ဆိုရင် ဘယ်လိုဖြည့်ဆည်းပေးသင့်ပါသလဲ။**

အားနည်းနေသေးတယ်၊ ဘာကြောင့်လည်းဆိုတော့ စတပ်အုပ်ချုပ်ရေးအောက်မှာ နေခဲ့ရတာကြာလို့ အကြောက်တရား မကင်းသေးဘူး။ ၂၀၁၀ မတိုင်ခင်နဲ့ နှိုင်းရင်တော့ အခုအများ ကြီးနိုးကြားလာတယ်။ နိုင်ငံရေးအမြင်ပိုပြီး နိုးကြားလာဖို့အတွက် ဒီမိုကရေစီအင်အားစုတွေ ဦးဆောင်ပညာပေးလှုပ်ရှားဖို့လိုတယ်။ အစိုးရကလည်း ပြည်သူတွေကို လမ်းဖွင့်ပေးဖို့၊ တိုက်တွန်းနိုးဆော်ဖို့လိုပါတယ်။

**နောက်ဆုံးမေးခွန်းအနေနဲ့ ၉၀ ခုနှစ်မှာ ရွေးကောက်ပွဲဝင်ခဲ့တဲ့ အဖျက်သိမ်းခံ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့က ပါတီတရားဝင် ရပ်တည်ရေးအတွက် ပါတီမှတ်ပုံတင်ဖို့ ကြိုးစားနေသလို တစ်ဖက်မှာလည်း မွန်တိုင်းရင်းသားကိုယ်စားပြု ပါတီတစ်ခုတည်း ဖြစ်ရေးကိုလည်း ပြောနေတယ်လို့သိရပါတယ်။ အဲဒီအပေါ် ဆရာ့ရဲ့အမြင်ကို ပြောပြပေးပါခင်ဗျာ။**

MNDF က ပြန်လည်ဖွဲ့စည်းပြီး မှတ်ပုံတင်မယ်ဆိုရင် ကန့်ကွက်စရာမရှိပါဘူး။ အမြင်အရတော့ တစ်ပါတီဘဲဖြစ်ရင် ပိုအကျိုးရှိမယ်။ ကျွန်တော့အမြင်က MNDF နဲ့ AMDP က လမ်းစဉ်တူတယ်၊ စည်းမျဉ်းစည်းကမ်း ထိန်းသိမ်းမှုအတူတူကျင့်သုံးပြီး တစ်ပါတီထဲ ဖြစ်ချင်တယ်။ အနိမ့်ဆုံး တစ်ပါတီမဖြစ်နိုင်ရင်တောင် အချင်းချင်း အနီးကပ်ပူးပေါင်း အလုပ်လုပ်နိုင်ဖို့အတွက် ရွေးကောက်ပွဲအောင်နိုင်ရေး ကော်မတီကတဆင့် တွဲလုပ်သွားကြဖို့ လိုမယ်ထင်ပါတယ်။

# ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေများကိုချဉ်းကပ်ခြင်း

■ ကျော်စံဝင်း

နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေများတွင် ယေဘုယျအားဖြင့် အခန်းကဏ္ဍများ၊ ပုဒ်မများ၊ ပုဒ်မခွဲများ၊ ပြဋ္ဌာန်းချက်များ၊ မူဝါဒများ၊ ဥပဒေပြုစာရင်းများနှင့် အခွန်စာရင်းများ စသည်ဖြင့် ရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံသားတိုင်း ကျင့်သုံးလိုက်နာရမည့် အချက်များကို ဖော်ပြရေးသားထားခြင်းလည်း ဖြစ်သည်။ သာမန်အားဖြင့် နိုင်ငံသားတိုင်း ဖတ်ရှုလေ့လာကြည့်လျှင် အလွယ်တကူနားလည်းနိုင်စေရန် ရေးသားထားရာ သာမန်အားဖြင့် ကြည့်ရှုလေ့လာမည်ဆိုပါက ဖော်ပြပါ အခန်းကဏ္ဍများ၊ ပုဒ်မများ၊ ပုဒ်မခွဲများ၊ ပြဋ္ဌာန်းချက်များ၊ မူဝါဒများ၊ ဥပဒေပြုစာရင်းများနှင့် အခွန်စာရင်းများသည် မည်သည့်စာမျက်နှာတွင် မည်သို့ရေးထားသည်၊ မည်သည့်အခွင့်အရေးများကို ပေးထားပြီး မည်သည့်အခွင့်အရေးများကို တားမြစ်ထားသည်၊ ပိတ်ဆို့ထားသည် စသည်ဖြင့်သာ မြင်နိုင် သိနိုင်မည်ဖြစ်ပြီး အနှစ်သာရသဘော (Concept)ကို နားလည်ရန် အတွက်ကားနောက်တစ်ဆင့်အနေဖြင့် ကြိုးစားရမည်ဖြစ်ရာ ခက်ခဲသကဲ့သို့ ရှိနေမည်ဟု နားလည်ရပေသည်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေများကို ပညာရပ်ဆိုင်ရာသဘောသဘာဝများအရသော်လည်းကောင်း (သို့) ပညာရှင်ရှုထောင့်မှသော်လည်းကောင်း ချဉ်းကပ်လေ့လာကြည့်မည်ဆိုပါက အဆိုပါ များပြောင်လှစွာသော စကားစုများ၊ စာပုဒ်များကို ခြုံငုံပြီး အနှစ်ချုပ်ကြည့်ပါက အုပ်စုကြီး (၃)စုသာလျှင် ကွဲပြားစွာ ရှိနေမည်ဖြစ်သည်။ အဆိုပါအုပ်စုကြီး (၃)စုမှာ-

(၁) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေများ၏ ဖွဲ့စည်းတည်ဆောက်ပုံ (Structure)

(၂) အချုပ်အချာအာဏာကြီး (၃)ရပ်၏ လုပ်ပိုင်ခွင့်များ ခွဲဝေထားပုံနှင့် စွမ်းဆောင်ရည် (Performance)

(၃) တန်ဆာဆင်ထားသော စာပိုဒ်များ၊ စကားစုများနှင့် ပြဋ္ဌာန်းချက်များ (Decorative) စသည်ဖြင့် အဓိကအုပ်စုကြီး (၃)စု ရှိနေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။

### (၁) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေများ၏ဖွဲ့ စည်းတည်ဆောက်ပုံ (Structure)

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေများ၏ ဖွဲ့စည်းတည်ဆောက်ပုံဆိုသည်မှာ တစ်နည်းအားဖြင့် ဆိုရလျှင် Content Lists (မာတိကာ) သဘောမျိုးဖြစ်သည်ဟု ယူဆရပေမည်။ ဆိုလိုချင်သည်မှာ မာတိကာတွင် ပါဝင်သည့် အခန်းများအတိုင်း အတွင်းစာမျက်နှာများတွင် အခန်းကဏ္ဍများ ခွဲခြားပြီး အသေးစိတ်ပြန်လည်ရှင်းလင်းထားချက်များဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။ ဥပမာ- အခန်း (၁) နိုင်ငံတော်အခြေခံမူများ၊ အခန်း (၂) နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ စသည်ဖြင့် ရေးသားထားခြင်းဖြင့် အခြေခံဥပဒေများတွင် မည်သည့်ကဏ္ဍကြီးများ ပါဝင်တည်ဆောက်ထားခြင်းကို ဖော်ပြထားခြင်း ဖြစ်သည်။ မည်သည့်အခန်းကဏ္ဍက အရင်လာသည်။ နောက်မှလာသည် ဆိုခြင်းမှာလည်း လေ့လာဖတ်ရှုသူအနေဖြင့် အပျော်ဖတ်ဝတ္ထုသဘောတရားကဲ့သို့ သဘောထားခြင်းသာ ဖြစ်သည်ဟု ယူဆရမည်။ ကောင်းခန်းကဖြင့် အရင်မလာဘူး၊ ဇာတ်သိမ်းကလာပြီစသည့် သဘောမျှသာဖြစ်သည်။ အထက်ပါ အခန်းကဏ္ဍများ အရင်လာခြင်း၊ နောက်မှလာခြင်းမှာ အဓိကမကျပါ။ အဘယ်ကြောင့်ဆိုသော် အခြေခံဥပဒေများတွင် ထည့်သွင်းထားသော အချက်များ၊ ဖွဲ့စည်းတည်ဆောက်ထားခြင်းများသည် နိုင်ငံနှင့် နိုင်ငံသားတိုင်း၏ အခြေခံအကျဆုံး အချက်များဖြစ်သည်ကို မမေ့သင့်ပေ။ သို့သော်ငြားလည်း အဆိုပါ အချက်များသည် ပုံစံတစ်ခုကို ပုံဖော်တည်ဆောက်ခြင်းသာဖြစ်ပြီး ထိုအချက်များဖြင့် တည်ဆောက်ရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသားအခွင့်အရေးများ ရရှိရေး အစရှိသည့်ကိစ္စများကို စွမ်းဆောင်ပေးနိုင်သည် မဟုတ်ပါ။ ဆိုရလျှင် လိုအပ်ချက်တစ်ခုဖြစ်ပြီး ပုံစံတစ်ခုကို အကောင်အထည်ဖော်ရန် အတွက်သာ ဖြစ်သည်။ အချုပ်အခြာအာဏာမဏ္ဍိုင်ကြီး ၃ ရပ် မည်သို့ အလုပ်လုပ်ရမည်ဆိုသော လုပ်ပိုင်ခွင့်သဘောတရားများ မဟုတ်ပေ။

### (၂) အချုပ်အခြာအာဏာကြီး ၃ ရပ်၏ လုပ်ပိုင်ခွင့်များ ခွဲဝေထားပုံနှင့် စွမ်းဆောင်ရည် (Performance)

နိုင်ငံတိုင်းတွင် အဓိက အချုပ်အခြာအာဏာမဏ္ဍိုင်ကြီး ၃ ရပ်ဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာစသည့် အဓိကမဏ္ဍိုင်ကြီးများသည် မိမိတို့ နိုင်ငံအသီးသီးတွင် နိုင်ငံတည်ဆောက်ရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံသားတိုင်းရသင့် ရထိုက်သော အခွင့်အရေးများကို အပြည့်အဝရရှိစေရေးအတွက် ကြိုးစားစွမ်းဆောင်လေ့ရှိကြသည်။ ထို့ကြောင့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေများတွင် အထက်ပါမဏ္ဍိုင် ၃ ရပ်ကို အမြင့်ဆုံး စွမ်းဆောင်ရည်များ ရရှိစေရန် ရည်ရွယ်ပြီး အချုပ်အချာအာဏာကြီး (၃)ရပ် အကြားတွင် ပြတ်သားစွာ ပိုင်းခြားကာ အချင်းချင်း အပြန်အလှန်ထိန်းကျောင်းစောင့်ကြည့် စေရန်အတွက် လုပ်ပိုင်ခွင့်များ၊ တာဝန်များကို တိတိကျကျ ပြဋ္ဌာန်းထားလေ့ရှိသည်။ ထိုကဲ့သို့ ပြဋ္ဌာန်းထားခြင်းများသည် နိုင်ငံရေးအသွင်သဏ္ဌာန် (Political Process) တစ်ခု တိတိကျကျ ထွက်ပေါ်လာပြီး အချုပ်အခြာအာဏာကြီး (၃)ရပ်၏ စွမ်းဆောင်ရည်ကို အမြင့်ဆုံး ဖြစ်စေရန် ရည်ရွယ်ထားခြင်း ဖြစ်သည်။ အချုပ်အခြာအာဏာကြီး ၃ ရပ် ပြတ်သားစွာပိုင်းခြားထားခြင်း မရှိပဲ တစ်ပေါင်းတစ်စည်းတည်း ကျင့်သုံးလျှင် Authoritarian Rule ခေါ် အာဏာပိုင်စနစ်ကို ဖြစ်ပေါ်လာစေနိုင်သည်။ ဆိုရပါလျှင် အခြေခံဥပဒေများတွင် ပြဋ္ဌာန်းထားသော အချက်များထဲမှ ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့၏ လုပ်ပိုင်ခွင့်များကို မည်မျှပေးထားသည် မည်ကဲ့သို့ ကန့်သတ်ထားသည်၊ အဆိုပါပေးထားသော လုပ်ပိုင်ခွင့်များ၏ အကျယ်အဝန်း မည်မျှရှိသည်၊ တစ်ခုနှင့်တစ်ခုအကြား မည်မျှပြတ်သားစွာ ပိုင်းခြားထားပြီး အချင်းချင်း မည်သို့စောင့်ကြည့်ထိန်းကျောင်းခွင့် ပြုထားသည် အစရှိသည့် အချက်များ (များစွာ ကျန်ပါသေးသည်၊ အခြေခံအကျဆုံးလုပ်ပိုင်ခွင့်များကိုသာ ဖော်ပြထားခြင်းဖြစ်ပါသည်)သည်သာ အခြေခံဥပဒေများ၏ မောင်းနှင်အား (သို့) အနှစ်သာရဖြစ်ပြီး နိုင်ငံတည်ဆောက်ရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို မည်သို့မည်ပုံ အကောင်းဆုံး စီမံခန့်ခွဲနိုင်ကြောင်းကို လေ့လာတွေ့ရှိနိုင်မည် ဖြစ်သည်။ အဆိုပါပေးထားသော လုပ်ပိုင်ခွင့် မူဘောင်အတွင်းမှ အမြင့်ဆုံး စွမ်းဆောင်ရည်ကို ရရှိစေရန် မည်သို့ကြိုးစားရမည် ဆိုသည်မှာမူ နိုင်ငံပြုပုဂ္ဂိုလ်များ၏ စွမ်းဆောင်ရည်ပေါ်တွင် များစွာမူတည်နေပေသည်။




အခြေခံဥပဒေများ၏ ပေးထားချက်များစွာထဲမှ မည်သည့်အချက်များက လုပ်ပိုင်ခွင့်များ၊ တကယ်အလုပ်လုပ်နိုင်သည့်အချက်များနှင့် အမြင့်ဆုံးစွမ်းဆောင်ရည်ရရှိစေရန် မည်သို့အားထုတ်နိုင်သည့်အချက်များဖြစ်သည်ကို နိုင်ငံပြုပုဂ္ဂိုလ်များအနေဖြင့် ရှင်းလင်းပြတ်သားစွာ နားလည်သိရှိထားရန်မှာ လွန်စွာအရေးကြီးပေသည်။

### (၃) တန်ဆာဆင်ထားသော စာပိုဒ်များ၊ စကားစုများနှင့် ပြဋ္ဌာန်းချက်များ (Decorative)

အမေရိကန်ပြည်ထောင်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အချုပ်အခြာအာဏာမဏ္ဍိုင်ကြီး ၃ ရပ်၏ လုပ်ပိုင်ခွင့်များ ခွဲဝေထားပုံနှင့် စွမ်းဆောင်ရည်တို့ကိုသာ အဓိကအားဖြင့် ရေးသားထားသည်ကို တွေ့ရပြီး တန်ဆာဆင်ထားသော စာပိုဒ်များ စကားစုများနှင့် ပြဋ္ဌာန်းချက်များ မပါသလောက်ပင်ဖြစ်သည်ကို တွေ့ရသည်။ သို့သော် ပေးထားသော လုပ်ပိုင်ခွင့်များကို အကျိုးရှိစွာ အသုံးချပြီး အမြင့်ဆုံးစွမ်းဆောင်ရည်များရရှိစေရန် အသုံးချကာ နိုင်ငံတည်ဆောက်ရေး လုပ်ငန်းစဉ်များတွင် ပညာသားပါပါ အသုံးချအားထုတ်ခဲ့ကြသောကြောင့် ယနေ့ကမ္ဘာပေါ်တွင် အများမြင်တွေ့နေရသော အခြေအနေသို့ ရောက်ရှိလာခဲ့ခြင်းကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်မည် ဖြစ်သည်။ ထို့ပြင် ဗုဒ္ဓဟောတော်မူခဲ့သော တရားဒေသနာတော် ပေါင်းမြောက်မြားစွာရှိနေသော်လည်း ထိုတရားဒေသနာတော်များအားလုံးကို အနှစ်ချုပ်ကြည့်လျှင်မူ (အပ္ပမာဒေန သမ္ပာဒေထ)

စာမျက်နှာ- ၂၃ သို့



# အချိန်တန်အိမ်ပြန်ရမည်

နေသန်မောင်

**အဘယ့်ကြောင့် အိမ်ပြန်ရမည်နည်းဆိုသည့် မေးခွန်းအတွက် အဖြေမှာ အိမ်ပြန်ချိန်တန်ပြီဟု ယူဆဖွယ်ရာ နိုင်ငံရေး၊ စီးပွားရေး၊ ပြုပြင်ပြောင်းလဲမှုများ ပေါ်ပေါက်နေသောကြောင့် ဖြစ်ပါသည်။**

မြန်မာနိုင်ငံအတွင်း အလုပ်အကိုင် အခွင့်အလမ်းများ ရှားပါးမှုကြောင့် ရေကြည်ရာ မြက်နုရာ အိမ်နီးချင်းနိုင်ငံများသို့ ရွှေ့ပြောင်းသွားခဲ့ကြသည်။ အထူးသဖြင့် ထိုင်းနိုင်ငံနှင့် နယ်စပ်ချင်းထိစပ်နေသော ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းမှ လုပ်သားထုကြီးသည် ၃ သန်းကျော်မျှသော ပမာဏ ကြီးကြီးမားမားဖြင့် ထိုင်းနိုင်ငံ၏ ရေထွက်လုပ်ငန်း၊ ဥယျာဉ်ခြံမြေလုပ်ငန်းများဆီသို့ ဝင်ရောက်လုပ်ကိုင်ကြသည်။

ထိုအခါ မြန်မာနိုင်ငံသည် လုပ်သားထုအင်အားပြုန်းတီးမှုကြီးကို အကြီးအကျယ် ရင်ဆိုင်လိုက်ရတော့သည်။ စစ်အာဏာရှင်၏ ဖိနှိပ်မှု ၂၃ နှစ်တာကာလအတွင်း နိုင်ငံကို စွန့်ခွာမှုသည် လွတ်မြောက်ရာ၊ ရှင်သန်ရာလမ်းကြောင်း ဖြစ်သော်လည်း ပြည်ပနိုင်ငံများသို့ ဆယ်စုနှစ်တစ်ခုကျော်ကြာ အခြေချပြီးသူများ အနေဖြင့် အိမ်ပြန်ချိန်တိုင်ပြီ ဖြစ်သည်။ အိမ်သာမှ ဧည့်လာမည်ဆိုသည့် စကားလို ဧည့်သည်တွေများပြားလာသော ယနေ့ မြန်မာပြည်၏ ပြုပြင်ပြောင်းလဲမှု ခေတ်သစ်တွင် ဧည့်ဝတ်ကျေရမည့် အိမ်ရှင်ကောင်းများ အိမ်ပြန်ရန်လိုလာခြင်း ဖြစ်သည်။ မြန်မာပြည်သည် ဆုတ်ယုတ်ကျဆင်းနေသော စီးပွားရေး အခြေအနေတစ်ခု ထူမတ်ရန် အချိန်ကောင်းတစ်ခုကို ရောက်ရှိနေသည်။ ထိုအခါ ပြည်ပနိုင်ငံများတွင် လုပ်ငန်းအတွေ့အကြုံနှင့် အရည်အချင်းများ တတ်မြောက်ထားပြီးဖြစ်သော နိုင်ငံသားများ အိမ်ပြန်လာရေးသည် မြန်မာပြည်ကြွယ်ဝချမ်းသာရေးဆိုသည့်အိပ်မက်နှင့် ထပ်တူကျနေသည်။

ထိုင်းနိုင်ငံသို့ အိမ်ဦးနှင့်ကြမ်းပြင်ပမာ သွားလာလုပ်ကိုင်နေသည့် မြန်မာနိုင်ငံ (အထူးသဖြင့် မွန်ပြည်နယ်၊ ပဲခူးတိုင်း)မှ လူငယ်လုပ်သားများ အိမ်ပြန်လာရေးသည် အနာဂတ်စီးပွားရေးအတွက် အလားအလာအကောင်းဆုံး ရေခံမြေခံများတွင် ပြန်လည်အသုံးချနိုင်ရေး အခွင့်အလမ်းကြီး ပေါ်ပေါက်စပြုနေသောကြောင့် ဖြစ်သည်။ လိုအပ်သော အတတ်ပညာနှင့် ကျွမ်းကျင်မှုတို့ရရှိနေသော ထိုလုပ်သားထုကြီး ပြည်တွင်းပြည်ဝင်ရေးသည် ပြည်တွင်းရှိ အသေးစား အလတ်စားစီးပွားရေးလုပ်ငန်းများ ခေါင်းထောင်ထလာရန် အဓိက ညွှန်းကိန်းဖြစ်နေသည်။

မြန်မာအစိုးရအနေဖြင့် နိုင်ငံတကာနှင့် ရင်ဘောင်တန်းနိုင်ရန် အနိမ့်ဆုံး လုပ်ခလစာ သတ်မှတ်ရေးနှင့် အလုပ်သမားအခွင့်အရေးများကို အပြည့်အဝရယူပြီး လုံခြုံအေးချမ်းစွာ လုပ်ကိုင်ရှာဖွေစားသောက်ဖို့သည် အခြေခံဖြစ်သည်။ မြန်မာနိုင်ငံသည် ဧည့်သည်များဖြင့် တိုင်းပြည်စီးပွားတိုးတက်အောင် လုပ်ဆောင်နိုင်မည် မဟုတ်ပါ။ ဧည့်သည်များဖြင့် တိုင်းပြည်ထူထောင်နိုင်မည် မဟုတ်ပါ။ ဧည့်သည်များတွင် အိမ်ရှင်တို့တွင်ရှိသည့် မျိုးချစ်စိတ် မရှိနိုင်ပါ။ ထို့ကြောင့် ဒီမိုကရေစီအခွင့်အရေးများ အပြည့်အဝရရှိအောင် စောင့်ဆိုင်းနေမည့်အစား ဒီမိုကရေစီအခွင့်အရေးကို ရရှိရန် ကူညီလုပ်ဆောင်ရသော တိုင်းပြည်ထူထောင်ရေးလုပ်ငန်းစဉ်၌ အိမ်ရှင်များ အိမ်ပြန်လာရေးသည် ကနဦးအဆင့် ဖြစ်ပါသည်။

အိမ်ရှင်တို့ အိမ်ပြန်ရောက်သောအခါ ခေါင်တွင် မိုးမလုံသည်၊ အိုးထဲတွင် ဆန်မရှိသည်ကို လက်တွေ့ဖြေရှင်းရမည်။ အိမ်တွင်ကျန်ခဲ့သည့် မိခင်ဖခင်တို့နှင့် ညီငယ်မောင်ငယ်တို့အတွက် စိတ်လုံခြုံမှုကို ပေးကြရဦးမည်။ ယင်းမှာ တိုင်းပြည်ပြန်လည်ထူထောင်ခြင်း၏ ပထမအဆင့်ဖြစ်နေသေးသည်။ အဘယ့်ကြောင့် အိမ်ပြန်ရမည်နည်းဆိုသည့် မေးခွန်းအတွက်အဖြေမှာ အိမ်ပြန်ချိန်တန်ပြီဟု ယူဆဖွယ်ရာ နိုင်ငံရေး၊ စီးပွားရေး၊ ပြုပြင်ပြောင်းလဲမှုများ ပေါ်ပေါက်နေသောကြောင့် ဖြစ်ပါသည်။

# အဖမ်းခံမြန်မာရွှေ့ပြောင်းလုပ်သားများရဲ့ဘဝ



ဓါတ်ပုံ-၀၀၅

အိမ်နီးချင်းထိုင်းနိုင်ငံသို့ သွားရောက်ပြီးအလုပ် လုပ်ကိုင်ကြသည့် မြန်မာ့ရွှေ့ပြောင်းလုပ်သားများနှင့် အလုပ်လုပ်ရန် သွားရောက်ကြဆဲ မြန်မာအများစုမှာ ဖမ်းဆီးခံနေကြရပြီး နယ်စပ်မြဝတီဖက်ကမ်းရှိ ဂိတ်တွင် မိမိကိုယ်ကို ရွေးယူနေရဆဲ ဖြစ်ကြောင်း သိရသည်။

ယခင်နှစ် အောက်တိုဘာလက ထိုင်းရေကြီးစဉ်က ပြန်လာသည့် ရေဘေးကြုံ မြန်မာများအား မြန်မာဖက်ကမ်းတွင် ငွေကြေး ပေးဆောင်နေရခြင်းမှ ကာကွယ်ရန် မြဝတီခရိုင်တာဝန်ရှိသူများက ချစ်ကြည်ရေးတံတားပေါ်မှ တရားဝင်လက်ခံ ကြိုဆိုခဲ့ရသည်။ သို့ဖြစ်၍ ငွေကြေးကောက်ခံမှုများ ယာယီပပျောက်ခဲ့သော်လည်း ယခုအခါ ပြန်လည်ပေးဆောင်ရဆဲဖြစ်ကြောင်း ထိုင်းးနိုင်ငံအတွင်း ဖမ်းဆီးခံရပြီး မြဝတီသို့ ရောက်ရှိလာသူများထံသို့ သိရသည်။

"ပြည်တွင်းမှာရှိတဲ့ ယာတော၊ ကိုင်းတောမှာ တစ်နှစ်လုံးလုပ်မှ ငွေတစ်သိန်း၊ နှစ်သိန်းလောက်ရတာ၊ သူများတွေလို ထိုင်းမှာ အလုပ်သွားလုပ်မယ်ဆိုပြီး ထွက်လာတာ၊ မြဝတီရောက်တော့ ပွဲစားတွေ စီစဉ်တဲ့ ခြေကျင်လမ်းက သွားရတယ်။ လက်ငင်းငွေ မချေနိုင်လို့ အကြွေးစနစ်နဲ့မို့ ဘတ် ၁၈၀၀၀ ပေးရပါမယ်။ တောထဲ တောင်ထဲ ခြေလျှင်သွားလိုက်၊ ကားနဲ့ သွားလိုက်နဲ့ သွားလာလိုက်တာ သုံးရက်မြောက်တော့ ထိုင်းပုလိပ်တွေရဲ့ ဖမ်းဆီးခြင်းခံရပါတယ်။ နိုင်ငံပေါင်းစုံမှ လူတွေချုပ်ထားတဲ့ နေရာမှာ ၈ ရက်ထားပြီးမှ မြန်မာဘက်ပို့တာပါ။ ထိုင်းပုလိပ်တွေ၊ ထိုင်းလူဝင်မှုကြီးကြပ်ရေးအဖွဲ့တွေက မြန်မာပွဲစားတွေရဲ့လက်ထဲ ပြန်ထည့်လိုက်တာ။ မြန်မာဖက်ကမ်း ၉၉၉ ဂိတ်မှာ တစ်ယောက်ဘတ် ၁၂၀၀နဲ့ ရွေးရပါတယ်။ ကိုယ့်ကိုကိုယ် ငွေရွေးယူပြီး ပြန်သွားသူတွေရှိသလို မရွေးနိုင်သူ တွေလည်းရှိပါတယ်။ ငွေမပါတဲ့ သူတွေအတွက် ငွေထုတ်ရွေးမဲ့ အဆက်အသွယ်ရှာခိုင်းတယ်။ အဆက်အသွယ်မရလို့ မရွေးနိုင်တဲ့ သူတွေကို ထိုင်းဖက်မှာရှိတဲ့ ကယ်ရီတွေနဲ့ ချိတ်ပြီး ရေလုပ်ငန်းတို့ အလုပ်ကြမ်းတို့မှာ ရောင်းစားကြတယ်လို့ ကြားဖူးတာကြောင့်၊ မိဘတွေဆီကို ဖုန်းဆက်ပြီး ငွေပို့ခိုင်းရပါတယ်။ မြဝတီက ပွဲစားတစ်ဦးရဲ့ မှတ်ပုံတင် နံပါတ်နဲ့ပါ။

ဒီကပြန်ရင်တော့ ကိုယ့်ဆီမှာရှိတဲ့ အလုပ်ဘဲ ကြိုးစားလုပ်ဆောင်ပါတော့မယ်" ဟု ဖြူးမြို့နယ်၊ ကြားအင်းရွာမှ ကိုမြတ်သူက ထိုင်းနိုင်ငံကို အထင်ကြီးပြီး သွားမိ၍ ကြုံတွေ့ခဲ့ရပုံများကို ပြောကြားခဲ့သည်။

"ဖမ်းဆီးပြီး ပြန်ပို့ခံရတဲ့ မြန်မာလုပ်သားတစ်ရာကျော်မှာ သုံးပုံနှစ်ပုံလောက်က မရွေးနိုင်ဘူး။ သူတို့ကယ်ရီတွေ စီစဉ်သလို ပြန်လိုက်သွား သူတွေလည်းရှိပါတယ်။" ဟု ဖမ်းဆီးခံရသူ ကမမောင်းမှ ကိုအောင်မြင့်ထွန်းက ပြောသည်။

ထိုင်းနိုင်ငံ နေရာအနှံ့အပြားတွင် မြန်မာအလုပ်သမားသုံးသန်းကျော် အလုပ်လုပ်ကိုင်လျက်ရှိရာ နည်းအမျိုးမျိုးဖြင့် ဖမ်းဆီးခံရသော မြန်မာလုပ်သားများ အပတ်စဉ်ရာချီ ပြန်ပို့ခံနေရကြောင်း သိရသည်။ ပြန်ပို့ခံ မြန်မာလုပ်သားများမှာ အဆိုပါ ဂိတ်ရှိပွဲစားများထံတွင် ငွေပေး၍ ရွေးယူရသလို၊ ကရင်သီချင်းခွေကိုလည်း နားမလည်ပေမယ့် မဝယ်မနေရ ဝယ်ယူနေရကြောင်း။ အထွက်ဂိတ်ဝတွင် တစ်ယောက်လျှင် ဘတ် ၂၀ ပေးရကြောင်းလည်းသိရသည်။

မြန်မာအလုပ်သမားအရေးတွင် နှစ်နိုင်ငံ အစိုးရ၏ တရားဝင် ညှိနှိုင်း ဆောင်ရွက်မှုပိုမိုကျယ်ပြန့်ဖို့ လိုအပ်ကြောင်း။ ငြိမ်းချမ်းရေးအမည်ခံ လူတစ်ချို့၏ လုပ်ဆောင်ချက်များမှာလည်း တရားမျှတမှုရှိရန် လိုအပ်ကြောင်း မြဝတီမြို့၊ အမှတ် (၄) ရပ်ကွက်မှာ စီးပွားရေးလုပ်ငန်းရှင် တစ်ဦးကပြောသည်။

***ရွှေသိန်း (မြဝတီ)***

# ယာယီနိုင်ငံကူးလက်မှတ်နှင့် ရွှေ့ပြောင်းလုပ်သားများဘဝ

နှစ်သစ်ကူးပွဲတော်ကာလ မွေးရပ်မြေသို့ ပြန်လာသူများသည် တရားဝင် ယာယီနိုင်ငံကူးလက်မှတ်များနှင့် ပြန်လာသူများဖြစ်ကြသည်။

"ကျွန်တော်တို့ ယာယီနိုင်ငံကူးလက်မှတ်တွေ တနှစ်ထက်တစ်နှစ် တန်ဖိုးမြင့်လာပါတယ်။ ယခင်နှစ်က အပြန်မှာ ဘတ် (၂၀)နဲ့ တံဆိပ်တုံးထုလို့ ရပေမယ့် ဒီနှစ်တော့ ဘတ် ၁၀၀ ထိ စာအုပ်တန်ဖိုးမြင့်သွားပါတယ်။ လူက အရမ်းများတော့ အချို့ဆို ပွဲစားနဲ့ လုပ်ခိုင်းလို့ ငွေပိုကုန်သေးတယ်"ဟု ကိုယ်တိုင်စာအုပ်တင်၊ တုံးထုခံခဲ့သူတစ်ဦးက ပြောသည်။

"ကိုယ့်ရပ် ကိုယ့်ရွာမှာ မိသားစုနဲ့ အတူနေချင်ပါတယ်။ မိဘ သားသမီးတွေနဲ့ ခွဲပြီး မနေချင်ပါဘူး။ ကိုယ့်ဆီမှာ အလုပ်ရှိ၊ စားလောက်တဲ့ လုပ်အားခ တွေရကြမယ်ဆိုရင် ကိုယ့်နိုင်ငံကို အပြေးပြန်လာကြမှာပါ။ ထိုင်းမှာလုပ်လို့ မိဘတွေဆီ ငွေပို့နိုင်ပေမယ့် နားချိန်မရှိအောင် လုပ်နေရပါတယ်။ ကုန်ထုတ်လုပ်တဲ့စက်ရုံတွေကြောင့် အခြေခံ အလုပ်သမား လိုအပ်ချက်တွေ များတာပါ။ ယခင်က နေထိုင်ခွင့်ကတ်၊ ယခုပါ့စပို့ စာအုပ်လုပ်ရတယ်။ အိမ်ခန်းစရိတ်၊ ရေစရိတ်၊ မီးစရိတ်၊ စားစရိတ်တွေတွက်လိုက်ရင် လုပ်အားခထက်ဝက်ကို သူတို့နိုင်ငံကို ပေးထားခဲ့ရပါတယ်။ မြန်မာရွှေ့ပြောင်းလုပ်သား သုံးသန်းကျော်ရှိတယ်ဆိုရင် အနည်းဆုံး တစ်နေ့လူတစ်ဦး ဆယ်ဘတ်ဖိုး ဖုန်းပြောတယ်ထားအုံး တစ်နေ့ဘတ်သန်း ၃၀၊ တစ်လဘတ် သန်း ၉၀၀ (ကျပ် ၂၃၈၇၂၆၇၉၀၄၅) သူတို့နိုင်ငံက ရယူသွားတာ။ တကယ်ဆို ကိုယ့်နိုင်ငံမှလူတွေ သူများနိုင်ငံမှာ သွားလုပ်ရတဲ့အတွက် ဘယ်လောက်နစ်နာလဲဗျာ"ဟု ထိုင်းနိုင်ငံ မဟာချိုင် အလုပ်လုပ်နေသူတစ်ဦးက မြဝတီမှ အပြန်တွင် သုံးသပ်ပြောကြားခဲ့သည်။ "မြဝတီစက်မှုဇုန် မြန်မြန်အကောင်အထည်ဖော်ဖို့ မျှော်လင့်ပါတယ်။ စက်ရုံတွေ၊ အလုပ်ရုံတွေ များလာရင် ထိုင်းမှာနေမယ့်အစား ကိုယ့်နိုင်ငံမှာလာလုပ်ဖို့ စိတ်ကူးထားပါတယ်"၊ မြဝတီမှာဆိုတော့ မိသားစုတွေနဲ့ အတူနေရတာပေါ့။ ဒါပေမယ့် ဒီဖက်နဲ့ လုပ်အားခတူမှ ဖြစ်မှာနော်"ဟု မဲဆောက်အထည်ချုပ်စက်ရုံမှာ အလုပ်လုပ်သည့် ကြည်ညွန့်ကပြောသည်။

**မင်းသျှင်ကို**

# အမြင်ပွင့်ပါမှ အသွင်တင့်မှာမို့

■ မင်းအောင်ထူး




Photo : Internet

မြန်မာပြည်တွင် ကျင့်သုံးခဲ့ဖူးသော ပါလီမာန်ဒီမိုကရေစီခေတ်နောက်ပိုင်း နှစ်ပေါင်း ၅၀ ကာလအတွင်း နိုင်ငံရေးအရ ပွင့်လင်းလာမှုအရှိဆုံးနှင့် ပြောင်းလဲတိုးတက်မှုအကောင်းဆုံးသော ကာလတစ်ခု၊ စစ်တပ်အုပ်ချုပ်မှု၏အလွန်တွင် နယ်ပယ်အသီးသီး၌ အပြောင်းအလဲများနှင့် လှုပ်လှုပ်ရှားရှားဖြစ်လာသော ယနေ့အချိန်၊ ပွင့်လင်းသောပြုပြင်ပြောင်းလဲမှုကြောင့် နိုင်ငံတကာ၏ အထင်ကြီးလေးစားမှုကို ရရှိနေသည့် ဒီမိုကရေစီအစိုးရသစ်တို့နှင့်အတူ လှပ သည့် အနာဂတ်ခရီးကို မြန်မာပြည်ခရီးဆက်နေပေပြီ။ အတိတ်က အဆိုးအကောင်းများကို သင်ခန်းစားယူပြီး လက်ရှိအခင်းအကျင်းအား အခါကောင်းအဖြစ် မှတ်ယူ အားပြုကာ နောက်မလှည့်စတမ်း ရှေ့ဆက်ချီတက်သွားရန် အားလုံးက စိုင်းပြင်းနေကြသည်ကို သတိထားမိသည်။

နိုင်ငံတော်အဆင့်တွင် အတိတ်က အမြင်မတူခဲ့သူများ၊ အတိုက်အခံဟုဆိုသော အင်အားစုများကို တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူလက်တွဲပူးပေါင်းဆောင်ရွက်နိုင်ရန် လမ်းခင်းပေးလာသည့် စေတနာကို မြင်သာနိုင်သလို ပွင့်လင်းရိုးသားစွာ ယုံကြည်မှုတည်ဆောက်ခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်ကိုလည်း မြင်တွေ့နေရသည်မှာ အနာဂတ်တိုင်းပြည်သစ်အတွက် ကျေနပ်စရာပင်။ ပြောင်းလဲခြင်းခြေလှမ်းများသည်။ ကမ္ဘာအလယ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံသား၏ ဂုဏ်သိက္ခာရှိရှိရပ်တည်နေနိုင်မှု ပေမိစံပီသော လွတ်လပ်မှုတို့အတွက် အရုဏ်ဦးအလင်းတန်းများအဖြစ် မှတ်တမ်းတင်ကျန်ရစ်လိမ့်မည်ဖြစ်သည်။ နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်ခရီးအတွက် အမြင့်ဆုံးသော နိုင်ငံ့ခေါင်းဆောင်မှုအစ အောက်ဆုံးမှ နိုင်ငံသားများ အားလုံးကိုယ်စီ၏ နိုးကြားမှုအသိသည် အလွန်အရေးပါလှပါသည်။

ယနေ့ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများကို နိုင်ငံသားတိုင်း သိရှိနားလည်နေကြပြီလား၊ တကယ်ကို နားလည်သဘောပေါက်ပြီး စိတ်ပါလက်ပါ အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ် ပါဝင်လာကြပြီးလား။ ဒါမှမဟုတ် ပါဝင်လာဖို့ အစပျိုးတဲ့အဆင့်ကို ရောက်လာနေကြပြီလား ထိုမေးခွန်းများတွက် အခြေအနေအမျိုးမျိုးပေါ် အမျိုးမျိုးသောအမြင်၊ အယူအဆ၊ သီအိုရီသဘောတရားများနှင့် အမျိုးမျိုးသောအဖြေများရလာမည်မှာ မလွဲဧကန်ပင်။

မျိုးဆက်နှစ်ဆက်သုံးဆက်မက မျက်စိပိတ်နားပိတ် ခပ်တိတ်တိတ်နေမှ အေးချမ်းရမည့်ဘဝကို ဖြတ်သန်းလာခဲ့ကြရသည့် နိုင်ငံသားတို့နှင့် ယနေ့မျိုးဆက်သစ်တို့သည် နိုင်ငံရေးအရ အမှန်တကယ်နိုင်းကြားမှုအတိုင်းအတာ မည်မျှရှိနေပြီလဲ။ ပညာရေးအဆင့် နိမ့်ကျလာမှုအကျိုးဆက်အဖြစ် ယနေ့လူငယ်တို့ မိမိကိုယ်မိမိ ယုံကြည်မှုနည်းလာခြင်း၊ တားဆီးထိန်းချုပ်မှုလောင်းရိပ်အောက်တွင် ပြင်ပကမ္ဘာအား မျှော်ကြည့်နိုင်လောက်သည့် ဗဟုသုတအမြင်ရရှိမှု နည်းခဲ့ခြင်း၊ ရေရာပြတ်သားသည့် အနာဂတ်ကို ပုံဖော်ပေးနိုင်မည့် ပတ်ဝန်းကျင်မရှိနေခြင်း၊ အကြောက်တရားကို ငြိမ်းချမ်းမှုအဖြစ် သွန်သင်ပေးတတ်သည့် လူကြီးသူမတို့၏ အဆုံးအမစသည်တို့ကြောင့် ယနေ့လူငယ်တို့အပါအဝင် နိုင်ငံသား ရာနှုန်းအများစုသည် မိမိတို့ပုဂ္ဂိုလ်ရေးအပြင် တခြားအရာများကို ဘာမှမသိသလို၊ မိမိတို့နှင့် မဆိုင်သလို ဥပက္ခာပြုပြီး နေတတ်လာကြသည်။ နိုင်ငံရေး ပြောင်းလဲမှုဖြစ်စဉ်တွင် အမှန်တကယ် ကိုယ်ကျိုးစွန့်အနစ်နာခံပါဝင်လာကြသည့် လူငယ်အရေအတွက်မှာ လက်ချိုးရေ၍ပင် ရနေသေးသည်ဟု ဆိုချင်ပါသည်။ ဤနေရာတွင် မိမိဆိုလိုသည့် နိုင်ငံရေးအရ နိုးကြားမှုဆိုသည်မှာ ပါတီနိုင်ငံရေးတွင် ပါဝင်လှုပ်ရှားမှုသာမဟုတ် မိမိပတ်ဝန်းကျင်၊ မိမိရပ်ရွာ၊ မိမိတို့လူမျိုးအတွက် ကျရာကဏ္ဍမှ တာဝန်ယူလုပ်ဆောင်ပေးတတ်သည့် တာဝန်သိစိတ်ကို အခြေခံပြီး အများအတွက် အနစ်နာခံမှု၊ အများနှင့်ပူးပေါင်းဆောင်ရွက်တတ်မှု၊ အများအားစည်းရုံးလမ်းပြနိုင်မှု စသည့်အရည်အသွေးများ။ မိမိတတ်ထားသည့် ပညာရပ်တစ်ခုခုဖြင့် လူ့အဖွဲ့အစည်း အကျိုးပြုလုပ်ငန်းအတွက် အမြဲအဆင်သင့် ဖြစ်နေတတ်သည့် စေတနာတို့ကို ဆိုချင်ပါသည်။

လူမှုအဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်များ အပါအဝင် နိုင်ငံသားတို့ကို အမြင်ပိုမိုပွင့်လင်းလာစေရန် လေ့ကျင့်ပေး၍ ရရှိနိုင်သည့် နည်းလမ်းများစွာရှိပေမည်။ လုပ်ကြရန်နှင့် လုပ်ခွင့်ရရန်သာ အရေးကြီးပါသည်။ ရပ်ရွာအခြေပြု လူမှုအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်စေခြင်းမှတဆင့် အများအကျိုးဆောင်ရွက်လိုမှု၊ စွန့်လွှတ်အနစ်နာခံမှုတို့ကို လေ့ကျင့်ပျိုးထောင်ပေးရန် လိုအပ်ပါသည်။ ထိုအခင်းအကျင်းမျိုးကိုလည်း ဖန်တီးပေးရန်လိုအပ်ပါသည်။

ယခုအခါ လူထုအခြေပြု လူမှုအဖွဲ့အစည်းများ တဖြည်းဖြည်း တိုးတက်များပြားလာပြီး မိမိတို့ ကျွမ်းကျင်ရာနယ်ပယ်အသီးသီးတွင် ရည်ရွယ်ချက်ကိုယ်စီဖြင့် လှုပ်ရှားဆောင်ရွက်လာနေကြသည်ကို အားရဖွယ် တွေ့မြင်ရပါသည်။ ထိုလူမှုအဖွဲ့အစည်းများသည် အောက်ခြေလူထုနှင့် အမှန်တကယ်ထိတွေ့မှုရှိပြီး အပြောင်းအလဲတစ်ခုကို ပံ့ပိုးပေးနိုင်သော ဆောင့်တိုင်များလည်း ဖြစ်ကြသည်။ လူထုအခြေပြု လူမှုအဖွဲ့အစည်းများ လှုပ်ရှားမှုအားကောင်းလာလေလေ အပြောင်းအလဲကို လမ်းကြောင်းမသွေဖီရန် တည့်မတ်ပေးနိုင်လေလေဖြစ်သည်။ လူငယ်များတို့သည်လည်း မိမိတို့ စိတ်ဝင်စားရာ လူမှုအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ရင်း တစ်ဖက်တွင် နိုင်ငံသားတို့ သိရှိထားသင့်သည့် အသိပညာဗဟုသုတများကို အချိန်နှင့်အမျှ လေ့လာဆည်းပူးသွားပါမှ အများနှင့် လိုက်လျောညီထွေရှိလာနိုင်မည်ဖြစ်သည်။ အပြောင်းအလဲအတွက် အဓိကအခန်းတွင် အရေးပါလာပေမည်။

လူငယ်ထု၏ အသိပညာနှင့် နိုးကြားမှုအတွက်သော်လည်းကောင်း၊ နိုင်ငံသားတိုင်း သိထားရမည့် Civic Education, Human Right Awareness, Migration and Trafficking Awareness, Gender Awareness စသည့် အမြင်ဖွင့်သင်တန်းမျိုးကို အောက်ခြေအဆင့်တွင် များများဆွေးနွေးပို့ချပေးရန် လိုအပ်လှသည်။ လူထုအခြေပြုအရပ်ဘက်လူမှုအဖွဲ့အစည်း တော်တော်များများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမြင်ဖွင့် သင်တန်းပေးခြင်းများကို ပိုမိုအားပြုလုပ်ဆောင်ကြသည်ကို တွေ့ရသည်။ သို့သော် ထိုကဲ့သို့သော သင်တန်းမျိုးကို အောက်ခြေနယ်မြို့များ၊ ကျေးလက်ဒေသများတွင် ဖွင့်ခွင့်ရရေးအတွက် အလွန်မလွယ်ကူလှကြောင်းကိုလည်း လက်တွေ့ဆောင်ရွက်နေသူများမှ ကြားသိနေရသည်။ ယနေ့လက်ရှိအခြေအနေအရ ကျေးလက်ဒေသများတွင် လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသော အသင်းအဖွဲ့အများစု မှာ တရားဝင်မှတ်ပုံတင် မရရှိကြသေးသောကြောင့် မိမိတို့လုပ်ငန်းသည် ရပ်ရွာအတွက် မည်သို့ပင် အကျိုးကြီးမားစေကာမူ တစ်စုံတစ်ယောက်က လာရောက်တားဆီးမည်ဆိုပါက ထိုတားဆီးသူမည်သူ့ကိုမဆို ခွန်းတုံ့ပြေရှင်းရန် အင်အားမရှိကြ။ တစ်ခါတစ်ရံ တာဝန်အရ ကောင်းမွန်စွာ လာရောက်မေးမြန်းသူများကိုပင် အလိုလို နေရင်း ကြောက်နေကြရခြင်းလည်း ရှိနေပြန်သည်။

နိုင်ငံနှင့်ချီသော အပြောင်းအလဲတစ်ခုကို အထက်အောက် ချိန်သားကိုက်ကိုက် စည်းချက်ညီညီပြောင်းလဲနိုင်ရန်မှာ အခြေခံအကျဆုံးဖြစ်သော နိုင်ငံသားတစ်ဦးချင်းစီတို့၏ အသိပညာမြင့်မားမှုပေါ်တွင် များစွာတည်မှီနေသည်ဟု ယုံကြည်ပါသည်။ နိုင်ငံသားတို့၏ အသိအမြင်ပွင့်လင်းလာရန် ဆောင်ရွက်ရာတွင် နိုင်ငံ၏အစိုးရအဖွဲ့ချည်း တာဝန်ရှိသည်မဟုတ်၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပညာရှင်များ၊ တတ်သိနားလည်သူ တစ်ဦးချင်းစီတိုင်းတွင် တာဝန်ရှိပါသည်။ အစိုးရနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများအကြား တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုရှိရှိ သံသယကင်းကင်း ပူးပေါင်းဆောင်ရွက်သွားပါမှလည်း အားလုံးအတွက် ရလဒ်ကောင်းကို ရရှိနိုင်မည် ဖြစ်သည်။ နိုင်ငံသားတစ်ဦးချင်းစီ၏ နိုင်ငံရေးအသိအမြင် မဖွံ့ဖြိုးသေးသရွေ့ ပေမီထောက်မိနိုင်ငံတော်တစ်ခု တည်ဆောက်ရေးကို စိတ်ကူးပင် မယဉ်ကြစေလိုတော့ပြီ။ နိုင်ငံသားတို့၏ အသိဉာဏ်ပညာဖွံ့ဖြိုးမှုသည် နိုင်ငံတိုးတက်မှု အရှိန်အဟုန်မြန်ဆန်မှုနှင့် တိုက်ရိုက်အချိုးကျနေသကဲ့သို့ နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားကို ပိုမိုချောမွေ့စွာ လည်ပတ်စေနိုင်ရန် များစွာအထောက်အကူ ဖြစ်စေပါသည်။

သို့ဖြစ်ရာ နိုင်ငံသားတို့၏ အသိအမြင်ပွင့်လင်းလာရေးအတွက် အစိုးရအဖွဲ့က ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်ရန် လိုအပ်သလို ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ ရပ်ရွာလူထုကို အမြင်ဖွင့်ပေးခြင်းများ ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်ကို အလုပ်အကျွေးပြုနိုင်မည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍကိုလည်း အစိုးရက ကူညီမြှင့်တင်ပေးရန် လိုအပ်ပါသည်။ အဓိကအားဖြင့် နယ်ဘက်အုပ်ချုပ်ရေး အာဏာပိုင်များအနေဖြင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ စာပေယဉ်ကျေးမှုအဖွဲ့များ၊ လူငယ်အဖွဲ့များ၊ သာရေးနာရေးအဖွဲ့များ စသည့် လူမှုအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို အသိအမှတ်ပြု ဝိုင်းဝန်းကူညီပေးခြင်းဖြင့် မျှော်လင့်နေသော ရွှေပြည်တော်ခရီးကို တစ်ထောင့်တစ်နေရာမှ အားဖြည့်စေလိုကြောင်း တိုက်တွန်းလိုက်ရပါသည်။

> နိုင်ငံသားတို့၏ အသိအမြင်ပွင့်လင်းလာရေးအတွက် အစိုးရအဖွဲ့က ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်ရန် လိုအပ်သလို ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုဆောင်ရွက်ခြင်း၊ ရပ်ရွာလူထုကို အမြင်ဖွင့်ပေးခြင်းများဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်ကို အလုပ်အကျွေးပြုနိုင်မည့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍကိုလည်း အစိုးရက ကူညီမြှင့်တင်ပေးရန်လိုအပ်ပါသည်။

# သမိုင်းထဲက တွေ့ဆုံဆွေးနွေးပွဲ အတွေ့အကြုံများ

■ ကျော်ဝင်း

**တော်လှန်ရေးကောင်စီခေတ်ဦး (၁၉၆၃-၆၄)က ပြည်တွင်းငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲ အတွေ့အကြုံများကို ထုတ်နှုတ်ဖော်ပြလိုက်ပါသည်။**

## အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်

တော်လှန်ရေးကောင်စီမှ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကို ၁၉၆၃ ခုနှစ်၊ ဧပြီလ (၁)ရက်နေ့တွင် ထုတ်ပြန်ကြေငြာခဲ့ပါသည်။ တောတွင်းလက်နက်ကိုင် အင်အားစုများကို ဥပဒေဘောင်အတွင်းသို့ ဖိတ်ခေါ်၍ စိတ်သစ်လူသစ်ဖြင့် နိုင်ငံထူထောင်ရေးလုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် ဤသို့ ထုတ်ပြန်ကြေငြာရခြင်းဖြစ်သည်ဟု တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်းက ပြောကြားခဲ့သည်။ အဆိုပါ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်အရ မြန်မာပြည်အရပ်ရပ်ရှိ အကျဉ်းထောင်များမှ အကျဉ်းသား စုစုပေါင်း ၁၂,၀၀၀ ခန့် လွတ်မြောက်လာကြသည်။ ၎င်းတို့ထဲတွင် ဗမာပြည်ကွန်မြူနစ်ပါတီမှ ဗိုလ်မှူးချစ်ကောင်း၊ ဆရာရာဂျန်၊ အလံနီကွန်မြူနစ်ပါတီမှ သခင်ဖေငွေး၊ ကေအင်ယူပါတီမှ ဆရာသာမြိုင်စသော ထင်ရှားသည့် နိုင်ငံရေးသမားများလည်း ပါလာသည်။ လက်နက်ကိုင်လမ်းစဉ်ကျင့်သုံးနေသော ပါတီအဖွဲ့အစည်းများမှ အဖွဲ့ဝင်အချို့ အလင်းဝင်လာခဲ့ကြသော်လည်း ပါတီလိုက် လက်နက်စွန့်ကြသည်မျိုးကား မရှိခဲ့ပါ။

## တွေ့ဆုံဆွေးနွေးရေးကမ်းလှမ်းချက်

၁၉၆၃ ခုနှစ်၊ ဇွန်လ (၁၁)ရက်နေ့တွင် တောတွင်း လက်နက်ကိုင် အင်အားစုများနှင့် တွေ့ဆုံဆွေးနွေးရန် ကမ်းလှမ်းချက်တွင် ဖော်ပြလာသည်။ ဤကမ်းလှမ်းချက်တွင် အောက်ပါအချက်များ ပါဝင်သည်။

- တော်တွင်းလက်နက်ကိုင် အဖွဲ့အစည်းများသည် ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်လို၍ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်မှာ မလုံလောက်ဟု ဆိုပါက၊ တော်လှန်ရေးကောင်စီအနေနှင့် ပြဿနာအဝဝကို ကူညီဖြေရှင်းသွားမည်။

- တွေ့ဆုံဆွေးနွေးရာ၌ ကြိုတင်စည်းကမ်း သတ်မှတ်ချက်မျိုး မထားဘဲ၊ တိုင်းပြည်၏ ပကတိအခြေအနေကို လက်တွေ့ကျကျ ဆွေးနွေးဖြေရှင်းသွားမည်။

- ဆွေးနွေးရာတွင် အမြတ်မထုတ်ကြဘဲ၊ လုပ်သားပြည်သူတို့၏ အကျိုးကိုသာ အာရုံစိုက်ဆွေးနွေးမည်။

- မည်သည့်အကြောင်းနှင့်ပင်ဖြစ်စေ တောတွင်း၌ ရောက်ရှိနေကြသော မည်သည့် လက်နက်ကိုင် အဖွဲ့အစည်းများနှင့်မဆို တွေ့ဆုံဆွေးနွေးမည်။

- လာရောက်ဆွေးနွေးသော၊ တောတွင်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၏ လုံခြုံရေးကို တော်လှန်ရေးကောင်စီက တာဝန်ယူမည်။

- အကယ်၍ ဆွေးနွေးပွဲမအောင်မြင်သဖြင့် တောတွင်းမှ ကိုယ်စားလှယ်များ ပြန်သွားလိုပါလျှင် သွားလိုရာဒေသအထိ လိုက်ပို့ပေးမည်သာမက (၃)ရက်အတွင်း ဖမ်းဆီးခြင်း၊ တိုက်ခိုက်ခြင်း လုံးဝပြုလုပ်မည်မဟုတ်။

အဆိုပါကမ်းလှမ်းချက်ကို ဖဆပလ၊ ပထစနှင့် ပမညတတို့ကပါ ကြိုဆိုခဲ့ကြသည်။ ဖဆပလအဖွဲ့ချုပ် ဦးဘဆွေကမူ ယခုလို ထုတ်ဖော်ပြောဆိုခဲ့သည်။ "ဗဟာပြည် သောင်းကျန်မှု အေးချမ်းရေးမှာ ကမ္ဘာ့အုပ်စုကြီးနှစ်စုအပေါ်တွင် မူတည်နေကြောင်း၊ ပြည်ပ ပယောဂများရှိနေကြောင်း။ ကွန်မြူနစ်ပါတီ လက်နက်ချရေးသည် လက်ဝဲနိုင်ငံများ၏ ဆုံးဖြတ်ညွှန်ကြားချက်အပေါ် မူတည်နေသလို ကေအင်ဒီအိုလက်နက်ချရေးမှာလည်း ဆီးတိုးအုပ်စု၏ ညွှန်ကြားချက်အပေါ် မူတည်ကြောင်း၊ ပြည်ပ မယောကသာမပါလျှင် ဗမာပြည်ငြိမ်းချမ်းရေးရသည်မှာ ကြာလှပြီဖြစ်ကြောင်း . . . " ပြောကြားခဲ့သည်။

ပမညတ သဘာတိအဖွဲ့၏ ကြေငြာချက်တွက်ကား- "ဤကမ်းလှမ်းချက်သည် (၁) မြန်မာနိုင်ငံ ပြည်သူများအဖို့ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားညီညွတ်ရေး ဦးတည်ချက်ရှိခြင်း (၂) ဆွေးနွေးရမည့် ပြဿနာများလည်း နိုင်ငံရေးလူမှုရေးများအားလုံး အကျုံးဝင်သဖြင့် နိုင်ငံရေး ဆွေးနွေးပွဲပင်ဖြစ်ခြင်း၊ (၃) ဆွေးနွေးပွဲအတွင်း၌လည်းကောင်း၊ ဆွေးနွေးပွဲအပြီးတွင်လည်းကောင်း၊ မည်သည့်အကန့်အသတ် အတုပ်အနှောင်မှ မရှိဘဲ လွတ်လပ်မှုရှိခြင်း တို့ကြောင့် ပမညတပန်ကြားချက်များနှင့် ကိုက်ညီ၍ ကြိုဆိုပါကြောင်း" ဟူ၍ ပါရှိပါသည်။

ဆိုခဲ့ပါ နိုင်ငံရေးပါတီကြီးသုံးခုသာမက ထင်ရှားသည့် စစ်ရေး၊ နိုင်ငံရေး၊ ခေါင်းဆောင်များကလည်း တွေ့ဆုံဆွေးနွေးရေး ကမ်းလှမ်းချက်ကို ကြိုဆိုခဲ့ကြပါသည်။ ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇောက "ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်သည်မှာ မှန်ကန်ကြောင်း၊ ပြည်တွင်းစစ်ကို စစ်ရေးအရ တိုက်ခိုက်ဖြေရှင်းလို့မရနိုင်ကြောင်း" မိမိ၏ အတွေ့အကြုံကို အခြေခံ၍ ပြောဆိုခဲ့သည်။ ဒေါက်တာဘမော်ကလည်း "တွေ့ဆုံဆွေးနွေးရေးကို သဘောကျကြောင်း ပြည်တွင်းစစ် ဝေဒနာကြီးကို ဥပဒေစကားပြောပြီး ပုလိပ်စစ် စစ်သလိုလုပ်နေ၍ မဖြစ်ကြောင်း" သူ့အမြင်ကို ထုတ်ဖော် ပြောဆိုခဲ့သည်။

အလားတူပင် အလုပ်သမားသမဂ္ဂ၊ ဝန်ထမ်းသမဂ္ဂစသော လူထု၊ လူတန်းစားအဖွဲ့အစည်းများကလည်း တွေ့ဆုံဆွေးနွေးရေး ကမ်းလမ်းချက်ကို ထောက်ခံခဲ့ကြသလို၊ ဥပဒေတွင်းရောက်ရှိနေကြပြီ ဖြစ်သော၊ မွန်ပြည်သူ့တပ်ဦးကလည်း ထောက်ခံကြိုဆိုခဲ့သည်။ သည်လိုနှင့် ဥပဒေတွင်း နိုင်ငံရေးအင်အားစုများ စုစည်းကား 'ပြည်သူ့ကော်မတီ'ကို ဖွဲ့စည်းခဲ့ကြပြီး၊ ငြိမ်းချမ်းရေးဖြစ်မြောက်အောင်မြင်အောင်ဝိုင်းဝန်း ဆောင်ရွက်မည်ဟု ဆိုသည်။ ပြည်သူ့ကော်မတီတွင် အဖွဲ့အစည်းပေါင်း ၅၀ ကျော်ပါဝင်ပြီး၊ ပမညတမှ ဦးဆောင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။

## တွေ့ဆုံဆွေးနွေးခဲ့ကြသော တောတွင်း လက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်အဖွဲ့များ

(၁) ကွန်မြူနစ်ပါတီ (ဗမာပြည်) ကိုယ်စားလှယ်အဖွဲ့.
(၂) ရခိုင်ပြည်ကွန်မြူနစ်ပါတီ ကိုယ်စားလှယ်အဖွဲ့.
(၃) ရှမ်းအမျိုးသားတပ်ပေါင်းစုနှင့် ရှမ်းပြည်လွတ်မြောက်ရေးတပ်မှ ကိုယ်စားလှယ်အဖွဲ့.
(၄) ကချင်လွတ်လပ်ရေးကောင်စီ ကိုယ်စားလှယ်အဖွဲ့.
(၅) ဗမာပြည်ကွန်မြူနစ်ပါတီ ကိုယ်စားလှယ်အဖွဲ့.
(၆) သုံးပါတီကိုယ်စားလှယ်အဖွဲ့. (ကေအင်ယူပါတီ၊ မွန်ပြည်သစ်ပါတီနှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ)
(၇) မဒညတ ကိုယ်စားလှယ်အဖွဲ့. (အထက်ပါ သုံးပါတီနှင့် ဗမာပြည်ကွန်မြူနစ်ပါတီ၊ ချင်းဦးစီးအဖွဲ့.)
(၈) ကရင်တော်လှန်ရေးကောင်စီ ကိုယ်စားလှယ်အဖွဲ့.တို့ ဖြစ်ပါသည်။

### ဆွေးနွေးပွဲမှတ်တမ်းများ

### (၁) ကွန်မြူနစ်ပါတီ (ဗမာပြည်)အလံနီ

* ၁၉၆၃၊ ဇွန် ၂၆ ရက်၊ ရဲနီကျော်ဝင်းနှင့် ဒေါ်ငွေစံ ဦးဆောင်သော ပဏာမကိုယ်စားလှယ်အဖွဲ့ ရန်ကုန်ရောက်။

သခင်စိုးမှ ဗိုလ်ချုပ်ကြီးနေဝင်းသို့ ပေးစာကို ယူဆောင်လာခဲ့။

* သခင်စိုးပေးစာတွင် ပါသည့်အချက်များ-

(က) တစ်ပြည်လုံး ထိုးစစ်များ ရပ်ဆိုင်းပေးရန်။

(ခ) အစိုးရတပ်များ ရုပ်သိမ်းပေးရန်။

(ဂ) ထိုးစစ်ရပ်ဆိုင်းမှုနှင့် တပ်ရုပ်သိမ်းမှုကို တစ်နှစ်ပြုလုပ်ရန်။

(ဃ) အလံနီပါတီ ကွန်ဂရက်ကျင်းပရန်။

(င) တပ်မတော်အပါအဝင် ပါတီအဖွဲ့အစည်းပေါင်းစုံ နှီးနှောဖလှယ်ပွဲ ကျင်းပရန်။

(စ) ဆွေးနွေးပွဲအပြီး တောတွင်းပြန်ရာတွင် သုံးရက်မဟုတ်ဘဲ၊ သုံးလစစ်ရပ်စဲပေးရန်။

* ၁၉၆၃၊ ဇွန်လ ၂၉ ရက်၊ တော်လှန်ရေးကောင်စီနှင့် ပဏာမကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ။ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌမှ သခင်စိုးထံသို့ ပြန်စာပေးအပ်။

* ဗိုလ်ချုပ်ကြီးနေဝင်း၏ ပြန်စာတွင်ပါသည့် အချက်များ-

(က) တပ်အားလုံး မရုပ်သိမ်းနိုင်။ အလံနီနှင့် ပတ်သက်သော နယ်မြေများတွင်သာ ထိုးစစ်များ ရပ်ပေးမည်။

(ခ) အလံနီပါတီ ကွန်ဂရက်ခေါ်ဆိုလျှင်၊ လိုအပ်သော အကူအညီများပေးမည်။ တစ်နှစ်အတိုက်အခိုက်ရပ်ရေးတော့ မဖြစ်နိုင်။

(ဂ) မြေပေါ်မြေအောက်ပါတီစုံ ကွန်ဖရင့်ခေါ်ရေးမှာ အလံနီနှင့် အခြားပါတီများ ကိုယ်တိုင်လုပ်ကြရန်သာဖြစ်။

* ဇူလိုင် ၁ ရက်တွင် ပဏာမ ကိုယ်စားလှယ်အဖွဲ့ပြန်လှာ။

* ဩဂုတ် ၁၀ ရက်၊ သခင်စိုးခေါင်းဆောင်သော ဒုတိယပဏာမ ကိုယ်စာလှယ်အဖွဲ့ ရန်ကုန်ရောက်။ ၁၃ ရက်တွင် သတင်းစာဆရာများနှင့်တွေ့။

* ဩဂုတ် ၁၅၊ ၁၆၊ ၁၇ တော်လှန်ရေးကောင်စီနှင့် ဆွေးနွေး။

* သခင်စိုး၏ တင်ပြချက်များ-

(က) ပါတီစုံနှီးနှောဖလှယ်ပွဲ ကျင်းပရန် အလွန်အရေးကြီး။

(ခ) တစ်ပြည်လုံး အတိုက်အခိုက်ရပ်စဲထားဖို့လို။

(ဂ) အတိုက်အခိုက် ရပ်စဲပြီးပါက ပါတီကွန်ဂရက် ကျင်းပမည်။

(ဃ) ပြည်တွင်းငြိမ်းချမ်းရေးအတွက် နိုင်ငံတကာ (အရှေ့အုပ်စုရော၊ အနောက်အုပ်စုပါ)နှင့် ကုလသမဂ္ဂမှ အကြံဉာဏ်များ တောင်းခံသင့်။

* ဩဂုတ် ၁၉၊ တွေ့ဆုံဆွေးနွေးပွဲ အဆုံးသတ်ရပ်လိုက်ပြီ ဖြစ်ကြောင်း တော်လှန်ရေးကောင်စီမှကြေငြာ။

### (၂) ရခိုင်ပြည်ကွန်မြူနစ်ပါတီ (ရခိုင်အလံနီ)

* ဗဟိုကော်မတီ ဥက္ကဋ္ဌ ရဲနီကျော်ဇံရွှီးခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ၁၉၆၃ ဇူလိုင် ၁၇ ရက်တွင် ရန်ကုန်ရောက်။

* ဇူလိုင် ၁၈ ရက်၊ ရန်ကုန်မြို့တွင် ပထမအကြိမ် နိုဝင်ဘာ ၁၈ ရက်နေ့ သံတွဲတွင်၊ ဒုတိယအကြိမ် တော်လှန်ရေးကောင်စီနှင့် ဆွေးနွေး။

* ရခိုင်ပြည်ကွန်မြူနစ်ပါတီ၏ လိုလားချက်-

(က) အစိုးရတပ်များ ရုတ်သိမ်းရန်။

(ခ) ဆွေးနွေးချက်များကို သတင်းစာ ရေဒီယိုတို့မှ ကြေငြာပေးရန်။

(ဂ) ဆွေးနွေးပွဲပျက်၍ တောထဲပြန်ရလျှင် သုံးရက်အတွင်းဖမ်းခြင်း၊ တိုက်ခြင်းမလုပ်ဆိုသည်မှာ မလုံလောက်၍ ရက်တိုးပေးရန်။

(ဃ) လူမျိုးစုများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အရ ပြည်မမှ လွတ်လပ်စွာ ခွဲထွက်ပိုင်ခွင့်၊ ရခိုင်အမျိုးသားသမ္မတနိုင်ငံ ထူထောင်ခွင့်ပေးရန်။

(င) ရခိုင်သမ္မတနိုင်ငံကို သမ္မတနိုင်ငံပေါင်းစု မြန်မာနိုင်ငံတော်တွင် ပါဝင်စေရန်။

* အချက် (ဃ) နှင့် (င)တွင် သဘောတူညီချက်မရ၍ ၁၉၆၃၊ နိုဝင်ဘာလ ၁၈ ရက်တွင် ဆွေးနွေးပွဲရပ်။

### (၃) ရှမ်းလက်နက်ကိုင်အဖွဲ့အစည်း

* ခွန်စိုင်းပန် ဦးဆောင်သော ရှမ်းပြည်လွတ်မြောက်ရေး တပ်မတော်ကိုယ်စားလှယ်အဖွဲ့၊ ၁၉၆၃ ဩဂုတ်လ ၂၀ ရက်နေ့တွင် ရန်ကုန်ရောက်။

* ညောင်ရွှေစော်ဘွား၊ စပ်ရွှေသိုက်သားစပ်ဆေးစိုင်ဦးဆောင်သော ရှမ်းပြည်လွတ်မြောက်ရေးတပ်ပေါင်းစု ပူးတွဲဗဟိုကော်မတီမှ စေလွှတ်သည့် ကိုယ်စားလှယ်အဖွဲ့ ၁၉၆၃ ဩဂုတ် ၂၅ ရက်နေ့တွင် တွေ့ဆုံဆွေးနွေး။

* ရှမ်းကိုယ်စားလှယ်အဖွဲ့၏ တင်ပြချက်

(က) ဘဏ္ဍာရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ယဉ်ကျေးမှုရေးရာများနှင့် ပတ်သက်လျှင် ရှမ်းပြည်သူလူထု၏ မိမိဖာသာရွေးချယ်ဆောင်ရွက်ပိုင်ခွင့်ကို လေးစားရန်၊ ပြည်ပမှသော်လည်း

သမိုင်းထဲက စာမျက်နှာ - ၁၅ မှအဆက်

ကောင်း၊ ပြည်မမှသော်လည်းကောင်း ဝင်ရောက်စွက်ဖက်မှု မပြုရန်။

(ခ) ရှမ်းပြည်သူအများစု၏ ဆန္ဒအရ ပြည်ထောင်စုမှ ခွဲထွက်နိုင်ခွင့်ကို ဥပဒေအရ အာမခံချက်ဖြစ်စေရန်။

(ဂ) လူမျိုးစု အခွင့်အရေးများကို အသိအမှတ်ပြုရန်နှင့် ၎င်းတို့၏ မျှတသော တောင်းဆိုချက်များကို ဖြည့်ဆည်းပေးရန်။

(ဃ) လူမျိုးရေး တန်းတူညီမျှမှုပေါ် အခြေခံသော ဖက်ဒရယ်ပြည်ထောင်စုစနစ် ထူထောင်ရန်။

* လွတ်လပ်စွာ ခွဲထွက်နိုင်သည့် ဖက်ဒရယ်စစ်စစ် ရှမ်းပြည်ထူထောင်ရေးဆိုသော တောင်းဆိုချက်တွင် သဘောတူညီမှုမရ၍ ၁၉၆၃၊ ဒီဇင်ဘာ ၁၁ ရက်နေ့တွင် ဆွေးနွေးပွဲရပ်စဲ။

## (၄) ကချင်လွတ်လပ်ရေးကောင်စီ

* ဒူဝါလရိန်နှင့် ဒူဝါဇော်ဒန်တို့ ဦးဆောင်သော ကချင်လွတ်လပ်ရေးကောင်စီ ဗဟိုကိုယ်စားလှယ်အဖွဲ့၊ ၁၉၆၃ ခု၊ ဩဂုတ်လ ၃၁ ရက်တွင် မန္တလေးသို့ရောက်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးကြီးလွန်းတင်နှင့် ဆွေးနွေး။

* ကချင်လွတ်လပ်ရေးကောင်စီ တင်ပြချက်များ-

(က) ကချင်ပြည်အနှံ့ရှိ တပ်များရုပ်သိမ်းပေးရန်။

(ခ) ဆွေးနွေးနေစဉ်အတွင်း ယာယီစစ်ပြေငြိမ်းရေးကြေငြာရန်။

(ဂ) ဆွေးနွေးပွဲပျက်ခဲ့လျှင် အပစ်အခတ်ရပ်စဲခြင်းကို သုံးရက်အစား အနည်းဆုံး နှစ်လ သတ်မှတ်ရန်။

(ဃ) ဆွေးနွေးပွဲမှတ်တမ်းကို ထုတ်ပြန်ကြေငြာအသံလွှင့်ပေးရန်။

(င) ဆွေးနွေးပွဲအပြီး သတင်းစာကွန်ဖရင့်ပြုလုပ်ခွင့်ပေးရန်။

(စ) ပြည်နယ်လူထုအရေးနှင့် ပြည်နယ်သတ်မှတ်ရေးကိစ္စများ ဆွေးနွေးရန်။

* အဆိုပါကိုယ်စားလှယ်အဖွဲ့ စက်တင်ဘာ ၉ ရက်နေ့တွင်ပြန်။

* ဒူးဝါးဇော်ဒန် ဦးဆောင်သော အာဏာပိုင်အဖွဲ့ ဆက်လက်ဆွေးနွေးရန် အောက်တိုဘာ ၃၁ ရက်နေ့ ရန်ကုန်ရောက်။

* တော်လှန်ရေးကောင်စီ ကိုယ်စားလှယ်အဖွဲ့နှင့် နိုဝင်ဘာ ၄ ရက်နေ့မှ စတင်ဆွေးနွေး။

* အပစ်အခတ်ရပ်စဲရေး ကိစ္စတွင် သဘောတူညီမှုမရ၍ နိုဝင်ဘာ ၁၅ ရက်နေ့တွင် ဆွေးနွေးပွဲရပ်။

## (၅) ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ)

* ဗမာပြည်ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌ သခင်သန်းထွန်းထံမှ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်းထံသို့ ၁၉၆၃၊ ဇွန်လ ၂၂ ရက်နေ့စွဲပါ စာတစ်စောင်ပို့။

* စာပါအဆိုပြုချက်များမှာ-

(က) ကြိုတင်ပြင်ဆင်ရေး ပဏာမ အစည်းအဝေးတစ်ရပ် ဦးစွာကျင်းပရန်။

(ခ) မရှင်းလင်းသည့်အချက်များ ရှင်းလင်းခြင်း၊ ကြိုတင်ပြင်ဆင်သင့်သည်များ ပြင်ဆင်ခြင်းတို့ ပြုလုပ်ပြီးမှ မျက်နှာစုံညီ တွေ့ဆုံဆွေးနွေးပွဲစတင်ပြုလုပ်ရန်။

(ဂ) တစ်ပြည်လုံး ထိုးစစ်များ ရပ်ဆိုင်းထားရန်။

(ဃ) ဗမာပြည်ကွန်မြူနစ်ပါတီမှ ပဏာမကိုယ်စားလှယ်အဖွဲ့ စေလွှတ်ရန်။

(င) တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းအားလုံးနှင့် တပြိုင်တည်း တွေ့ဆုံဆွေးနွေးရန်။

* တော်လှန်ရေးကောင်စီ၏ ပြန်ကြားချက်များမှာ-

(က) ကြိုတင်ပြင်ဆင်ရေး ပဏာမ အစည်းအဝေးတစ်ရပ်လုပ်ရန် သဘောတူသည်။

(ခ) ထိုအစည်းအဝေးတွင်မှ အတိုက်အခိုက်ရပ်စဲရေးကိစ္စ စသည်များကို ဆွေးနွေးကြရန်။

(ဂ) တောတွင်းအဖွဲ့အစည်းများတွင် အယူအဆအမျိုးမျိုးရှိသဖြင့် ဗမာပြည်ကွန်မြူနစ်ပါတီအနေနှင့် မိမိပါတီအတွက်သာ လာရောက်ဆွေးနွေးပါရန်။

* ဤအတွင်း တော်လှန်ရေးကောင်စီ၏ သဘောတူ ခွင့်ပြုချက်အရ အဝေးရောက် ဗမာပြည်ကွန်မြူနစ်ပါတီဝင်များ သုံးသုတ်ခွဲ၍ မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်ရောက်။

* ဗဟိုကော်မတီအတွင်းရေးမှူး ရဲဘော်ဒွေး ခေါင်းဆောင်သော ပဏာမကိုယ်စားလှယ်အဖွဲ့ ၁၉၆၃ခု၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် ရန်ကုန်ရောက်၊ စက်တင်ဘာ ၂ ရက်နေ့တွင် တော်လှန်ရေးကောင်စီ ကိုယ်စားလှယ်အဖွဲ့နှင့် စတင်ဆွေးနွေး။

* ပဏာမကိုယ်စားလှယ်အဖွဲ့၏ တင်ပြချက်များ-

(က) ဗဟိုကော်မတီ အစည်းအဝေးကျင်းပနိုင်ရန် အကူအညီပေးရန်။

(ခ) မဒညတ သဘာပတိအဖွဲ့ အစည်းအဝေးကျင်းပနိုင်ရန် အကူအညီပေးရန်။

(ဂ) ဆွေးနွေးနေသည့် ကာလအတွင်း တစ်ပြည်လုံးအတိုက်အခိုက် ရပ်စဲထားသည့် ငြိမ်းချမ်းရေးအကြိုကာလတစ်ခု ဖန်တီးရန်။

(ဃ) အန္တရာယ်ရှိစေလောက်သော အစိုးရတပ်စခန်းများကို အပစ်အခတ်ရပ်စဲထားစဉ်ကာလအတွင်း ရုပ်သိမ်းရွှေ့ပြောင်းပေးရန်။

(င) ဆွေးနွေးနေစဉ်အတွင်း မိမိတို့သဘောထားများကို လွပ်လပ်စွာ ရေးသားတင်ပြခွင့်နှင့် ဥပဒေတွင်း အဖွဲ့အစည်းများနှင့် လွတ်လပ်စွာ ဆွေးနွေးခွင့်ပေးရန်၊ ဆွေးနွေးပွဲရလဒ်များကို တိုင်းပြည်သို့ အသိပေးကြေငြာရန်။

(စ) ဆွေးနွေးစဉ်အတွင် ဆွေးနွေးနေသည့် အဖွဲ့အစည်းများနှင့် ပတ်သက်၍ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်ကို ရပ်ဆိုင်းပေးရန်။

(ဆ) သဘောမတူသော အချက်များကို အကြိမ်ကြိမ်ဆွေးနွေးမည့် သဘောထားရှိရန်။

(ဇ) ငြိမ်းချမ်းရေး ဆွေးနွေးပွဲကို အန္တရာယ်ပေးနေသည့် နယ်ချဲ့သမားနှင့် ဖောက်ပြန်ရေးအင်အားစုများ၏ ရန်မှ နှစ်ဘက်ပူးတွဲတာဝန်ယူကာကွယ်ကြရန်။

(ဈ) ဆွေးနွေးပွဲ အောင်မြင်၍ ရရှိသော သဘောတူညီချက်များကို ပူးတွဲကြေငြာချက်ထုတ်ပြန်ရန်၊ ပူးတွဲသတင်းစာရှင်းလင်းပွဲပြုလုပ်ရန်။

* မျက်နှာစုံညီ ဆွေးနွေးပွဲတွင် ဆွေးနွေးကြမည့် အခြေခံအချက် (၄)ချက်ကိုလည်း ပဏာမကိုယ်စားလှယ်အဖွဲ့မှ တင်ပြ-

၁။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေး တည့်မတ်စွာ ကြားနေရေးပေါ်လစီများကို ပြတ်ပြတ်သားသား ကျင့်သုံးရန်။

၂။ ပြည်သူတို့၏ ဒီမိုကရေစီ အခွင့်အရေးများကို အာမခံရန်။ ပြန်မလွှတ်ရသေးသော ကွန်မြူနစ်ပါတီဝင်များနှင့် အခြားတိုးတက်သော နိုင်ငံရေးသမားများကို လွှတ်ပေးရန်။

၃။ ဥပဒေဘောင်တွင် ပါတီတရားဝင် ရပ်တည်ခွင့်ကို အာမခံရန်။

၄။ တိုင်းရင်းသားလူမျိုးစုများ ရသင့်ရထိုက်သော မခွင့်အရေး ဆွေးနွေးရန် ကွန်မြူနစ်ကိုယ်စားလှယ်အဖွဲ့က တင်ပြရာ တော်လှန်ရေးကောင်စီက သဘောတူသည်။ ၎င်းတို့မှာ-

၁။ ငြိမ်းချမ်းရေးအကြိုကာလ ဖန်တီးရေးကိစ္စ။

၂။ အတိုက်အခိုက်ရပ်စဲရေး အမိန့်ထုတ်ပြန်ရန်ကိစ္စ။

၃။ အချို့သော တပ်စခန်းများအား ရွှေ့ပြောင်းပေးရေးကိစ္စတို့ ဖြစ်ပါသည်။

## (၆) သုံးပါတီအဖွဲ့

(သုံးပါတီအဖွဲ့ဆိုသည်မှာ မန်းဘဇံ ခေါင်းဆောင်သော ကေအင်ယူပါတီ၊ နိုင်ဘလွင် (နိုင်ရွှေကျင်)ခေါင်းဆောင်သော မွန်ပြည်သစ်ပါတီနှင့် စောမော်ရယ်ခေါင်းဆောင်သော ကရင်နီအမျိုးသားတိုးတက်ရေးပါတီတို့ ဖြစ်သည်)

* ၁၉၆၃ ခု၊ ဇူလိုင် ၃၀ ရက်နေ့၊ ကေအင်ယူပါတီမှ ဗိုလ်ကျင်ဖေ ခေါင်းဆောင်သော သုံးပါတီကိုယ်စားလှယ်အဖွဲ့နှင့် တော်လှန်ရေးကောင်စီကိုယ်စားလှယ်အဖွဲ့တို့ စတင်ဆွေးနွေး။

* သုံးပါတီကိုယ်စားလှယ်အဖွဲ့၏ တင်ပြချက်များ-

(က) တစ်ပြည်လုံး အပစ်အခတ်ရပ်စဲထားရန်။ အပစ်အခတ်ရပ်စဲရေးကို နှစ်ဘက်သဘောတူကြေငြာရန်။ အပ်စ်အခတ်ရပ်စဲထားစဉ်အတွင်း လွတ်လပ်စွာ ရေးသားပြောဆိုခွင့် ပုံနှိပ်ထုတ်ဝေခွင့်နှင့် စည်းဝေးဆန္ဒပြခွင့်ရရှိစေရန်။

(ခ) သုံးပါတီအချင်းချင်း ညှိနှိုင်းရန် အတွက်သော်လည်းကောင်း၊ အခြားတောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းရန်အတွက်လည်းကောင်း၊ လုံလောက်သော အချိန်၊ လုံခြုံရေးနှင့် အခြားအကူအညီများ ရရှိရန်။

(ဂ) နှစ်ဘက်အပြန်အလှန် ဆွေးနွေးချက်များကို အသံလွှင့်ပေးရန်၊ စာနယ်ဇင်းများတွင် အပြည့်အစုံ ဖော်ပြခွင့်ပြုရန်၊ သတင်းစာကွန်ဖရင့် လုပ်ခွင့်ပြုရန်။

* တော်လှန်ရေးကောင်စီ ကိုယ်စားလှယ်အဖွဲ့၏ တုံ့ပြန်ချက်-

(က) အပစ်အခတ်ရပ်စဲရေးကို သုံးပါတီ တာဝန်ယူထားသော နယ်မြေများတွင်သာ လုပ်ပေးနိုင်မည်။

(ခ) သုံးပါတီအနေနှင့် မိမိတို့ပါတီများအတွက်သာ ဆွေးနွေးရန်။

(ဂ) ဆွေးနွေးပွဲရလဒ်ကို ထုတ်ပြန်ကြေငြာရန်။ (သုံးပါတီဘက်မှလည်း ၎င်းတို့သဘောထားကို ထုတ်ပြန်ကြေငြာခွင့်ပေးပါမည်) အသံလွှင့်ကြေငြာခွင့်ကိုမူ သင့်တင့်လျောက်ပတ်သော အချိန်ရောက်မှ ခွင့်ပြုမည်။

* နှစ်ဘက်ဆွေးနွေးပွဲများကို အောက်တိုဘာ ၄ ရက်နေ့မှစတင်ကျင်းပ၊ တော်လှန်ရေးကောင်စီဘက်မှ ဗိုလ်ချုပ်နေဝင်း၊ သုံးပါတီဗဟိုအဖွဲ့မှ မန်းဘဇံတို့က ဦးဆောင်ဆွေးနွေး။

(က) အမျိုးသားစည်းလုံးညီညွတ်မှု တည်ဆောက်ရေး။

(ခ) အမျိုးသားလွတ်လပ်မှု တည်တံ့ခိုင်မြဲရေး၊ ပိုမိုပြည့်ဝရေးနှင့် ဒီမိုကရေစီရေး၊

(ဂ) အမျိုးသားဒီမိုကရေစီ စီးပွားရေးစနစ်တည်ဆောက်ရေး။

(ဃ) အပစ်အခတ်ရပ်စဲရေး။

* အပစ်အခတ်ရပ်ဆဲရေး အောင်မြင်မှသာ ကျန်ခေါင်းစဉ်များကို ဆွေးနွေးနိုင်မည်ဖြစ်၍ အပစ်အခတ်ရပ်စဲရေးကိုသာ အဓိကဆွေးနွေးခဲ့ကြ။ ဤကိစ္စကိုလည်း မဒညတအဖွဲ့အနေနှင့်သာ ဆက်လက်ဆွေးနွေးကြရန် သဘောတူ။

## (၇) မဒညတ

(အမျိုးသားဒီမိုကရေစီ ညီညွတ်ရေးတပ်ပေါင်းစု မဒညတအဖွဲ့ဝင်ပါတီများမှာ ကေအင်ယူ၊ မွန်ပြည်သစ်ပါတီ၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၊ ချင်းဦးစီးအဖွဲ့နှင့် ဗမာပြည်ကွန်မြူနစ်ပါတီ တို့ဖြစ်ပါသည်။)

* မဒညတအဖွဲ့အနေနှင့် အပစ်အခတ်ရပ်စဲရေးကိုသာ အဓိကဆွေးနွေးပြီး၊ အခြားကိစ္စများကို ပါတီအလိုက် သီးခြားဆွေးနွေးကြရန် သဘောတူခဲ့ကြ။

* အပစ်အခတ်ရပ်စဲလိုကြောင်း မဒညတ သဘောထား-

(က) တစ်ပြည်လုံးအပစ်အခတ် ရပ်စဲ

စာမျက်နှာ - ၁၈ သို့



# မွန်ပြည်သစ်ပါတီအတွက် နိုင်ငံတော်သမ္မတ၏ ငြိမ်းချမ်းရေးလက်ဆောင်



ဓါတ်ပုံ - စိုးမိုး (မော်လမြိုင်)



ဓါတ်ပုံ - သားစိုး




ဓါတ်ပုံ - စိုးမိုး (မော်လမြိုင်)

မော်လမြိုင်မြို့၊ စထရင်းဟော်တယ် (Strand Hotel)တွင် ယုံကြည်ချက်ကြောင့် အကျဉ်းကျခံခဲ့ရသော မွန်ပြည်သစ် ပါတီရဲဘော် နိုင်ယက္ခနှင့် နိုင်မျိုးထွေးတို့အား နိုင်ငံတော် သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လည်လွှဲပြောင်းပေးသည့် အခမ်း အနားကို ဧပြီလ ၃၀ ရက်နေ့ နေ့လည် ၂ နာရီ အချိန်၌ ကျင်းပပြုလုပ်ပါသည်။ အခမ်းအနားသို့ နိုင်ငံတော်အစိုးရဘက်မှ အမှတ် (၁)၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း ဦးဆောင်၍၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရဝန်ကြီးများ ငြိမ်းချမ်းရေးဖော်ဆောင်မှုအဖွဲ့ဝင်များ တက်ရောက်ကြသည်။ မွန်ပြည်သစ်ပါတီမှ ဥက္ကဋ္ဌ နိုင်ထောမွန်၊ ဗဟိုအလုပ်အမှုဆောင် နိုင်တလညီနှင့် ပါတီအဖွဲ့ဝင်များနှင့် အကျဉ်းကျရဲဘော်များ၏ မိသားစုဆွေမျိုးသားချင်းများလည်း တက်ရောက်ကြပါသည်။

အခမ်းအနာကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်မှ အဖွင့်အမှာစကား ပြောကြားပြီး၊ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ အဖွဲ့ဝင် အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းမှ မိန့်မှာစကား ပြောကြားပါသည်။ မွန်ပြည်သစ်ပါတီ ဥက္ကဋ္ဌ နိုင်ထောမွန်မှလည်း ပြန်လှန်ကျေးဇူးတင်စကား ပြောကြားပါသည်။ ပြည်ထောင်စု ဝန်ကြီးဦးဇော်မင်းမှ မွန်ပြည်သစ်ပါတီ ရဲဘော်မိသားစု သားသမီးများ၏ ပညာရေးအတွက် ကျောင်းသုံးစာအုပ်စာတမ်းများ ဝယ်ယူနိုင်ရန်အတွက် ငွေကျပ် သိန်း ၂၀၀ ကို ထောက်ပံ့ပေးခဲ့သည်။ ပြန်လည်လွတ်မြောက်လာသော နိုင်ယက္ခနှင့် နိုင်မျိုးထွေးတို့အား ယင်းနေ့ ညနေ ၄ နာရီတွင် မွန်ဓမ္မာရုံ၌ ကြိုဆိုဂုဏ်ပြုပွဲ ကျင်းပခဲ့ရာ ပါတီခေါင်းဆောင်များ၊ ရဟန်းသံဃာတော်များနှင့် ပြည်သူလူထု ၂၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရပါသည်။

နိုင်ယက္ခနှင့် နိုင်မျိုးထွေးတို့သည် လွတ်ချိန်တွင် ပုဒ်မ- ၁၂၂/၁ သာမန်သီးသန့်အဆင့်ဖြင့် (၂၀၀၃) ခုနှစ် ဂျူလိုင်လမှ စ၍ ၉ နှစ်နီးပါး အကျဉ်းကျခံခဲ့ရသူများ ဖြစ်သည်။

# ဝိသာခါ Travels & Tours

ရေင်တှုင်ကဝ်ါ ကွဲအာတရ်

**အိန္ဒိယ၊ နီပေါ၊ သီရိလင်္ကာ၊ ထိုင်း၊ ကမ္ဘောဒီးယား ကမ္ဘာလှည့်ခရီးစဉ်များ**

ရန်ကုန်ရုံး

အမှတ် (၃၆) ၊ ရေတာရှည်လမ်းသစ် (နန္ဒဝန်လမ်းထောင့်)

ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

Tel : (+95)010 3001460, (+95) 09 43032193

Email : vsktour@gmail.com

မော်လမြိုင် အမှတ် (၁၃၂)၊ အောင်ဆန်းလမ်းမကြီး၊

မြိုင်သာယာရပ်၊ မော်လမြိုင်မြို့။

Tel : 0943004172, 098700264

# တိုင်း(မ်) (Time)

ကိုသန်းကြည်+မတုတ်

ကုန်မျိုးစုံရောင်းဝယ်ရေး

လိပ်စာ-(အေ-၈)ရွှေသင်္ဘောဆိပ်တန်း၊ ဈေးကြိုကားဝင်း၊

မော်လမြိုင်မြို့

Phone - 057-24183,

Mobile - 0949802320, 095321825




ပစ္စည်းမှန်၊ ဈေးနှုန်းမှန် တို့ဖြင့် ဝယ်ယူသူစိတ်ကြိုက် ရောင်းချပေးနေပါပြီ။

မှိုရအ်

# "ဂမ္ဘညတလမွန်"

ကုန်မျိုးစုံရောင်းဝယ်ရေး

နိုင်မောင်စိုး+ဒေါ်သန်းရီ

"ကျွန်တော်တို့၏ ကုန်မျိုးစုံရောင်းဝယ်ရေးမှ ကုန်ပစ္စည်းအမျိုးအစားစုံကို ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ဖြင့် ရောင်းချပေးနေပါသည်။ အနယ်နယ်အရပ်ရပ်မှ မိတ်ဟောင်း၊ မိတ်သစ်များ ဝယ်ယူအားပေးနိုင်ပြီဖြစ်ပါကြောင်း စေတနာအမြဲထားရှိထား၍ သတင်းကောင်းပါးအပ်ပါသည်။"

အမှတ် - B-148၊ မြေညီထပ်၊ အမှတ်(၁)ဈေးကြီး၊ မော်လမြိုင်မြို့

ဆိုင် - ၀၅၇-၂၅၀၃၄၊ ၂၆၀၀၉ လိုင်းခွဲဖုန်း - ၀၅၇-၂၆၁၆၆၊ လိုင်းခွဲ - ၁၃၀၇

Mobile 09-8702236, 095320504, အိမ်ဖုန်း-057-24544

# ဟာကြူးစီ



ဒီဂျစ်တယ်ဗီနိုင်း

ပိုစတာကြော်ငြာလုပ်ငန်း

(278-F) အောက်လမ်းမကြီး ၊ စစ်ကဲကုန်းရပ် ၊ မော်လမြိုင်မြို့။

၀၉-၈၇၀၀၂၀၈ ၊ ၀၉-၅၃၂၃၀၆၅ ၊ ၀၉-၅၃၂၁၃၇၁ ၊ ၀၉-၅၃၂၂၃၉၉

မွန်တို့၏အားထားစရာ တစ်ခုတည်းသော နည်းပညာသင်တန်း

# Horizon .Net

ဖွင့်လှစ်သည့်သင်တန်းများ

- Computer for Kids
- Computer Office Course
- DTP & Design Course
- Pratical Networking (Lan & Wan)
- Digital Photo Editing Course
- Graphic Design Course
- E-mail & Internet Course
- Video Editing
- Computer Maintenance Course (A+)
- AutoCAD 2010

ကွန်ပျူတာ ပစ္စည်းအမျိုးမျိုး

ကွန်ပျူတာပြုပြင်

ဓါတ်ပုံလုပ်ငန်း

ဗီနိုင်းလုပ်ငန်း

ကွန်ပျူတာနည်းပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများအတွက် တတ်သည်အထိ တာဝန်ယူသင်ကြားပေးပါသည်။

ဈေးကြီးမီးပွိုင့်နှင့်ဈေးကြိုကားဝင်းကြား၊ ကျိုက္ကမီလမ်း၊ မော်လမြိုင်မြို့။ ဖုန်း-၀၅၇-၂၂၂၀၂၊ ၀၉-၄၃၀၀၅၄၉၀

# Winner Computer Group

Mawlamyine

အမှတ်(၂၀၄)၊ ၂၄-လမ်းနှင့် ၂၀-လမ်းထောင့်၊ ဒေါက်တာလူစတိုးဘေးလမ်း၊ မြိုင်သာယာ၊ ဖုန်း-၀၉-၈၇၀၀၄၄၉

# တောင်ပိုင်းဘာသာစကားအတားအဆီးကို နှစ်ဘာသာသင်ရိုးဖြင့်ကျော်လွှားနိုင်

■ မင်းဇေကို

ဘာသာစကားသည် လူ့အဖွဲ့အစည်းနှင့်တသားတည်းကျပြီး တောင်ပိုင်းဒေသရှိ မလေးစကားပြော အကြမ်းဖက်အုပ်စုနှင့် သဟဇာတဖြစ်ခြင်းကို အားပေးမြှင့်တင်ရန် နည်းလမ်းတစ်ခုအနေဖြင့် ယခုအခါ လူသိရှင်ကြားသတင်းလွှင့်စည်းရုံးလျက်ရှိသည်။

"ဘာသာစကားနှစ်မျိုးသုံး သင်ရိုးညွှန်းတမ်းနဲ့ ထိုင်း-ပတ္တနီ-မာလာယု-မလေး အဘိဓာန်ဟာ အသုံးတည့်သည့် စာအုပ်ဖြစ်နိုင်ပါတယ်။ ဘာသာရေးနည်းတူ ဘာသာစကားသည်လည်း အရေးကြီးပါတယ်"ဟု နက်နက်ရှိုင်းရှိုင်း ဖြစ်ပွားနေသော တောင်ပိုင်းအကြမ်းဖက်မှုကို အဆုံးသတ်ရန် ကူညီလိုသူ ဘာသာဗေဒပညာရှင် ပါမောက္ခ Suwilai Premsrirat ကဆိုပါသည်၊

အခြေခံသဘောတရားမှာ ရိုးရှင်းပါသည်။ အကယ်၍များ ဘာသာစကား အတားအဆီးများကြောင့် လူထုကို သွေးခွဲသလိုဖြစ်နေလျှင် ဘာသာစကားတွဲသုံးသည့်နည်းကို ထိုဒေသတွင် အသုံးပြုပြီး အချင်းချင်း နားလည်မှုပိုမိုခိုင်မြဲရန်နှင့် ပိုမိုထိတွေ့နီးစပ်မှုရှိစေရန် လုပ်ဆောင်သင့်ပါသည်၊

"ဒေသခံတွေက ကျွန်တော်တို့ရဲ့ အိုင်ဒီယာကို ကြိုဆိုကြတယ်လေ၊ ကျွန်တော်တို့က သူတို့ဘဝနဲ့ သူတို့ပြောဆိုအသုံးပြုနေတဲ့ ဘာသာစကားတို့အပေါ် အလေးထား ဂရုတစိုက်ရှိတယ်။ သူတို့ရဲ့ဘာသာစကားကို ဖျက်ဆီးနှိပ်ကွပ်ပစ်ဖို့ မရည်ရွယ်ပါဘူး။ ကျွန်တော်တို့က သူတို့ရဲ့ဘာသာစကားကို လေးစားအသိအမှတ်ပြုတယ်ဆိုတာ ဒီအိုင်ဒီယာက သူတို့ကို နားလည်သဘောပေါက်စေတယ်"

Suwilaiသည် ကွယ်ပျောက်တော့မည့်အန္တရာယ်နှင့် ရင်ဆိုင်နေရသည့် ဘာသာစကားနှင့် ယဉ်ကျေးမှုများကို ပြန်လည်ထိန်းသိမ်းရန်နှင့် ပြန်လည်အသက်ဝင် ရှင်သန်နိုင်ရေးအတွက် Mahidol တက္ကသိုလ်တွင် အရင်းအမြစ်ဌာန (Resource Centre)ကို ဦးဆောင်နေသူ ဖြစ်ပါသည်၊

ဤစင်တာသည် ထိုင်းနိုင်ငံ သုတေသနရန်ပုံငွေနှင့်အတူ Prince of Songkhla University Pattani Campus နှင့် ဒေသခံ သုတေသီများက လာမည့်နှစ်တွင် Songkhla, Narrathiwat, Pattani နှင့် Yala တို့၌ ထိုင်း-ပတ္တနီမာလာယု ကျောင်းသုံးသင်ရိုးညွှန်းတမ်းကို အကောင်အထည် ဖော်တော့မည်ဖြစ်သည်။

ဘာသာစကားနှစ်မျိုးသုံး သင်ရိုးကို ပထမနှစ်တွင် သူငယ်တန်း ကျောင်းသားများအား ပထမအဆင့် (first-level)ကို သင်ပေးနိုင်မည်ဖြစ်ပြီး ထို့နောက် ဒုတိယအဆင့် (level two)ကျောင်းသားနှင့် ရှေ့ဆက်အတန်းများကို ဆက်တိုက် အသုံးပြုနိုင်မည်ဖြစ်သည်။

ကိုးနှစ်စီမံကိန်းသည် ကျောင်းသားများ ဆဋ္ဌမတန်းပြီးဆုံးသွားသောအခါ ဘာသာစကားနှစ်မျိုးသုံး သင်ရိုးညွှန်းတမ်းအရ ကျောင်းသားများ စွမ်းဆောင်နိုင်မှုကို အကဲဖြတ်သွားမည်။ လေ့လာသုံးသပ် အကဲဖြတ်မှုကို အခြေခံမှုစ၍ စနစ်တကျ ပုံမှန်ပြုလုပ်သွားမည် ဖြစ်သည်။



ထိုင်းနိုင်ငံ တောင်ဘက်စွန်းတွင် နေထိုင်သော ထိုင်းနိုင်ငံသားများသည် ပတ္တနီမာလာယု- မလေးဒေသိယစကား (ဒေသန္တရတိုင်းရင်းဘာသာစကား)ပြောသော မွတ်စလင်အများစု နေထိုင်လျက်ရှိသည်။

ပညာရေးဝန်ကြီးဌာနသည် ထိုင်းဘာသာစကားကို ကျယ်ကျယ်ပြန့်ပြန့် အသုံးမပြုသော ဒေသများမှာပင်လျှင် ယင်းဘာသာစကားကို သင်ကြားမှုမဏ္ဍိုင်စကားအဖြစ် ဥပဒေပြု ပြဋ္ဌာန်းပြီး နှစ်ပေါင်းရှည်ကြာ အသုံးပြုလာခဲ့သည်၊

ဘာသာစကား အခက်အခဲသည် သင်ယူမှုစွမ်းရည်ကို အဟန့်အတား ဖြစ်စေသည်သာမက အစိုးရနှင့် ဒေသခံများအကြား ဆက်ဆံရေးကိုပါ အတားအဆီးခလုတ်သဖွယ် ဖြစ်စေပါသည်။

"တောင်ဘက်စွန်း ဒေသသုံးခုမှာ အစိုးရကျောင်းဆရာများ ထက်ဝက်ကျော်ဟာ ပတ္တနီမာလာယု ဘာသာစကားကို တတ်ကျွမ်းမှု မရှိကြဘူး၊ အကျိုးဆက်အနေနဲ့ ဒေသခံကလေးများ စာသင်ခန်းမှာ ဒုက္ခရောက်တော့တာပေါ့"ဟု Suwilai ကပြောပါသည်။

တောင်ပိုင်းသုတေသီ တစ်ဦးဖြစ်သော Jeh-husen၏ တွေ့ရှိချက်အရ ပတ္တနီမာလာယု စကားပြော ကျောင်းသားများသည် ထိုင်းဘာသာစကားကို ကောင်းစွာ နားမလည်သောကြောင့်သာ ထိုင်းစကားပြော ကျောင်းသားများထက် ပိုမိုပညာရည်နိမ့်ကျနေသည်ကို ယေဘုယျအားဖြင့် တွေ့ရှိထားသည်။

"ဘာသာစကား နှစ်မျိုးသုံး သင်ရိုးညွှန်းတမ်းဟာ ဒီနေရာနဲ့အဆင်ပြေမှာပါ"ဟု ၎င်းကဆိုပါသည်။

Suwilai က သူငယ်တန်းမှ၍ သုံးနှစ်တာ ကာလတစ်လျှောက် သင်ကြားမှုမဏ္ဍိုင်စကားကို ဦးစွာ ပတ္တနီမာလာယု ဘာသာစကားဖြင့် စတင်အသုံးပြုပြီး မူလတန်းပညာရေး ခြောက်နှစ်ကျော် ကာလအတွက် နောက်ပိုင်းကို ထိုင်းဘာသာစကားဖြင့် တဖြည်းဖြည်းတိုး၍ သင်ကြားသွားရန် တောင်ဘက်စွန်းဒေသများ (provinces)ရှိ ကျောင်းများကို အကြံပြုထားပါသည်၊

သင်ရိုးညွှန်းတမ်း ပြင်ဆင်ခြင်းနှင့် ၎င်းကို မိတ်ဆက်ရန် ကျောင်းများရွေးချယ်ခြင်းကို ပညာရေးဝန်ကြီးဌာနက သဘောတူခဲ့ပါသည်၊

**ဘာသာစကားအခက်အခဲသည် သင်ယူမှုစွမ်းရည်ကို အဟန့်အတားဖြစ်စေသည်သာမက အစိုးရနှင့် ဒေသခံများအကြား ဆက်ဆံရေးကိုပါ အတားအဆီးခလုတ်သဖွယ် ဖြစ်စေပါသည်။**

ထိုင်း-ပတ္တနီမာလာယု-မလေး အဘိဓာန်စာအုပ် ထုတ်လုပ်ခြင်းသည် ဆီလျော်သော လုပ်ရပ်တစ်ခုဖြစ်သည်ဟု Jeh-husenက သဘောထားမှတ်ချက်ပြုသည်၊ ၎င်းအဘိဓာန်သည် ထိုင်းစကားပြော အစိုးရအရာရှိများနှင့် ဒေသခံများတို့ ဆက်ဆံရေး အဆင်ပြေစေရန် အထောက်အကူပြုပြီး တစ်ဖက်တွင်လည်း ဒေသိယစကားကို ပျောက်ပျက်မသွားစေရန်လည်း အထောက်အကူပြုစေပါသည်၊

"ပတ္တနီမာလာယုစကားက အတွင်းပိုင်းကျတဲ့ တောင်ပိုင်းနေလူထုရဲ့ ပင်ကိုယ်လက္ခဏာဖြစ်တယ်၊ ဘာသာရေးနဲ့ ဘာသာစကား ရောယှက်ပြီး မြင်နေတယ်"ဟု Jeh-husen က ဆိုပါသည်။

ထိုင်း-ပတ္တနီမာလာယု-မလေး အဘိဓာန်စာအုပ် ပြုစုခြင်းအလုပ်သည် ပြီးပြည့်စုံခြင်းသို့ ရောက်လုနီးပြီ ဖြစ်သည်။ စာအုပ်မူကြမ်းတွင် ဝေါဟာရစကားလုံး ၅၀၀၀ ပါဝင်ပြီး အများပြည်သူရှေ့မှောက်သို့ ချပြ၍ ကြားနာရန်ဖြစ်ပါသည်။

နောက်ထပ် တောင်ပိုင်းသုတေသီ တစ်ဦးဖြစ်သူ Wae-yusoh Sama-alee က အဘိဓာန်စာအုပ်ကို လာမည့်အနာဂတ်တွင် စကားလုံးများ ပိုမိုထည့်သွင်းလိမ့်မည်ဟု ဆိုပါသည်။

"ဘာသာစကား နှစ်မျိုးသုံး သင်ရိုးနဲ့တော့ ဒေသခံမွတ်စလင်ကျောင်းသားများ အတန်းထဲမှာ ပျော်နေကြမှာပဲ" ဟု Suwilai က ဆိုပါသည်၊

ဘာသာစကား အလေးပေးထားသည့် စီမံကိန်းများသည် အကြမ်းဖက်မှုကို လျှော့ချလိမ့်မည်ဟု သူစိတ်ချယုံကြည်သည်။

ဝန်ကြီးဌာန စာရင်းဇယားအရ ဒေသသုံးခုတွင်ရှိသည့် အစိုးရကျောင်းများတွင် သူငယ်တန်းကလေး ၇၁၆၅၀ ဦးရှိပြီး ပုဂ္ဂလိကကျောင်းများတွင် ၁၂၂၅၀ ဦးရှိသည်။ မူလတန်းအဆင့် အစိုးရကျောင်းများတွင် ကလေးပေါင်း ၁၈၄၈၉၀ ဦးရှိပြီး ပုဂ္ဂလိကပညာရေးတွင် ကလေးပေါင်း ၂၂၂၀၀ ဦး ရှိပါသည်။

အလယ်တန်းအောက်ဆင့် အစိုးရကျောင်းမှ ကျောင်းသားဦးရေ ၂၂၄၅၀ ရှိပြီး ပုဂ္ဂလိက ပညာရေးတွင် ကျောင်းသားပေါင်း ၅၁၉၈၀ ရှိသည်။ အထက်တန်းအဆင့်တွင် အစိုးရကျောင်းမှ ကျောင်းသားဦးရေ ၇၇၄၀ ရှိပြီး ပုဂ္ဂလိကပညာရေးကျောင်းတွင် ၃၇၇၈၀ ဦးရှိပါသည်။

"မွတ်စလင်လူငယ်တွေဟာ သူတို့အတန်းကြီးလာတာနဲ့အမျှ ပုဂ္ဂလိက ပညာရေးကျောင်းကိုသာ ပိုမိုနှစ်သက်ကြတာကို ရှင်းရှင်းလင်းလင်း မြင်တွေ့နေရတယ်။ သိပ်သေချာတဲ့ အချက်တစ်ချက်ကတော့ ပုဂ္ဂလိက ပညာရေးကျောင်းတွေဟာ အစ္စလာမ်ဘာသာရေးကို သင်ကြားမှုအချိန် ပိုပေးလို့ဖြစ်တယ်" ဟု Jeh-husen က ထောက်ပြပါသည်။

ပုဂ္ဂလိက ပညာရေးကျောင်းတွင် ကလေးဦးရေ ပိုမိုတိုးပွားလာခြင်းသည် ဒေသခံများ၏ လိုအင်ဆန္ဒကို တာဝန်ယူဖြည့်ဆည်းပေးရန် အစိုးရမှ ပျက်ကွက်နေသည်ကို ရောင်ပြန်ဟပ်သည်ဟု ၎င်းကထပ်လောင်းဖြည့်စွက်ပြောကြားခဲ့သည်။

အတွင်းပိုင်းကျသည့် တောင်ပိုင်းတွင် တာဝန်ထမ်းဆောင်သော အစိုးရအရာရှိများကို ပတ္တနီမာလာယု ဘာသာစကားသင်ပေးသင့်သည်ဟု Jeh-husen က ဆိုပါသည်။

"လူတိုင်းက ဘာသာစကားတစ်မျိုးတည်းကို ပြောဆိုကြတဲ့အခါ ရင်ကြားစေ့ခြင်းဝန်းကျင်စရိုက် တိုးတက်လာမယ်၊ အစိုးရနဲ့ ဒေသခံများအကြား နှောင်ကြိုးလည်း တိုးတက်ကောင်းမွန်လာမယ်" ဟု Jeh-husen က ဆိုပါသည်။

အစိုးရအရာရှိများအား ပတ္တနီမာလာယု ဘာသာစကားသင်တန်းများ စီစဉ်ပေးရန် အစိုးရ၏ မူဝါဒအပေါ်တွင် မူတည်ပါသည်ဟု Wae-yusoh ကဆိုပါသည်။

Ref: Bilingual Curriculum could break down language barrier in the South, by Chularat Saengpassa, The Nation April 26, 2007

ကျွန်ုပ်တို့ဂျာနယ်တွင် ပြည်သူ့အသံနှင့် အခမဲ့ကြော်ငြာကဏ္ဍများ ထည့်သွင်းဖော်ပြသွားမည်ဖြစ်သဖြင့် ဂျာနယ်တိုက်နှင့်ဆက်သွယ် ထည့်သွင်းနိုင်ပါသည်

# အရေးပါလာသည့် မွန်မှုသုတေသနစာတမ်းဖတ်ပွဲ

■ မောင်မှိုင်း(ရာမညမြေ)

**ယခုအခါတွင် ပွင့်လင်းမြင်သာရှိမှုနှင့်အတူ တိုးတက်ပြောင်းလဲလာသော အခြေအနေများက လူမျိုးစုတိုင်းအတွက် မိမိတို့လူမျိုးလေ့ရိုးရာ၊ စာပေယဉ်ကျေးမှုတို့ကို ဖော်ထုတ်နိုင်ရန် အခွင့်အခါကောင်း ဖြစ်လာစေသည်။ မိမိတို့လူမျိုး၏ တန်ဘိုးထားမှုများကို မျိုးဆက်သစ်တို့ အမွေဆက်ခံနိုင်ရေးအတွက် ဆောင်ရွက်ရန်မှာ လူသားတိုင်း၏တာဝန်ဖြစ်ပြီး ထိုတာဝန်ကို အလေးအနက် အကောင်အထည်ဖော်ရန် လိုအပ်ပါသည်။**



မွန်ရိုးရာဓလေ့ထုံးတမ်းများနှင့် စာပေကို ချစ်မြတ်နိုးသော ဝါသနာရှင်များ၏ ကြိုးပမ်းအားထုတ်မှုဖြင့် မွန်ပြည်နယ်တွင် မွန်မှုသုတေသနစာတမ်းဖတ်ပွဲကို ၂၀၀၈ ခုနှစ်မှ စတင်ကျင်းပလာရာ စတုတ္ထအကြိမ်အဖြစ် လွန်ခဲ့သည့် ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ (၁၄) ရက်နေ့ တွင် မော်လမြိုင်မြို့၊ ရွှေမြင့်မိုရ်ထွန်းဟိုတယ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့သည်။ ၎င်းအခမ်းအနားသို့ စာပေဝါသနာရှင်များ၊ မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီဝင်များ၊ မွန်ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများအကြောင်းကို စိတ်ပါဝင်စားသူများ၊ တက္ကသိုလ်များမှ ဆရာဆရာမများ၊ တက္ကသိုလ်ကျောင်းသားများ စုစုပေါင်း (၃၅၀)ဦးခန့် တက်ရောက်ခဲ့ကြသည်။ စာတမ်းဖတ်ပွဲတွင် စာတမ်းစုစုပေါင်း (၅)စောင်ဖတ်ကြားခဲ့ပြီး ကြီးကြပ်ဆောင်ရွက်ပေးသော သဘာပတိအဖွဲ့တွင် မော်လမြိုင်တက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခ(ဌာနမှူး) ဆရာမကြီး ဒေါက်တာနွယ်နီတင်၊ မော်လမြိုင်တက္ကသိုလ် မြန်မာစာဌာနမှ ပါမောက္ခ(ဌာနမှူး) ဆရာမကြီး ဒေါက်တာခင်မာရီ၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း) နိုင်ခင်မောင်လေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လက်ထောက်အင်ဂျင်နီယာ(စက်မှု) (ငြိမ်း) ဦးမင်းကျန်ရစ်၊ မန္တလေးသူနာပြုတက္ကသိုလ်မှ တွဲဖက်ပါမောက္ခ(ဌာနမှူး) (ငြိမ်း) ဦးမင်းစိန်တီတို့ ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည်။

"စာပေပညာရှင်တချို့ အပါအဝင် ကျွန်တော်တို့ ဝါသနာရှင်တွေက အချင်းချင်းစုပြီး ကိုယ့်အားကိုယ်ကိုးလုပ်လာတာပါ၊ နောက်တော့ ကျွန်တော်တို့လုပ်တဲ့ ရည်ရွယ်ချက်ကို သဘောကျလို့ ငွေကြေးပိုင်းမှာ ကူညီပေးလာတဲ့ အဖွဲ့တွေရှိလာပါတယ်၊ အဓိကကတော့ ငြိမ်းဖောင်ဒေးရှင်းပါ၊ ၂၀၀၈ ခုနှစ်ကစပြီး ကျင်းပလာခဲ့တာ အခုဆို စတုတ္ထအကြိမ်အထိ ရှိလာပါပြီ၊ မွန်မှုသုတေသနစာတမ်းပေါင်း ၁၈ ခု ဖတ်ကြားခဲ့ပြီးတော့ တတိယအကြိမ်အထိဖတ်ကြားခဲ့တဲ့ စာတမ်းစုစုပေါင်း (၁၃)စောင်ကို စုစည်းပြီး အခုစာအုပ်ထုတ်ထားပြီးပါပြီ"ဟု စာတမ်းဖတ်ပွဲဖြစ်မြောက်ရေးအဖွဲ့ခေါင်းဆောင် ဦးနိုင်တင့်ခိုင်က ပြောပါသည်။

မွန်မှုသုတေသနစာတမ်းဖတ်ပွဲကို ကျင်းပရသည်မှာ မွန်တိုင်းရင်းသားတို့သည် ရှေးကျသည့်ယဉ်ကျေးမှု၊ ရှေးကျသည့် စာပေကို ပိုင်ဆိုင်ခဲ့သည့် လူမျိုးဖြစ်သည်နှင့်အညီ ထိုစာပေယဉ်ကျေးမှုတို့ကို အရှည်သဖြင့် တည်တံ့သွားရန်၊ ပျောက်ဆုံးလုနီးပါးဖြစ်သည့် သမိုင်း၊ အမွေအနှစ်တို့ကို ကျယ်ကျယ်ပြန့်ပြန့် သုတေသနပြုရန် လိုအပ်ခြင်းကြောင့် လည်းကောင်း၊ ပညာရှင်များ၊ ဝါသနာရှင်များ၊ လူငယ်လူရွယ်ပညာတတ်များ သုတေသနလုပ်ငန်းတွင် စိတ်ဝင်စားပြီး သုတေသနလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် တိမ်မြုပ်ပျောက်ဆုံးနေသည့် အမွေအနှစ်များကို ဖော်ထုတ်နိုင်ရေး ဝိုင်းဝန်းလုပ်ဆောင်လာစေရန်အတွက်လည်းကောင်း ရည်ရွယ်ကျင်းပခြင်းဖြစ်ပါသည်။

စာတမ်းဖတ်ပွဲတွင် သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သော ဆရာဦးမင်းစိန်တီကလည်း "ဒီနေ့ကျင်းပနေတဲ့ မွန်မှုသုတေသနစာတမ်းဖတ်ပွဲဟာ သုတေသန လုပ်ငန်းရဲ့ အသီးအပွင့်တစ်ခု ဖြစ်ပါတယ်။ သုတေသနလုပ်ငန်းတွေထဲမှာ ပြင်ဆင်ခြင်း၊ လေ့လာခြင်း၊ သုတေသနပြုခြင်း၊ သုတေသနစာတမ်းပြုစုခြင်း၊ တင်ပြခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊ အသုံးချခြင်းဆိုပြီး အဆင့်ဆင့် ရှိပါတယ်။ သုတေသနရဲ့ ပုံစံပေါ်မူတည်ပြီး ကွဲပြားခြားနားမှုရှိပေမယ့် အကြောင်းအရာအသစ်တစ်ခု သို့မဟုတ် ပိုမိုပြည့်စုံတဲ့ အချက်အလက်များကို ရှာဖွေဖော်ထုတ်တဲ့ သုတေသနလုပ်ငန်းက ကမ္ဘာတိုင်းမှာ လိုအပ်ပါတယ်။ တစ်ဖက်ကလည်း လူငယ်လူရွယ် ပညာတတ်တွေ၊ တက္ကသိုလ်မွန်ကျောင်းသူကျောင်းသားတွေစတဲ့ မျိုးဆက်သစ်တွေ သုတေသနလုပ်ငန်းများမှာ ပါဝင်လာဖို့ ကြိုးစားသွားရမှာဖြစ်ပါတယ်" ဟု ရှင်းပြခဲ့သည်ကိုလည်း ကြားခဲ့ရသည်။

မွန်မှုသုတေသနစာတမ်းဖတ်ပွဲတွင် ငွေကြေးကူညီထောက်ပံ့မှု ပေးခဲ့သည့် ငြိမ်းဖောင်ဒေးရှင်းမှ တာဝန်ရှိသူတစ်ဦးက "မွန်ပြည်နယ်မှာ အခုလိုလုပ်နိုင်တာ ကျွန်တော်တို့အနေနဲ့ အရမ်းအားကျပါတယ်၊ ကျွန်တော်တို့အဖွဲ့အစည်းက ငြိမ်းချမ်းရေးကို ဦးတည်ဆောင်ရွက်နေတာဖြစ်တော့ ငြိမ်းချမ်းရေးအမြင်ရှုထောင့်ကကြည့်တဲ့ ကျွန်တော်တို့ရဲ့ယုံကြည်မှုတစ်ခုက တိုင်းရင်းသားတွေရဲ့ စာပေယဉ်ကျေးမှုတွေကို ဖော်ထုတ်မြှင့်တင်တာဟာ တိုင်းရင်းသားတွေရဲ့ အခြေခံရပိုင်ခွင့်ကို တစ်နည်းတစ်ဖုံ ဖြည့်ဆည်းပေးတာဖြစ်လို့ သွယ်ဝိုက်တဲ့နည်းတဲ့ ငြိမ်းချမ်းရေးကို အထောက်အကူဖြစ်စေတယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် အတတ်နိုင်ဆုံး ပါဝင်ကူညီပေးတာပါ၊ အခုလို သုတေသနစာတမ်းဖတ်ပွဲမျိုး တခြားတိုင်းရင်းသားတွေဆီမှာလည်းလုပ်နိုင်ရင် ပိုကောင်းမယ်လို့မြင်ပါတယ်" ဟု ပြောပါသည်။

ဖြစ်မြောက်ရေးအဖွဲ့ဝင်နှင့် ယခင်က စာတမ်းဖတ်ကြားခဲ့ဖူးသော ကိုမင်းအောင်ထူးက " ကျွန်တော်တို့ မွန်လူမျိုးတွေကို ကြည့်ရင် သုတေသနဘက်မှာအားနည်းနေပါသေးတယ်။ မွန်တို့နဲ့ ပတ်သက်တဲ့ အကြောင်းအရာကိစ္စရပ်တွေကို အခြား အခြားသော တိုင်းတစ်ပါးလူမျိုးတွေက သုတေသနပြုနေတာကို ကမ္ဘာအနှံ့မှာတွေ့နိုင်ပါတယ်။ ဒီ့အတွက် ကျွန်တော်တို့ ဂုဏ်ယူဝမ်းမြောက်ပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့နဲ့ပတ်သက်တာကို ကျွန်တော်တို့ လူမျိုးတွေကိုယ်တိုင် သုတေသနပြုတာဟာ ပိုပြီးပြည့်စုံနိုင်မယ်၊ ပိုပြီး မှန်ကန်နိုင်မယ်၊ ပိုပြီးစနစ်တကျ သုံးသပ်ကောက်ချက်ချနိုင်မယ်လို့ ယူဆပါတယ်။ တစ်ခါတစ်ရံမှာ တွေ့ရတတ်တဲ့ ပညာရှင်မပီသတဲ့ ပညာရှင်အချို့ရဲ့ လိုရာဆွဲကောက်ချက်ချတတ်တာတွေကိုလည်း ကျွန်တော်တို့ ကာကွယ်နိုင်တာပေါ့။ သို့သော်လည်းပဲ အခုလက်ရှိ သုတေသနဘက်မှာ တကယ်တတ်ကျွမ်းပြီး လုပ်နိုင်မယ့်လူက ကျွန်တော်တို့ မွန်အသိုင်းအဝိုင်းမှာ လက်ချိုးရေလို့ရပါတယ်" ဟု ဆိုပါသည်။

"ဒီမွန်မှုသုတေသနစာတမ်းရှင်တွေဟာ ကိုယ့်အားကိုယ်ကိုးပြီး သုတေသနလုပ်ငန်းများကို ဆောင်ရွက်နေတာပါ။ လောလောဆယ်မှာ ကျွန်တော်တို့ဘက်က ပေးနိုင်တာက စာရွက်စာတမ်းကြေးလောက်ပါပဲ။ ဒီလိုအခြေအနေမှာ သူတို့ကြိုးစား ရှာဖွေထားတဲ့ သုတေသနတွေ့ရှိချက်တွေကို အခုတင်ပြနေတာဖြစ်တဲ့အတွက် ကျွန်တော်တို့ တစ်မျိုးသားလုံးက သူတို့ကို ကျေးဇူးတင်ရမှာဖြစ်ပါတယ်။"ဟု ဖြစ်မြောက်ရေးအဖွဲ့ဝင်တစ်ဦးက ပြောကြားသွားသည်။

ကျင်းပပြီးစီးခဲ့သည့် စာတမ်းဖတ်ပွဲ (၄) ကြိမ်တွင် မွန်မှုသုတေသနစာတမ်းစုစုပေါင်း (၁၈)စောင်ဖတ်ကြားခဲ့ပြီး ၎င်းစာတမ်း များမှာ

၂၀/၇/၂၀၀၈ ရက်နေ့၊ ငွေမိုးဟိုတယ်၌ ကျင်းပသည့် ပထမအကြိမ်တွင်-

၁။ သုတေသနမိတ်ဆက် (ဦးမင်းစိန်တီ )
၂။ ဟသာ (နိုင်ခင်မောင်လေး )
၃။ စိတ်ဝင်စားဖွယ် ရှေးမွန်ကျောက်စာ တစ်ချပ် (ဒေါ်မိဇေ့ဟန်)
၄။ မွန်ဂီတသမိုင်း (ဦးမင်းနိုင်မွန်)

၂၃/၈/၂၀၀၉ ရက်နေ့၊ ငွေမိုးဟိုတယ်၌ ကျင်းပသည့် ဒုတိယအကြိမ်တွင်-

၁။ ပန်းဆယ်မျိုး၏အမည်ကို ဘာသာဗေဒ ရှုထောင့်မှလေ့လာခြင်း (ဒေါ်မိသီသီထွဋ်)
၂။ မနုဟာ၊ စိန်ပြာ၊ တိုက်တန်းနစ် (နိုင်ခင်မောင်လေး)
၃။ သောင်ရင်း၊ ဒေါနဲ၊ မြဝတီ (ဒေါက်တာမင်းနွယ်စိုး)
၄။ ရှေးဟောင်းမွန်ကျောက်စာများ (မင်းခိုင်ဇော်ဦး)

၆/၂/၁၁ ရက်နေ့ ရွှေမြင့်မိုရ်ထွန်းဟိုတယ်၌ကျင်းပသော တတိယအကြိမ်တွင်-

၁။ ပြောင်းလဲလာသောမွန်သတ်ပုံရေးထုံး (ဒေါက်တာမင်းနွယ်စိုး)
၂။ ရာမညဂီတရှာပုံတော် (မင်းအောင်ထူး)
၃။ မွန်လူမျိုးတို့ ရိုးရာနတ်ကနားကရခြင်း အကြောင်းတရား ဆန်းစစ်ချက် (နိုင်မောင်တိုး)

၁၄/၁/၂၀၁၂ ရက်နေ့၊ ရွှေမြင့်မိုရ်ထွန်းဟိုတယ်၌ကျင်းပသည့် စတုတ္ထအကြိမ်တွင်-

၁။ မွန်လူမျိုးတို့၏ လက်ထပ်ထိမ်းမြားခြင်း၊ ကွာရှင်းခြင်း၊ သားသမီးမွေးစားခြင်း၊ အမွေဆက်ခံခြင်းတို့ကို လေ့လာတင်ပြခြင်း (ဒေါ်ဝင်းဝင်းခိုင်)
၂။ မွန်မင်းများလက်ထက်တရားစီရင်ရေး (ဒေါက်တာမိခင်စောအောင်)
၃။ သံဖြူဇရပ်မြို့နယ်၏ မွန်ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ (ဒေါက်တာနွယ်နွယ်အေး)
၄။ မွန်ဘာသာစကားတွင် စကားသံပြောင်းလဲလာပုံ (ဒေါက်တာမျိုးမင်း)
၅။ မွန်လူမျိုးတို့ အသုံးပြုသောတူရိယာများ အကြောင်းတစေ့တစောင်းလေ့လာခြင်း (နိုင်ထောပိုင်) စသည့်စာတမ်းများ ဖြစ်ပါသည်။

ယခုအခါတွင် ပွင့်လင်းမြင်သာရှိမှုနှင့်အတူ တိုးတက်ပြောင်းလဲလာသော အခြေအနေများက လူမျိုးစုတိုင်းအတွက် မိမိတို့လူမျိုးဓလေ့ရိုးရာ၊ စာပေယဉ်ကျေးမှုတို့ကို ဖော်ထုတ်နိုင်ရန် အခွင့်အခါကောင်း ဖြစ်လာစေသည်။ မိမိတို့ လူမျိုး၏ တန်ဘိုးထားမှုများကို မျိုးဆက်သစ်တို့ အမွေဆက်ခံနိုင်ရေးအတွက် ဆောင်ရွက်ရန်မှာ လူသားတိုင်း၏တာဝန်ဖြစ်သည်။ သို့မှလည်း အမျိုးသားရေးကိုယ်ခံအားကောင်းသော မျိုးဆက်သစ်များကို မွေးထုတ်နိုင်မည်ဖြစ်သည်။ ထိုသို့သော မိမိတို့ လူမျိုးစုများ၏ တန်ဘိုးထားမှု အစဉ်အလာများကို တစ်ဖက်တစ်လမ်းမှ ဖော်ထုတ်ပေးနိုင်ရန်အတွက် မွန်မှုသုတေသနစာတမ်းဖတ်ပွဲသည် အရေးပါသော အခန်းကဏ္ဍတစ်ခု ဖြစ်လာကြောင်း ပညာရှင်များကသုံးသပ် လာသည်နှင့်အညီ အနာဂတ်တွင် မွန်မှုသုတေသနစာတမ်းဖတ်ပွဲကို အနည်းဆုံး တစ်နှစ်လျှင်တစ်ကြိမ် ဖြစ်မြောက်အောင် ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ပြောကြားပါသည်။

# ကိုလိုနီခေတ်မော်လမြိုင်

အံ့ကျော်



## (က) ဗျူရိုကရေစီ အုပ်ချုပ်ရေး

မော်လမြိုင်မြို့ကို တနင်္သာရီတိုင်း မြို့တော်အဖြစ် တည်ထောင်ပြီးနောက် အုပ်ချုပ်ရေးယန္တရားကို ကျိုက္ခမီမှ မော်လမြိုင်သို့ ပြောင်းရွှေ့ရာတွင် အုပ်ချုပ်ရေး စဉ်ဆက်မပြတ်လည်ပတ်နိုင်ရေးအတွက် ကြိုးပမ်းသည်။ ယာယီရုံးများကို ၂ နှစ် ၃နှစ်ခံသော ပစ္စည်းများဖြင့် အလျင်အမြန် တည်ဆောက်သည်။ နေသားတကျ ရှိသောအခါမှသာ အဆောက်အဦးများကို အခိုင်အမာတည်ဆောက်သည်။

ပထမဆုံးသော ဝန်ရှင်တော်မင်းကြီးရုံးသည် "တပ်မြို့"တွင် တည်ရှိသည်။ ကောဇာ ၁၁၉၇ ခုနှစ် (ခရစ် ၁၈၃၅)ရောက်မှသာ ဝန်ရှင်တော်မင်းကြီးရုံး (ယခုပြည်နယ်ရဲမှူးကြီးရုံး)ကို တည်ဆောက်ပြီးစီးသည်။ ကောဇာ ၁၂၀၆ ခုနှစ် (ခရစ် ၁၈၄၄)တွင် တရားရုံး (ယခု မွန်ပြည်နယ်တရားရုံး)ကို လည်းကောင်း၊ ကောဇာ ၁၂၂၂ ခုနှစ် (ခရစ် ၁၈၆၀)တွင် အရေးပိုင်ရုံး (ယခု ခ-ယ-ကရုံး)ကိုလည်းကောင်း ဆောက်လုပ်ပြီးစီးသည်။

တနင်္သာရီတိုင်း အုပ်ချုပ်ရေးဝန်ထမ်းတွင် ဝန်ရှင်တော်မင်းကြီး (Commissioner) သည် ထိပ်ဆုံးတွင်ရှိသည်။ ဝန်ရှင်တော်မင်းကြီးသည် မိမိရုံးစိုက်ရာဒေသ၌ တရားစီရင်ရသည်။ မုတ္တမနှင့် ထားဝယ်မြို့နယ်များသို့လည်း သွားရောက်လှည့်လည်၍ တရားစစ်ဆေးရသည်။ ထောင်၊ ဆေးရုံနှင့် မှတ်တမ်းများကို စစ်ဆေးရသည်။

ဝန်ရှင်တော်မင်းကြီး လက်အောက်တွင် ခရိုင်များကို ကြီးကြပ်ရန် အရေးပိုင်များ (Deputy Commissioners)၊ လက်ထောက်ဝန်ရှင်တော်မင်းကြီးများ (Assistant Commissioners) နှင့် ဝန်ထောက်များ (Extra Assistant Commissioners) များရှိသည်။

ထိုစဉ်က အုပ်ချုပ်ရေးတွင် ဗျူရိုကရေစီ (Bureauecracy) စနစ်ကို ကျင့်သုံးသည်။ အဆင့်ဆင့် တင်းကျပ်စွာချုပ်ကိုင်ထားသော အုပ်ချုပ်ရေးစနစ် ဖြစ်သည်။

ခရိုင်တစ်ခုတွင် အရေးပိုင်သည် ရာထူးအမြင့်ဆုံးဖြစ်သည်။ တရားမဌာန၊ ရာဇဝတ်ဌာနနှင့် အခွန်ဌာနတို့တွင် တာဝန်အရှိဆုံးဖြစ်သည်။ မှတ်တမ်းများ၏ မော်ကွန်းထိန်းလည်း ဖြစ်သည်။ ရဲတပ်ဖွဲ့ကိုလည်း ကြပ်မတ်ပေးရသည်။ အခါအားလျော်စွာ နယ်လှည့်ပြီး စိုက်ပျိုးရေးအခြေအနေကို လေ့လာရသည်။ လက်အောက်ခံ အရာရှိများကို ကွပ်ကဲရသည်။

လက်ထောက် ဝန်ရှင်တော်မင်းကြီးနှင့် ဝန်ထောက်တို့မှာ တရားရုံးများတွင်သာ တာဝန်ထမ်းဆောင်ရသည်။ လက်ထောက်ဝန်ရှင်တော်မင်းကြီးမှ အထက်ရာထူးကြီးများကို ဥရောပသားများသာ ခန့်ထားခြင်းခံရသည်။ ဝန်ထောက်ရာထူးတွင် မြန်မာနိုင်ငံသားများလည်း ပါဝင်ထမ်းဆောင်ခွင့်ရသည်။ မိမိတို့အလုပ်နှင့် ပတ်သက်သော လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ စာမေးပွဲများကို ဖြေဆိုအောင်မြင်ရသည်။ အထက်ပါ အရာရှိများသည် ဗျူရိုကရေစီယန္တရား၏ ဒေါက်တိုင်ကြီးများ တစ်နည်းအားဖြင့် "ဗျူရိုကရက် Bureaucrat"ကြီးများ ဖြစ်ကြသည်။

အောက်ခြေဝန်ထမ်းများမှာ စစ်ကဲများ၊ ခေါင်းချုပ်များ၊ သူကြီးများနှင့် ကြေးထမ်းကြီးများ ဖြစ်ကြသည်။

စစ်ကဲရာထူးမှာ မြန်မာမင်းလက်ထက်ကပင်ရှိသည်။ အင်္ဂလိပ်လက်ထက်တွင် စစ်ကဲများသည် ခရိုင်မြို့ကြီးများတွင် တရားမနှင့် ရာဇဝတ်အမှုငယ်များကို စီရင်ရသော တိုင်းရင်းသားတရားသူကြီးများ ဖြစ်ကြသည်။ စစ်ကဲတစ်ဦး၏ လစာမှာ ကျပ် ၃၀၀ ဖြစ်သည်။ ဦးထော်လေးသည် ကောဇာ ၁၁၉၇ ခုနှစ် ဝါဆိုလဆန်း ၇ ရက် (၁ ဇူလိုင် ၁၈၃၅)တွင် လစာ ၁၂၅ ကျပ်ဖြင့် မော်လမြိုင်မြောက်ပိုင်းစစ်ကဲဖြစ်အဖြစ် ခန့်အပ်ခြင်းခံရသည်။ ရွှေကျင်ဝန်ကြီး ဦးမြတ်ဖြူမှာ မော်လမြိုင်မြောက်ပိုင်း စစ်ကဲဖြစ်သည်။

ခေါင်းချုပ်များကို ၂၅ ကျပ်မှ ကျပ် ၁၀၀ အထိ လစာအမျိုးမျိုးပေးသည်။ ကောဇာ ၁၂၃၂ ခုနှစ် (ခရစ် ၁၈၇၀)တွင် ခေါင်းချုပ်နှင့် ရာထူးအဆင့်တူသော မြို့အုပ်ရာထူးပေါ်လာသည်။ မြို့အုပ်ရာထူးကို တိုင်းရင်းသားထဲမှ အရည်အချင်းစစ် စာမေးပွဲကျင်းပကာ ရွေးချယ်ခန့်ထားသည်။

သူကြီးများကို ရပ်ရွာအေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အခွန်ကောက်ခံရေးတို့အတွက် ခန့်ထားသည်။ သူကြီးများကို မိမိတို့ကောက်ခံရရှိသော အခွန်ပေါ်မှ အချိုးကျပေးသည်။

သူကြီးများ၏ တာဝန်မှာ များပြားကျယ်ပြန့်လာသည့်အတွက် သူကြီးများကို ကူညီရန် "ကြေးထမ်းကြီး"ခေါ် အခွန်ကောက်ခံပေးရသော ရွာလူကြီးများကို ခန့်ထားသည်။

အုပ်ချုပ်ရေးကျယ်ပြန့်လာသောအခါ ခရိုင်မြို့ကြီးများတွင် ဆိပ်ကမ်းအရာရှိ (Master Attendants) များကို ခန့်ထားသည်။ ထိုအရာရှိတို့ တာဝန်များမှာ မြို့နယ်ရာဇဝတ်တရားသူကြီးတာဝန်၊ သစ်လုပ်ငန်းခွန် ကောက်ခံပေးရသည့်တာဝန်၊ စာတိုက်ဗိုလ်တာဝန်၊ သိုလှောင်ရုံများ ကြီးကြပ်ရသည့်တာဝန်နှင့် ရေကြောင်းအရာရှိများကို ကြီးကြပ်ပေးရသည့် တာဝန်တို့ ဖြစ်ကြသည်။

ကောဇာ ၁၂၁၈ ခုနှစ် (ခရစ် ၁၈၅၆) တွင် မော်လမြိုင်မြို့နယ်အတွက် ရာဇဝတ်တရားသူကြီးကို စတင်ထားရှိသည်။

## (ခ) တရားစီရင်ရေး

ဝန်ရှင်တော်မင်းကြီး "မိန်းဂေး"သည် ကောဇာ ၁၁၉၁ (ခရစ် ၁၈၂၉)တွင် "ဂျူရီ" (Jury) စနစ် (ခုံသမာဓိစနစ်)ဖြင့် တရားစီရင်သော စနစ်ကို စတင်ကျင့်သုံးသည်။ ဂျူရီလူကြီးများတွင် စစ်ကဲများ၊ သူကောင်းပြုတရားသူကြီးများ၊ သမာဓိလူကြီးများ ပါဝင်ကြသည်။ ကောဇာ ၁၁၉၄ ခုနှစ် (ခရစ် ၁၈၃၂)တွင် မော်လမြိုင်အရပ်သားဦးရေမှာ (၁၄၀၀၀)သာ ရှိသေးသည်။ အများစုမှာ တိုင်းရင်းသား ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည်။ အမှုအခင်းအလွန်နည်းပါးသည်။ တိုင်းရင်းသား တရားသူကြီးများကလည်း "ကြီးသောအမှုငယ်စေ၊ ငယ်သောအမှုပပျောက်စေ"ဟူသော ခံယူချက်ဖြင့် တရားစီရင်သည်။ ဂျူရီစနစ်ဖြင့် စီရင်သော အမှုများအနက် ထူးခြားသော အမှု ၄ မှုအကြောင်း တင်ပြလိုပေသည်။

ပထမအမှုစီရင်ပုံမှာ တရားလိုရောတရားခံပါ မြို့တွင်းလှည့်လည်ပြီး မောင်းတီးစေသည်။ အဘယ်ကြောင့် ဤသို့ စီရင်ရသနည်းဟူမူ ယင်းတို့နှစ်ဦးမှာ ဇနီးမောင်နှံများဖြစ်ကြပြီး အသေးအဖွဲကိစ္စလေးများအတွက် မကြာခဏခိုက်ရန်ဖြစ်ပွားပြီး တရားရုံးရောက်သည်။ တရားသူကြီးများကို ဒုက္ခပေးသည်။ တတိယအကြိမ် တရားရုံးသို့ ရောက်သောအခါ ဂျူရီလူကြီးများက အထက်ပါအတိုင်း စီရင်သည်။ ဤအမှုတွင် တရားလိုရော တရားခံပါ အပြစ်ရကြသည်။

ဒုတိယအမှုတွင် တရားလိုအပြစ်ရ၍ တရားခံလွတ်သွားသည်။ အဘယ့်ကြောင့်ဆိုသော် အမှုစစ်ဆေးလိုက်သည့်အခါ မုဒိမ်းမှုဟုလာရောက်တိုင်ကြားသော တရားလိုသည် တရားခံအားမြှူဆွယ်ကြောင်း တွေ့ရသောကြောင့် ဖြစ်သည်။

တတိယအမှုမှာ ခိုးမှုဖြစ်သည်။ ဤအမှုတွင် တရားခံမှာ အပြစ်ရှိသည်ဖြစ်၍ အကျဉ်းချရန် ဖြစ်သော်လည်း အချုပ်တွင်သာ ထားလျက် ခိုးသော ငွေပြန်ရစေရန် ကူလီလုပ်ခိုင်းကြောင်းတွေ့ရသည်။

စတုတ္ထအမှုမှာ ဇနီးအားစွန့်ပစ်သွားသောအမှု ဖြစ်သည်။ ဤအမှုတွင် တရားခံအားအစိုးရအလုပ်ကို လုပ်စေ၍ ရရှိသော လစာ၏အချို့အဝက်ကို ဇနီးအား ထောက်ပံ့စေသည်။

အထက်ပါစီရင်ပုံများမှ ဥပဒေအရ မဟုတ်စေကာမူ တရားမျှတမှုမရှိဟု ဆိုရန် ခက်ခဲပေလိမ့်မည်။

ကောဇာ ၁၂၀၅ (ခရစ် ၁၈၄၃)တိုင်အောင် တရားရုံးကုန်ကျစရိတ်မှာ ၄ ကျပ်၊ ၅ ကျပ်မျှသာ ဖြစ်သည်။ ကောဇာ ၁၂၁၉ ခုနှစ်၊ (ခရစ် ၁၈၅၇)အထိ တံဆိပ်ခေါင်းခွန် မပေးရသေးချေ။ တရားမနှင့် ရာဇဝတ်မှုများအတွက် ဝရမ်းထုတ်ခြင်းကို ၂ ကျပ်၊ သမ္မန်စာအတွက် ၁ ကျပ်၊ ဆင့်ခေါ်စာအတွက် ၄ ပဲသာ ကောက်ခံသည်။ တရားကွမ်းဖိုးကို အမှု၏ ၁၀ ရာခိုင်နှုန်းသာ သတ်မှတ်၍ တရားရုံးသူက ပေးဆပ်ရသည်။ တရားခံမှာ ဆင်းရဲလျှင် တရားကွမ်းဖိုးကို လျှော့၍ တရားခံသို့ သမ္မန်စာဆင့်ခေါ်ခအတွက် ငွေတစ်ကျပ်နှင့် သက်သေဆင့်ခေါ်ခအတွက် တစ်ပဲသာ ကျခံရသည်။ အလွန်ဆင်းရဲသော တရားခံဖြစ်လျှင် သမ္မန်စာဆင့်သူ၊ ဆင့်ခေါ်စာပို့သူတို့က အခမယူပေ။ ကုန်ကျရန် မလိုတော့ချေ။

"မိန်းဂေး"ကို ဆက်ခံသော ဝန်ရှင်တော်မင်းကြီးများလက်ထက်တွင် တနင်္သာရီတိုင်း၌ ခုံသမာဓိစနစ်ဖြင့် တရားစီရင်သည်ကို မတွေ့ရတော့ချေ။ ကောဇာ ၁၁၉၄ (ခရစ် ၁၈၃၂)တွင် မော်လမြိုင်အရပ်သားဦးရေသည် (၁၄၀၀၀)ရှိရာမှ ကောဇာ ၁၂၁၇ ခုနှစ်၊ (ခရစ်

ပန်း*ဆုဝေ
ကော်ဇော မိုးကား နှင့် ဖယောင်းပုဆိုးအမျိုးမျိုးအရောင်းဆိုင်
ဈေးချင်းတူရင်ပစ္စည်းမှန်ရမယ်
ပစ္စည်းရော/ဈေးနှုန်းပါတူရင်
ဝန်ဆောင်မှုအပြည့်နဲ့
စိတ်ကျေနပ်စေရမယ်
ဖယောင်းပုဆိုးအမျိုးမျိုး
ဘယ်ဂျီယံ ကော်ဇောအမျိုးမျိုး
ပုန်နီကော်ဇော အမျိုးမျိုး
ပီနံ မိုးကာ ဆိုဒ်အမျိုးမျိုး
ထိုင်ခင်း / ခြေသုတ်အမျိုးမျိုး
စားပွဲခင်းလိပ်အမျိုးမျိုး
ပလပ်စတစ်ဆိုဒ်အမျိုးမျိုး
ပန်းမိုးလိပ် (အစိမ်းရောင်)
ခေါင်းကြည်လိပ်ရောင်စုံ
ဂရိုစီလိပ် (အဖြူရောင်)
ယိုးဒယားဖျာ အမျိုးမျိုးတို့ကို
လက်လီ/လက်ကား
ရောင်းချပေးနေပါသည်။
■ အမှတ် (၂၇/စီ)၊ ကျိုက္ခမီလမ်းမကြီး၊ ဈေးကြီးမီးပွိုင့်အနီး၊ မော်လမြိုင်မြို့။
ဖုန်း - ၀၉၅၃၂၀၂၇၀၊ ၀၉၄၉၈၀၁၁၄၃

# နွေရာသီမွန်စာပေသင်တန်း လွတ်လပ်စွာသင်ကြားခွင့်ရလာ

■ အာကာ



အစိုးရစာသင်ကျောင်း ပိတ်ချိန်တွင် ဖွင့်လှစ်သည့် နွေရာသီမွန်စာပေသင်တန်းကို ယခုနှစ်တွင် မွန်ဒေသအသီးသီး၌ လွတ်လပ်စွာ သင်ကြားခွင့်ရပြီ ဖြစ်ကြောင်း သင်ကြားရေး တာဝန်ခံတို့က ပြောသည်။

ယခင်နှစ်များက သင်ကြားခွင့်ရရန် သက်ဆိုင်ရာကျေးရွာ၊ ရပ်ကွက်နှင့် မြို့နယ် အာဏာပိုင် အဆင့်ဆင့်သို့ တင်ပြရပြီး၊ သင်ကြားချိန်တွင်လည်း ခေါ်ယူမေးမြန်း စစ်ဆေးမှုများ ရှိသော်လည်း၊ ယခုနှစ်တွင် တင်ပြစရာ မလိုသည့်အပြင် သင်မည့်နေရာများကိုလည်း စီစဉ်ပေးကြောင်း ပြောသည်။

"သိပ်ကိုလွတ်လပ်လာပြီ၊ အရင်နှစ်က လို စစ်ဆေးမေးမြန်းတာလည်း မရှိတော့ဘူး၊ တစ်ချို့မြို့နယ်မှာဆိုရင် ရပ်ကွက်ပိုင် မွှာရုံကို တောင် ကျနော်တို့ကို သုံးခွင့်ပေးလာတယ်။ ကျနော်တို့ သိပ်ဝမ်းသာတယ်၊ အစိုးရသစ်ကို လည်း သိပ်ကျေးဇူးတင်ပါတယ်"ဟု ရန်ကုန် မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီ ဥက္ကဋ္ဌ နိုင်မင်းသောင်းသျှင်က ပြောသည်။

မွန်ဒေသလုံးဆိုင်ရာ နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးမှုနှင့် မွန်စာပေသင်တန်းမှ တာဝန်ခံတစ်ဦးဖြစ်သည့် ဆရာတော် ဘဒ္ဒန္တသီလဝန္တကလည်း "ဒီနှစ်က အရင်နှစ်တွေလို မဟုတ်တော့ဘူး၊ အခုဆိုရင် အစိုးရ စာသင်ကျောင်းမှာ လိုအပ်ရင် သင်ကြားခွင့် ပေးထားတယ်" ဟု ပြောသည်။

ယခုနှစ်များတွင် ဘုန်းတော်ကြီးကျောင်း ရှိ ဇရပ်များ၊ ဓမ္မာရုံများ၊ နေအိမ်များနှင့် အချို့ကျေးရွာများတွင် အရိပ်ကောင်းသည့် သစ်ပင်အောက်၌ နွေရာသီ မွန်စာပေ သင်ကြားခဲ့ရသည်။

နွေရာသီ မွန်စာပေသင်ကြားမှုကို ၁၉၄၁ ခုနှစ်မှစ၍ မွန်ဘုန်းတော်ကြီးများက ဦးဆောင်ကာ စတင်သင်ကြားခဲ့ပြီး မွန်စာပေနှင့်ယဉ်ကျေးမှု ကော်မတီနှင့် ဘုန်းတော်ကြီးများက ယနေ့တိုင် လက်ဆင့်ကမ်း တာဝန်ယူခဲ့ကြသည်။

ဗုဒ္ဓဘာသာယဉ်ကျေးမှုနှင့် မွန်စာပေသင်ကြားရေး (ဗဟို) စာရင်းဇယားအရ ၂၀၁၁ ခုနှစ်၊ နွေရာသီ မွန်စာပေသင်တန်း တက်ရောက်သည့် သင်တန်းသား ဦးရေ ၆၀,၀၀၀ ကျော် ရှိကြောင်း သိရသည်။

မဆလ အစိုးရလက်ထက် ၁၉၆၂ ခုနှစ်မှ စပြီး၊ မွန်စာပေကို တရားဝင် သင်ကြားခွင့် မရရှိတော့ဘဲ၊ ကျောင်းအချို့တွင်သာ နားလည်မှုယူကာ အချိန်ပိုင်းအနေနှင့် အနည်းငယ် သင်ကြားခွင့်ရရှိခဲ့သည်။

၁၉၈၈ ခုနှစ်၊ နောက်ပိုင်းတွင်မူ အစိုးရကျောင်းများ၌ မွန်စာပေသင်ကြားမှုကို အလုံးစုံ ပိတ်ပင်ခဲ့ပြီး၊ လူဦးရေ ၃ သန်းခန့်ရှိသည့် မြန်မာနိုင်ငံ အောက်ပိုင်းတွင် နေထိုင်သည့် မွန်လူမျိုးများမှာလည်း အခြားတိုင်းရင်းသားများ နည်းတူ မိခင်စာပေသင်ကြားခွင့် ဆိတ်သုဉ်းခဲ့သည်။

**စည်ပင်နှင့်ပတ်သက်သောမေးခွန်းအား မေးမြန်းခြင်း** **စာမျက်နှာ ၄မှအဆက်**

အဖွဲ့တို့ ညှိနှိုင်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ဇေယျာမြိုင်ရပ်ကွက်တွင် ၂၀၀၉-၁၀ ဘဏ္ဍာရေးနှစ်မှစ၍ အဆောက်အဦခွန်၊ မြေခွန်၊ မီးခွန်နှင့် အမှိုက်ခွန်များ စည်းကြပ်ကောက်ခံခဲ့ပါကြောင်း၊ အခွန်များစည်းကြပ်ကောက်ခံရာတွင် အဆောက်အဦနှင့်မြေ၏ စံငှားရမ်းခအပေါ် စည်ပင်သာယာရေး ဦးစီးဌာန၏ ခွင့်ပြုထားသည့် ရာခိုင်နှုန်းအချိုးဖြင့် စည်းကြပ်ခြင်းဖြစ်ပါကြောင်း၊ "စံငှား ရမ်းခ" ဆိုသည်မှာ မြေနှင့် အဆောက်အဦအား ငှားရမ်းပါက ရနိုင်မည်ဟု ခန့်မှန်းသည့်တန်ဖိုး ဖြစ်ရာ ဖော်ပြပါ "စံငှားရမ်းခ" အပေါ်တွင် အဆောက်အဦနှင့် မြေခွန် (၁၀%)၊ လမ်းမီးခွန် (၈%)၊ ရေခွန် (၈%)၊ အမှိုက်ခွန် (၁၀%) စည်းကြပ်ခြင်းဖြစ်ကြောင်း၊ အဆောက်အဦနှင့် မြေခွန်သည် မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း အိုးအိမ်ဆောက်လုပ်နေထိုင်မှု အားလုံးအပေါ် စည်းကြပ် ခြင်းဖြစ်ကြောင်း၊ ဇေယျာမြိုင်ရပ်ကွက် ရေရရှိရေးအတွက် စည်ပင်သာယာရေးအဖွဲ့မှ စက်ရေတွင်းနှင့် ရေစက်ရုံများ၊ လက်တူးတွင်းများကို ၂၀၀၃-၀၄ ၊ ၂၀၀၄-၀၅ ဘဏ္ဍာရေး နှစ်များတွင် ရပ်ကွက်သို့ အပ်နှံပြီးဖြစ်၍ ရေခွန်ကောက်ခံခြင်းဖြစ်ကြောင်း၊ အိမ်သွယ်ရေတိုင်များဖြင့် အိမ်တိုင်ရာ ရောက်ရေပေးနိုင်ခြင်း မရှိသေးသဖြင့် ရေတိုင်ခများကို ကောက်ခံခြင်း မရှိပါကြောင်း၊ အဖွဲ့၏ မြို့ပြစီမံကိန်း (Town Plan)တွင် အတ္တရံ (၃) ရေပေးဝေရေးတိုးချဲ့ဆောင်ရွက်ရန် လျာထားကြောင်း၊ ဇေယျာမြိုင်ရပ်ကွက်တွင် လမ်းမီးများတပ်ဆင်ပေးထားပြီး လမ်းမီးခွန်ကောက်ခံ၍ ဇေယျာမြိုင်ရပ်ကွက် အပါအဝင် မြို့တစ်မြို့လုံး၏ လမ်းမီးအတွက် လျှပ်စစ်မီတာခကို သက်ဆိုင်ရာဌာနသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ပေးဆောင်ခြင်းဖြစ်ပါကြောင်း၊ ၂၀၁၁-၁၂ ဘဏ္ဍာရေးနှစ်၊ ပထမ (၆)လအတွက် အခွန်စည်းကြပ်ခြင်း (၃၇၈၅၀၀၀၀)ကျပ်ဖြစ်ပြီး၊ လျှပ်စစ်မီတာခ ပေးချေခြင်း (၁၁၇၈၉၉၀၀)ကျပ်ဖြစ်ရာ စည်ပင်သာယာရေးအဖွဲ့မှ လက်ရှိဘဏ္ဍာရေးနှစ် ပထမ(၆)လ အတွက် လမ်းမီးခွန် ကျပ်သန်း(၉၀) စည်း ကြပ်ခဲ့ပြီး၊ လျှပ်စစ်မီတာခကျပ်သိန်း (၁၁၇. ၉၀) ပေးချေ ခဲ့ပါကြောင်း၊ အိမ်ခြေ (၄၆၈)လုံးရှိသော ဇေယျာမြိုင် ရပ်ကွက်တွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ပထမ (၆)လအတွင်း စည်ပင်သာယာရေးအဖွဲ့မှ အဆောက် အဦနှင့်မြေခွန် (၁၂၁၁၁၀)ကျပ်၊ ရေခွန် (၉၆၈၈၈)ကျပ်၊ အမှိုက်ခွန် (၁၂၁၁၁၀)ကျပ်၊ အခွန်ပေါင်း (၄၃၅၉၉၆)ကျပ် ကောက်ခံရရှိခဲ့သဖြင့် ပျမ်းမျှတစ်အိမ်လျှင် တစ်လအတွက် (၁၅၅. ၂၀) ကျပ်သာဖြစ်ပါကြောင်းပြန်လည်ဖြေကြားခဲ့သည်ဟု သိရသည်။

**သံလွင်မောင်**

**ကိုလိုနီခေတ်မော်လမြိုင်မှအဆက်**

၁၈၅၅)တွင် အရပ်သားဦးရေမှာ ၂၁၄၇၂ ဦး အထိ တိုးပွားလာသည်။ ထိုသို့ တိုးပွားလာခြင်းမှာမော်လမြိုင်တွင် စီးပွားရေးလုပ်ငန်းကောင်းသဖြင့် တရုတ်နှင့် ကုလားများ လာရောက်အခြေချနေထိုင်သောကြောင့် ဖြစ်သည်။

မော်လမြိုင်ခရိုင်တွင် ကောဇာ ၁၂၇၃ ခုနှစ်၊ (ခရစ် ၁၉၁၀)တွင် တရုတ်လူဦးရေ (၅၆၀၃)ဦး ရှိရာမှ ကောဇာ ၁၂၉၃ ခုနှစ် (ခရစ် ၁၉၃၁)တွင် တရုတ်လူဦးရေ (၁၁၂၈၇)ဦးအထိ တိုးပွားလာသဖြင့် နှစ်ပေါင်း ၂၀ အတွင်း (၂) ဆ တိုးလာသည်ကို တွေ့ရသည်။ တရုတ်လူဦးရေ (၁၁၂၈၇)ဦးအနက် ၅၀၀၀ သည် မော်လမြိုင်တွင် နေထိုင်ကာ ကုန်သွယ်ရေးနှင့် ဥယျာဉ်စိုက်ပျိုးရေးတွင် လုပ်ကိုင်ကြသည်။

ကောဇာ ၁၂၈၉ ခုနှစ် (ခရစ် ၁၉၂၇) မော်လမြိုင်ခရိုင်မှ လောင်းကစားခွန် ကျပ် ၃၀၀ ရရှိသည်။ နောက် ၂ နှစ်ကြာ ကောဇာ ၁၂၉၁ ခုနှစ် (ခရစ် ၁၉၂၉)တွင် လောင်းကစားခွန် ကျပ် ၁၆၀၀၀ ရရှိသည်။ ထိုအခါ မြို့မိ၊ မြို့ဖတို့က မော်လမြိုင်သူ၊ မော်လမြိုင်သားတို့ အကျင့်စာရိတ္တပျက်ပြားလာသည်ကို တွေ့ရသည့်အတွက် အပြင်းအထန်ကန့်ကွက်ရာ အင်္ဂလိပ်အစိုးရက လောင်းကစားလိုင်စင်ကို ပိတ်ပင်လိုက်သည်။ ကောဇာ ၁၂၉၂-၉၃ ခုနှစ် (ခရစ် ၁၉၃၀-၃၁)တွင် အရက်လိုင်စင် ၁၁၆ ခု ချပေးသည်။ ထိုနှစ်မှာပင် ဘိန်းခွန်မှ ကျပ်ငွေ ၁၇၂၆၈၂ ရရှိသည်။ ကောဇာ ၁၂၂၄ ခုနှစ် (ခရစ် ၁၈၆၂)တွင် ဘိန်းခန်းလိုင်စင်များကို တစ်ခန်းလျှင် ၁၆ ကျပ်နှုန်းဖြင့် အကန့်အသတ်မရှိချပေးသည်။ အင်္ဂလိပ်အစိုးရသည် မြန်မာနိုင်ငံသားများအပေါ် မည်သို့သဘောထား၍ မည်သို့ ဖြစ်စေလိုပုံမှာ ထင်ရှားသည်။ အထက်ပါလုပ်ငန်းအများစုသည် တရုတ်တို့လက်ဝယ်တွင် ရှိသည်။ ဘိန်းနှင့် အရက်ကိစ္စမှလွဲ၍ တရုတ်တို့သည် တိုင်းရင်းသားတို့နှင့် သင့်သင့်မြတ်မြတ် နေထိုင်သည်။ အစိုးရဌာနများကိုလည်း ဒုက္ခမပေးချေ။ ယစ်မျိုးဌာနကား ချွင်းချက်ဖြစ်သည်။ ရွာအများအပြားတွင် တရုတ်သူကြီးများပင် ရှိသည်။

ပထမ အင်္ဂလိပ်-မြန်မာ စစ်ပြီးချိန်တွင် မော်လမြိုင်သို့ အိန္ဒိယမှ "စစ်ပါရီ" (Sepoy) စစ်သားများ ဝင်ရောက်လာသည်။ မကြာမီမှာပင် ဘင်္ဂလား (Bengal)၊ ဩရိဿ (Orissa) နှင့် မဒရပ် (Madras) တို့မှ ကုလားကုန်သည်နှင့် အလုပ်သမားများ မော်လမြိုင်သို့ ဝင်ရောက်လာသည်။ ကောဇာ ၁၂၉၂ ခုနှစ် (ခရစ် ၁၈၃၀)တွင် ဘင်္ဂလားမှ ထောင်သားအများအပြား မော်လမြိုင်ထောင်သို့ ရောက်လာသည်။ ၁၂၀၀ ပြည့်နှစ် နတ်တော်လ (ဒီဇင်ဘာ ၁၈၃၈)တွင် မဒရပ်ကမ်းခြေမှ ကုလားများ အလုံးအရင်းဖြင့် မော်လမြိုင်သို့ ဝင်ရောက်လာသည်။ ကောဇာ ၁၂၀၂ ခုနှစ် (ခရစ် ၁၈၄၀)တွင် မြောက်ပိုင်းကော်ရိုမင်ဒယ် (Coromandel) ကမ်းခြေမှ "ဂေါ်ရင်ဂျီကုလီ" (Coolie) များ အစုလိုက် အပြုံလိုက် ဝင်ရောက်လာသည်။

နယ်ချဲ့အင်္ဂလိပ်အစိုးရသည် နိုင်ငံခြားသားများကို မြန်မာနိုင်ငံအတွင်းသို့ တံခါးမရှိ ဓားမရှိတင်သွင်းရာတွင် ရေရှည်စီမံကိန်းချ၍ ဆောင်ရွက်သည်။ ကြီးမားသော ရည်ရွယ်ချက် ၃ ခုရှိသည်။ (၁) သွေးခွဲအုပ်ချုပ်ရေး လွယ်ကူစေရန် (၂) မိမစစ်ဘမစစ်ကပြားကလေးများ ပေါ်ထွက်လာစေရန် (၃) မြန်မာအမျိုးသားတို့၏ အမျိုးသားရေး စိတ်ဓါတ်အင်အားချိနဲ့သွားစေရန်တို့ ဖြစ်သည်။

အထက်ပါအတိုင်း နိုင်ငံခြားသားများ ဝင်ရောက်လာသည့်အတွက် ပြဿနာသုံးရပ် ပေါ်ပေါက်လာသည်။ (၁) လူမျိုးရေး၊ ဘာသာရေးပြဿနာ (၂) အကျင့်စာရိတ္တပျက်ပြားမှုပြဿနာနှင့် (၃) အမှုအခင်းတိုးပွားလာသည့် ပြဿနာများ ဖြစ်သည်။

ကောဇာ ၁၂၀၂ ခုနှစ် (ခရစ် ၁၈၄၀) ကျော်လွန်သောအခါ တရားစစ်ဆေးစီရင်မှုပုံစံ ပြောင်းလာသည်။ ဥပဒေအတိုင်း စစ်ဆေးစီရင်လာသည်။ ရှေ့နေများ ပေါ်ပေါက်လာသည်။ ထိုစဉ်က မော်လမြိုင်တွင် ရှိနေသော ရှေ့နေအားလုံးမှာ ဘိလပ်(ဗြိတိန်နိုင်ငံ)မှလာသော ဝတ်လုံတွဲ့ရသူများသာ ဖြစ်ကြသည်။ မြန်မာရှေ့နေတစ်ဦး တစ်ယောက်မှ မရှိသေးချေ။ ထို့ကြောင့် တရားရုံးတွင် အင်္ဂလိပ်လို လျှောက်လဲရသည်။ မြန်မာလိုလျှောက်ခြင်း မရှိသေးချေ။ ထို့ကြောင့် အမှုသည်တို့သည် ဘိလပ်ဝတ်လုံများကိုသာ ငှားရမ်းရသည်။ ဝတ်လုံများနားလည်အောင် ပြောရန်အတွက် ဘာသာပြန်နှင့် စကားပြန် (၂)ယောက်ကိုလည်း ငှားရမ်းပေးရသည့်အတွက် ငွေကုန်ကြေးကျများသည်။

တရားစစ်ဆေးသောအခါ တရားသူကြီးက ဝတ်လုံကို အင်္ဂလိပ်လိုမေးသည်။ ဝတ်လုံကလည်း အင်္ဂလိပ်လိုသာ လျှောက်လဲရသည်။ ထိုစဉ်အခါတွင် ဝတ်လုံအနီးတွင် စကားပြန်နှင့် ဘာသာပြန်တို့သည် အသင့်ရှိနေရသည်။ ဝတ်လုံက အမှုသည်ကို စကားပြန်မှတဆင့်မေးသောအခါ အမှုသည်က မြန်မာစကားနှင့် ပြန်ပြောသမျှကို စကားပြန်က ဝတ်လုံကို ပြန်ပြောရသည်။ တဖန်ဝတ်လုံက တရားသူကြီးကို အင်္ဂလိပ်လို ပြန်ပြောရသည်။ ထို့ကြောင့် အမှုစစ်ဆေးရာတွင် အချိန်ပို၍ ကြာရတော့သည်။

ဥပဒေဟူသည် မျှော့ကြိုး (ကြက်ပေါင်ကြိုး)နှင့် တူသည်ဟု ဆိုရိုးစကားရှိလေရာ တရားဆိုင်ရာတွင် ဆန့်နိုင်၊ ရှုန်းနိုင်စွမ်းရှိမှသာ ရယူလိုသော ဆန္ဒပြည့်ဝပေတော့သည်။

*(ရွှေတောင်ကျောင်းတိုက်သမိုင်းစာအုပ်မှ ထပ်ဆင့်ကူးယူဖော်ပြသည်)*



Photo : Internet

# သင့်ရဲ့အဖွဲ့နဲ့ သင့်ရဲ့စိတ်ကူးအိပ်မက်

မာန်ဏီ

**သင့်ရဲ့ဧဝရက်တောင်ဟာဘာလဲ**

သင်ဟာ တောင်တက်သမား ဖြစ်ချင်မှ ဖြစ်မယ်။ ဒါကြောင့် ဧဝရက်တောင်ထိပ် ရောက်ချင်တဲ့ဆန္ဒလည်း ရှိချင်မှရှိလိမ့်မယ်။ ဒါပေမဲ့ အလောင်းအစားနဲ့ ပြောရဲတာက သင့်မှာစိတ်ကူး အိပ်မက်တခု ရှိကိုရှိနေရမယ် ဆိုတာပါဘဲ။ ဒါကိုဘာကြောင့် ယုံယုံကြည်ကြည်နဲ့ ပြောရသလဲဆိုတော့ လူတိုင်းလူတိုင်းမှာ ကိုယ့်စိတ်ကူးအိပ်မက်ဘာလဲဆိုတာ သေချာရှင်းလင်းအောင် မလုပ်နိုင်ယင်တောင်မှ စိတ်ကူးအိပ်မက်တခု စီရှိနေကြလို့ဘဲ။ အကယ်၍ သင့်မှာ စိတ်ကူးအိပ်မက်ရှိလာပြီးဆိုရင် ဒါကိုအကောင်အထည်ဖေါ်ဘို့ အဖွဲ့တဖွဲ့လိုပါတယ်။

သင့်စိတ်ကူးအိပ်မက် အကောင်အထည်ဖေါ်နိုင်ဘို့ အဖွဲ့တဖွဲ့စည်းရုံး ဖွဲ့စည်းရမည့်တာဝန်ကို ဘယ်လိုချဉ်းကပ်မလဲ။ စတင်ဘို့အကောင်းဆုံး နည်းကတော့ ကိုယ့်ကိုယ်ကို မေးခွန်း (၃) ခုပြန်မေးဘို့ဘဲ။

**၁။ စိတ်ကူးအိပ်မက်ကဘာလဲ**

ဒီမေးခွန်းနဲ့ သင်ဟာဘာဖြစ် နိုင်သလဲ ဆိုတာ ဖေါ်ပြမှာဖြစ်တယ်။ "စိတ်ကူးအိပ်မက် မရှိဘဲနဲ့တော့ ဘာမှ ဖြစ်လာမှာမဟုတ်ဘူး ကြီးကြီးကျယ်ကျယ်ဖြစ်လာဘို့ တကယ်ကြီးမားတဲ့ စိတ်ကူးအိပ်မက်ရှိရမယ်" လို့ ရောဘတ်ဂရင်းလိဖ် (Robert Green Reaf)က ကောက်ချက် ပေးပါတယ်။

သင့်နှလုံးသားထဲမှာ ဘာခိုအောင်းနေသလဲ၊ သင့်ဘဝအတွက် ဖြစ်နိုင်ချေ ဘာရှိတယ်လို့ မြင်ပါသလဲ၊ သင်သက်ရှိထင်ရှား ရှိစဉ်ကာလအတွင်း ဘာကိုအကောင်အထည်ဖေါ်လိုက်ချင်ပါသလဲ၊ ဒီလိုမေးခွန်းတွေကို စိတ်ကူး အိပ်မက်ကသာ ဖြေကြားနိုင်မှာဖြစ်တယ်။

ကဗျာဆရာ လောင်းစတန်ဟူးစ် (Longstan Huhges)က-

"သင့်အိပ်မက်တွေသေယင် မြန်မြန်ထပ်မက်ပါ၊ ဘဝဆိုတာမပျံနိုင် တဲ့တောင်ပံကျိုးငှက်ပါ၊ အိပ်မက်မက် နေပြီးဆိုရင်လည်း မြန်မြန်သာဆက်မက်စမ်းပါ၊ ဘဝဆိုတာ နှင်းတွေခဲနေတဲ့ ဖုန်းဆိုးမြေဖြစ်လို့ပါဘဲ" လို့ ရေးထားပါတယ်။

ကြီးကျယ်တဲ့အရာတခုခုကို လုပ်ချင်ရင် သင့်မှာစိတ်ကူးအိပ်က် ရှိကိုရှိရမှာဖြစ်တယ်။ ဒါပေမဲ့အိပ်မက် တခုတည်းနဲ့တင် မလုံလောက်ဘူး၊ ဒါကိုဖြည့်ဆည်းဘို့ သင်ဟာအဖွဲ့တဖွဲ့ရဲ့အစိတ်အပိုင်းဖြစ်နေဘို့လိုတယ်။

**၂။ အဖွဲ့ထဲမှာဘယ်သူတွေပါမှာလဲ**

ဒီမေးခွန်းကတော့ သင်ဘာလဲ ဆိုတာ ပြောပြပါလိမ့်မယ်၊ သင်ရဲ့ လက်ရှိအနေအထားကို တိုင်းထွာပြပါ လိမ့်မယ်၊ သင်ဟာ လက်ရှိသင့်ရဲ့အစု အဖွဲ့လောက်ဘဲ ကောင်းအောင်လုပ် နိုင်ပါလိမ့်မယ်၊ ဒါဟာသင့်ရဲ့ ခရီးစဉ်မှာ ဘယ်သူပါနိုင်မလဲလို့ စူးစမ်းရတဲ့ အကြောင်းရင်းဖြစ်တယ်။ စိတ်မပါ့တပါ ဖြစ်နေတဲ့ တောင်တက်ဖေါ်သုံးဦး နဲ့မောရစ်ဝီလဆင် (Maurice Wilson) လို တောင်တက်သမားရဲ့ ဧဝရက်တောင်ထိပ် ရောက်ချင်တဲ့စိတ် ကူးအိပ်မက်ဟာ ဘယ်တော့မှ ပြည့်ဝလာမှာမဟုတ်ဘူး ဒါပေမဲ့ တန်ဇင်နော်ဂေး (Tenzing Norgay)လို့ ကမ္ဘာ့အကောင်းဆုံးတောင်တက်သမားတွေနဲ့ လူကတော့ ဧဝရက်တောင်ထိပ်ကို ရောက်နိုင်တာဘဲ ညံ့ဖျင်းတဲ့အဖွဲ့နဲ့ ကြီးကျယ်တဲ့အိပ်မက် မက်တာဟာ အိပ်မက်ဆိုးထက် မပိုပါဘူး။

**၃။ စိတ်ကူးအိပ်မက်ထားတဲ့အဖွဲ့ဟာ ဘယ်လိုပုံရှိမလဲ**

အမှန်အတိုင်းပြောရရင် သင့်ရဲ့အဖွဲ့ဟာသင့်အိပ်မက်အတိုင်းအတာ လောက်ဘဲရှိမှာပါ။ ဒီလိုမှမဟုတ်ယင်လည်း သင့်အိပ်မက် အောင်မြင်မှာ မဟုတ်ဘူး၊ အဆင့် (၄) လောက်ဘဲ ရှိတဲ့အဖွဲ့နဲ့ အဆင့် (၁၀) ရှိတဲ့ စိတ်ကူး အိပ်မက်ကို မရနိုင်တာကတော့ ရှင်းပါတယ်၊ ဧဝရက်တောင်ထိပ်တက်ချင် ယင်တက်နိုင်စွမ်းရှိတဲ့အဖွဲ့လိုပါတယ်။ တခြားလမ်းမရှိပါဘူး ကောင်တာကတော့ အားနည်းတဲ့အဖွဲ့နဲ့ကြီးကျယ်တဲ့ စိတ်ကူးအိပ်မက် မက်တာထက် အပျော့စားအိပ်မက်ငယ်လေးနဲ့ အားကောင်းတဲ့အဖွဲ့ရှိနေတာဘဲ။

**စိတ်ကူးအိပ်မက်ထက်အဖွဲ့ကိုပိုအာရုံပြုပါ**

ကျွန်တော်မြင်သလောက် လူတွေထပ်ခါထပ်ခါ မှားတာကတော့ စိတ်ကူးအိပ်မက်တွေအပေါ် အလွန်အကျွံဂရုစိုက်ပြီး ကိုယ့်ရဲ့အဖွဲ့ကိုတော့ အနည်းအကျဉ်းဘဲ အာရုံစိုက်ကြတယ် အမှန်မှာတော့ သင်ဟာ သင်တင့် လျှောက်ပတ်ကိုက်ညီတဲ့ အဖွဲ့တဖွဲ့သာ တည်ဆောက်နိုင်ယင် သင့် အိပ်မက်ဟာ သူ့ဟာသူပြေလည်သလောက် နီးနီးဖြစ်လာပါလိမ့်မယ်။

စိတ်ကူးအိပ်မက်တိုင်းမှာတော့ သူ့စိန်ခေါ်မှုနဲ့သူ ရှိကြမှာဘဲ စိန်ခေါ်မှုအမျိုးအစားကဘယ်လိုအဖွဲ့မျိုး သင်တည်ဆောက်ရမယ်ဆိုတာ အဆုံးအဖြတ်ပေးပါတယ်၊ ဥပမာတချို့ကို စဉ်းစားကြည့်ရအောင်။ (ပုံ-၁)ကြည့်

| **စိန်ခေါ်မှုအမျိုးအစား** | **လိုအပ်သောအဖွဲ့** |
| --- | --- |
| - စိန်ခေါ်မှုအသစ် | - တီထွင်ဖန်တီးမှုရှိသောအဖွဲ့ |
| - ပဋိပက္ခဖြစ်နေသောစိန်ခေါ်မှု | - ညီညွတ်သောအဖွဲ့ |
| - ပြောင်းလဲရေးစိန်ခေါ်မှု | - လျှင်မြန်စွာအလုပ်လုပ်နိုင်ပြီး အလျှော့အတင်း ရှိသောအဖွဲ့ |
| - အမင်္ဂလာစိန်ခေါ်မှု | - လှုံ့ဆော်စည်းရုံးနိုင်စွမ်းရှိသောအဖွဲ့ |
| - မျိုးစုံရောနှောနေသောစိန်ခေါ်မှု | - ညှိနှိုင်းဖြည့်ဆည်းနိုင်သောအဖွဲ့ |
| - ရေရှည်စိန်ခေါ်မှု | - စိတ်သန္နိဋ္ဌာန်ချထားသောအဖွဲ့ |
| - ဧဝရက်အရွယ်အစားစိန်ခေါ်မှု | - အတွေ့အကြုံပြည့်ဝသောအဖွဲ့ |

အကယ်၍သင့်စိတ်ကူးအိပ်မက်ကို အကောင်အထည်ပေါ်စေလိုယင် အမှန်တကယ်ထလုပ်ပါ၊ ဘယ်လို နေမယ်ဆိုတာ စိတ်ကူးလို့ချည်းမနေပါနဲ့၊ နောက်တော့ ကိုယ့်အဖွဲ့ကို ကိုယ်ပျိုးထောင်ပါ၊ ဒါပေမဲ့ ဒီလိုလုပ်နေယင်းက ကိုယ့်အရွေးဟာမှန်မမှန် ပြန်အခိုင်အမာလုပ်ပါ၊ အချို့လူတွေက အဖွဲ့တခုကို ကိုယ့်အကျိုးအမြတ်အတွက် စုစည်းကြတယ်၊ တချို့ကျတော့ အသင်းအဖွဲ့ အတွေအကြုံကို မြတ်နိုးပြီး အသိုင်းအဝိုင်းစိတ်ဓါတ်ခံစားချက်လိုချင်လို့ လုပ်ကြတယ်၊ အဲဒီစိတ်ဓါတ်အပေါ်မှာဘဲ အဖွဲ့အစည်းတခုပေါ်အောင်လုပ် ကြတယ်၊ အားလုံးအကျိုးအတွက် သင့်ကိုလှုံ့ဆော်စည်းရုံးနိုင်ခဲ့ပြီးဆိုရင် ဝမ်းသာကျေနပ်စရာက နောက်ပိုင်းမှာ သင်ဟာ အဖွဲ့တဖွဲ့ကို တည်ဆောက်ချင်လာပါလိမ့်မယ်၊ အဖွဲ့ထဲပါနေတဲ့ လူတွေရဲ့အကျိုးစီးပွားကို တစုံတရာ တိုးမြင့်ပေးနိုင်ဖို့ လုပ်ချင်လာပါလိမ့်မယ်၊ ဒါပေမဲ့သင်ဟာအဖွဲ့တဖွဲ့ကို တည်ဆောက်ချင်စိတ်ရှိလာပြီးဆိုရင် သင်ရဲ့လှုပ်ရှားမှုအပေါ် ပြန်လည်စောကြောဖို့လိုပါလိမ့်မယ်။

**အဖွဲ့တခုကိုဘယ်လိုပျိုးထောင်မှာလဲ**

အဖွဲ့တဖွဲ့ဟာ သင့်ရဲ့စိတ်ကူး အိပ်မက်ထဲကစံမျိုးမမှီနိုင်တဲ့အခါ စိတ်ကူးအိပ်မက်ကို လက်လျှော့လိုက် ဘို့ (ဒါမှမဟုတ်) ကိုယ့်အဖွဲ့ကို ကိုယ် ပြန်ပျိုးထောင်ဘို့ဖြစ်တယ်၊ အဖွဲ့ကို ပျိုးထောင်တာနဲ့ပတ်သက်ပြီး ဒီလို အကြံပြုချင်ပါတယ်။

**၁။ အဖွဲ့ဝင်တွေကိုပြုစုပျိုးထောင်ပါ**

စွမ်းဆောင်ရည်မရှိသေးတဲ့ အဖွဲ့ကို ကိုင်တွယ်ဖို့ ပထမခြေလှမ်းက တဦးချင်း အဖွဲ့ဝင်တွေရဲ့ ကြီးထွားရင့်ကျက်မှုကို ကူညီဖို့ဖြစ်တယ်၊ အဖွဲ့ကို သင်ကဦးဆောင်မယ်ဆိုရင် အရေးအကြီးဆုံးတာဝန်က သင့်အောက်က လူတွေရဲ့သူတို့ကိုယ်တိုင်က မြင်မထားတဲ့ စွမ်းရည်ကို သင်မြင်ပီး ဖေါ်ထုတ်ပေးဖို့ပါဘဲ၊ ဒါကိုလုပ်နိုင်ပြီးဆိုယင် သင်ဟာ ခေါင်းဆောင်ဘဲ။

အောက်မှာဖေါ်ပြထားတဲ့အမျိုး အစားခွဲခြားမှုတွေနဲ့အညီ သင့်လူ အပေါ်တွေ အဆုံးအဖြတ်ပေးနိုင်ပါ တယ်။ *(ပုံ-၂)ကြည့်*

| ပုံ (၂) | |
| --- | --- |
| စာနာစိတ်အပြည့်ရှိသောလူသစ် | ညွှန်ကြားချက်ပေးရန် |
| ယုံထင်ကြောင်ထင်ဖြစ်နေသူ | လမ်းပြန်တည့်ပေးရန် |
| သတိကြီးသည့်စံသမား | ထောက်ကူဖြည့်ဆည်းပေးရန် |
| ကိုယ့်ကိုယ်ကိုယုံကြည်သူ | တာဝန်ခွဲဝေပေးရန် |

မိမိအဖွဲ့ထဲရှိနေတဲ့လူတွေကို ဖွံ့ဖြိုးရင့်ကျက်စေဘို့ အမြဲအခွင့်အရေးပေးနေရပါမယ်။ ဒါက ဗြိတိန်တောင်တက်သမား အီရစ်ရှစ်ပတန် (Eric Shipton)ရဲ့ (၁၉၃၅) နှစ်ကတန်ဇင် ဆိုတဲ့ဘာမှအတွေ့အကြုံမရှိတဲ့ လူငယ်တယောက်ကို ပျိုးထောင်ခဲ့ပြီး နောက် (၁၈) နှစ်အကြာမှာ ဧဝရက် တောင်ထိပ်ကို အောင်မြင်စွာတက်ပြ နိုင်ခဲ့တဲ့အတွက် သူ့တိုင်းပြည်ဂုဏ် တက်စေခဲ့တဲ့လုပ်ရပ်မျိုး ဖြစ်ပါတယ်။

**၂။ အခရာကျတဲ့အဖွဲ့ဝင်များထပ် အားဖြည့်ပါ။**

အဖွဲ့တွင်းရှိလူအားလုံးကို လေ့လာဘို့နဲ့ ဖွံ့ဖြိုးဘို့အခွင့်အရေးပေးလိုက်လို့ အားလုံးကလည်းအများဆုံး အခွင့်အလမ်းတွေ ရယူပေးခဲ့ယင်တောင်မှ သင့်စိတ်ကူးအိပ်မက် အကောင် အထည်ဖေါ်ဘို့ စွမ်းရည်လိုအပ်နေသေးတာတွေရလိမ့်မယ်၊ ဒီအချိန်ဟာ ပင်ကိုယ်စွမ်းရည်ထက်မျက်သူတွေ ရှာဖွေစုဆောင်းဘို့ အချိန်ဖြစ်တယ်၊ အောင်မြင်တာရှုံးနိမ့်တာကို အဆုံး အဖြတ်ပေးရာမှာ ပညာရပ်နယ်ပယ်တခုခုကပင် ကိုယ်စွမ်းရည်ရှိသူအခရာ ပုဂ္ဂိုလ်တယောက်သာ တခါတလေ လိုအပ်တတ်တယ်။

**၃။ ခေါင်းဆောင်မှုကိုပြောင်းလဲပါ**

အမျိုးမျိုးသောအဖွဲ့တွေရဲ့ စိန်ခေါ်မှုတွေအတွက် ခြားနားတဲ့ခေါင်းဆောင်မှု အမျိုးအစားတွေ လိုအပ်ပါ တယ်၊ အဖွဲ့တဖွဲ့မှာ သင့်တော်တဲ့ပင် ကိုယ်စွမ်းရည်ရှိပါရဲ့ ဒါပေမဲ့ ကြီးထွား ဖွံ့ဖြိုးမှုမရှိသေးယင် တခါတလေ အကောင်းဆုံးလုပ်နိုင်တာက နောက်လိုက်လူဟောင်းတွေထဲက သင့်တော်သူကို ခေါင်းဆောင်အဆင့်မြင့်တင်လိုက်ဘို့ဘဲ၊ ဒါဟာ ကာလတိုဖြစ်ချင်ဖြစ်မယ် ရေရှည်မြဲသွားတာလည်းဖြစ်နိုင်တယ်။

တဒင်္ဂစိန်ခေါ်မှုဟာ ခေါင်းဆောင်တွေကိုမကြာမကြာ အဆုံးအဖြတ်ပေးကြတယ်၊ ဘာကြောင့်ပါလဲ ကစားကွင်းထဲပါဝင်နေတဲ့ လူတိုင်းမှာ အားကောင်းမှု အားနည်းမှုတွေရှိလို့ပါဘဲ၊ ဧဝရက်တောင်တက်အဖွဲ့ဟာ ခရီးစဉ်တလျှောက်အဆင့်တိုင်းမှာ ဒီလိုအဖြစ်မျိုးတွေကို ရင်ဆိုင်ဖြတ်သန်းခဲ့ရတယ်၊ ဗိုလ်မှူး

# သကြၤန်ပျော်ရွှင်မှုနှင့် ခေတ်သစ်လူငယ်

■ သံလွင်အေး


ဓါတ်ပုံ - ရွှေမြိုင်မောင်ပေါက်ကျိုင်း

ဆိုင်ကယ်သံတွေက တဝုန်းဝုန်းမြည်နေတယ်။ အနက်ရောင်ဝတ်စုံတွေနဲ့ အနီရောင်အလံတွေ ထောင်ထားပြီး တစ်စီးမှာ တစ်ယောက်က မောင်းပြီး အခြားတစ်ယောက်က ဆိုင်ကယ်ပေါ်မှာ မတ်တပ်ရပ်ပြီး အလံတွေ တလူလူနဲ့ မောင်းပြီး အလံတွေ တလူလူနဲ့ မောင်းတဲ့သူကလည်း ပတ်ဝန်းကျင်မည်ညံအောင်အိတ်ဇောဖြုတ်ထားတဲ့ ဆိုင်ကယ်ကို မနားတမ်းလီဗာ တွေဆွဲလိုဆွဲနဲ့ မော်လမြိုင်မြို့အောက်လမ်းမ တစ်လျှောက်ဖြတ်သန်းလာကြတယ်။ အနားမှာ ရှိနေတဲ့ အဖိုးအိုတစ်ယောက်ကတော့ လန့်သွားလို့တဲ့။ လက်ဖက်ရည်ဆိုင်ထဲကနေ အသံပေါင်းစုံဆူညံလာတယ်။ (ဘယ်မိမဆုံးမ ဖမဆုံးမတွေလဲ) (သရုပ်ပျက်လွန်းပါတယ်ကွာ) (ဟာ. . မိုက်တယ်ဟေ့) အရွယ်ပေါင်းစုံက အသံပေါင်းစုံထွက်ပေါ်လာတယ်။ သို့ပေမယ့် အားလုံးတစ်ညီတစ်ညွတ်ထဲပြောဆိုနေကြတာကတော့ တော်တော့်ကိုရုပ်ပျက်တာပဲတဲ့။

## (၆) ရက်ကျတဲ့သကြၤန်နဲ့ ပြောင်းလဲသွားသော မော်လမြိုင်

(ယခင်တုန်းကတော့ ဒီလိုသကြၤန်တွေဆို မဏ္ဍာပ်တွေနဲ့ အလှပြယာဉ်တွေနဲ့ သိပ်ကိုစည်ကားတာတဲ့) အသက်(၅၀)ဝန်းကျင်လူကြီးတစ်ယောက်ကဆိုတယ်။ ဒီနောက်ပိုင်းဆိုင်ကယ်တွေပေါ်လာပြီတဲ့ နောက်၊ နောက်တစ်ခု ရေလည်းရှားလာတာလည်းပါတယ်။ ရေက ပုံမှန်မရတော့ ရေပက်တဲ့သူ နည်းသွားပေမယ့် ဆိုင်ကယ်တွေပါလာတော့ အလွန်လွယ်ကူတဲ့ ဆိုင်ကယ်နဲ့ ရေကစားတဲ့သူတွေများလာတယ်။ တစ်ဆက်ထဲမှာ လွန်ခဲ့တဲ့ နှစ်မနည်းငယ်ကမှ ဘယ်ဆီကမှန်းမသိပဲ တတ်မြောက်လာကြတဲ့ ဆိုင်ကယ်တွေကို အိတ်ဇောဖြုတ်တဲ့နည်းကို လွန်စွာတတ်မြောက်လာပြီးနောက် မော်လမြိုင်သကြၤန်မလွန်စွာ အကျည်းတန် လာခဲ့တယ်။ အလှပြယာဉ် လည်းမရှိသလောက် ဖြစ်သွားတယ်။ ဖျော်ဖြေရေးမဏ္ဍာပ်တွေနည်း နည်းသွားတယ်။ ပိုက်ဆံသိပ်မရှိကြတော့ တလား။ စီးပွားရေးမကောင်းတာကြောင့်လား။ ယခင်က ဌာနဆိုင်ရာ မဏ္ဍာပ် ဆိုလည်းအများ ကြီး။ ရပ်ကွက်တိုင်းနီးပါးကလည်း မဏ္ဍာပ်တွေထွက်ကြတယ်။ သံချပ်တွေပြိုင်ကြ အကအလှတွေပြိုင်ကြနဲ့ဆိုတော့ နေ့ရောညပါ ယဉ်ကျေးသိမ်မွေ့စွာ စည်ကားနေတယ်။ လူ့ ယဉ်ကျေးမှုယုတ်လျော့ခြင်း ပေလား။ အံဩမိတယ်။

## သရုပ်ပျက်ယဉ်ကျေးမှုနဲ့ စိတ်ဓါတ်ပျက်စီးလာသော လူငယ်

ခေတ်အဆက်ဆက်ယဉ်ကျေးမှုတွေပြောင်းလဲထွန်ကားလာခဲ့တယ်။ ရောခ်ဂီတခေတ်၊ အော်လ်တာနေးတစ် ခေတ်၊ ပေ့ါဂီတခေတ်၊ ဟစ်ဟော့ ယာဉ်ကျေးမှုခေတ်၊ ပန့်ခ်ဂီတခေတ်၊ အီမိုခေတ်အစရှိသည်ဖြင့် ထိုယဉ်ကျေးမှုများတွင် လူငယ်တွေလည်းစီးပါမျောဝင်လာခဲ့ကြတယ်။ သူ့ဂီတအလိုက် ဝတ်စားဆင်ယင်မှု တွေပေါ်လာတယ်။ အမျိုးအစားအလိုက် ဂီတတွေကို ဖန်တီးခဲ့ကြတယ်။ ထိုအရာ တွေမြင့်တက်လာခဲ့သော်လည်း စိတ်ဓါတ်တွေပျက်စီးစပြုလာတယ်။ ဂီတကိုအခြေပြုပြီး ခိုက်ရန်တွေဖြစ်ကြတယ်။ အချင်းချင်းကြားမှာ သွေးကွဲမှုတွေဖြစ်လာတယ်။ ထိုယဉ်ကျေးမှုအားလုံးသည် သူ့ဟာနဲ့သူ ဖန်တီးမှုများရှိကြတယ်။ ဒါပေမဲ့ မြန်မာလူငယ်တွေက တစ်လွဲဖန်တီးဖြစ်ကြတယ်။ ဂစ်တာကိုင်ပြီး ဂီတတွေ ဖန်တီးနေရမယ့်အစား ဓားတွေ၊ တုတ်တွေကိုင်ပြီး လမ်းပေါ်ထွက် ရမ်းကားသောအမှုကို ဖန်တီးကြတယ်။ ကာလအတန်ကြာ ချိုးနှိပ်ခံခဲ့ရသောစိတ်ပေကြောင့်လား၊ လွတ်လွန်းတော့ လပ်ကုန်တဲ့စိတ်ကြောင့်လားမသိ လမ်းပေါ်ထွက် ရမ်းကားကုန်ကြသည်။ သကြၤန်သည် ထိုသူများအတွက် မင်းမဲ့စရိုက်ပြစရာ အခြေအနေတစ်ခုပေပဲလား၊ လူငယ်များလွတ်လပ်ကြသည်။ စိတ်ကူးတွေ လွတ်လပ်သည်။ အတွေးတွေလွတ်လပ်သည်။ ဖန်းတီးမှုတွေ လွတ်လပ်သည်။ ထိုထဲကမှ လွတ်လပ်မှုကို တစ်လွဲအသုံးချသည်။ လက်နက်ကိုင် ရမ်းကားသည်။ သကြၤန်သည် တရားဝင် လက်နက်ကိုင်ဆောင်ခွင့် ပေးသည့်နှယ်။ တရားဝင်ဖြစ်ချင်ရာဖြစ်လုပ်ခွင့်ပေးသည့်နှယ်။ ရမ်းကားနိုင်သည့်နှယ်၊ တရားဝင်လူသတ်ခွင့် ရှိသည့်နှယ်။ ၂၅ နှစ်ပတ်ဝန်းကျင်ကျော်ကျော်ဆိုသော လူငယ်တစ်ဦး ကတော့ လူငယ်တွေကိုယ်စား အရမ်းကိုအရှက်ရပါတယ်တဲ့။ တိုင်းပြည်တည်ထောင်နေဆဲကာလမှာ အခုလို လူငယ်တွေ အရည်အချင်းစွမ်းအားတွေကို တစ်လွဲအသုံးချနေသည်မှာ သိပ်နှမြောစရာကောင်းသလို ယခုလိုလုပ်ရပ်တွေကိုလည်း ရှုပ်ချသည်တဲ့။ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်ကုန်သည်။ အရေအတွက်နည်းပါးသော လူငယ်တွေ၏ လုပ်ရပ်ကြောင့် လူငယ်ထုအားလုံး အသုံးမကျသကဲ့သို့ ဖြစ်ကုန်သည်။ မိဘများလည်း ဆိုဆုံးမမှုမရှိဟုသော စကားများဖြင့် ကဲ့ရဲ့ခံရကုန်သည်။ လူငယ်များ ဆင်ခြင်ကြပါကုန်။

## မူယစ်ရမ်းကားလာခြင်းနှင့် နောက်ဆက်တွဲဆိုးကျိုး

သကြၤန်တွင် မူးယစ်နေသောကြောင့်လား (သို့မဟုတ်) သည်းခံစိတ်ပဲနည်းပေလို့လား အစွမ်းကုန် ရမ်းကားကြသည်။ လက်တွင်လက်နက်ကိုင်ပြီး စိန်ခေါ်ကြသည်။ မိမိတွင်လက်နက်ငယ်တစ်ခုမျှပင်ကိုင်ထားယုံဖြင့် သူ့ရဲကောင်းတစ်ဦးပမာ ထင်မှတ်ကြသည်။ ပုဆိန်၊ ဓားကိုင်ထားသူများတွင်မူ ပြောနိုင်ဖွယ်ရာပင်မရှိတော့ချေ။ လမ်းသွားလမ်းလာ သာမန်အေးဆေးစွာ သွားလာနေကြသူများအတွက် အလွန်အန္တရာယ်ဖြစ်စေသည်။ လူအုပ်စုတောင့်လျှင်ပိုပြီးရမ်းကားခြင်းကို ခံရနိုင်သလဲ၊ အစရှိသည်ဖြင့် တွေးတောရသည်။ သကြၤန်တွင် ရိုက်ပွဲပေါင်းများစွာ ဖြစ်ခဲ့သည်။ အချင်းချင်းချိန်းဆိုရိုက်နှက်ကြသည်။ ရန်စသဖြင့် ပြဿနာဖြစ်ရသည်။ အုပ်စုဖွဲ့ရိုက်နှက်ကြသည်။ ရမ်းကားကြသည်။ သကြၤန်တွင်း ပြည်သူ့ဆေးရုံများတွင် လူနာများ ပြည့်နှက်ကုန်သည်။ ဤသည်မှာ ကောင်းသောလက္ခဏာပင်လား။

## ပြောင်းလဲသင့်သောအခြေအနေများနှင့် လွတ် လပ်စွာဖန်တီးမှု

အထက်ပါ အခြေအနေများများပြောင်းလဲသင့်သော အခြေအနေများဖြစ်သည်။ ‘လူငယ်အချင်းချင်း ခိုက်ရန်ဖြစ်ပွားစေနိုင်သော ရမ်းကားသည့် အပြုအမူများကို မပြုလုပ်ဘဲ ယဉ်ကျေးမှုကိုသာ အပြိုင်အဆိုင်ဖန်းတီးသင့်လှပေသည်။ အထူးသဖြင့် လူငယ်များဦးဆောင်သော အလှပြယာဉ်များဖန်တီးခြင်း၊ ယဉ်ကျေးသော ရေပက်ခံကားများကို ဖန်တီးခြင်း၊ သက်ကြီးရွယ်အိုများကို ကူညီစောင့်ရှောက်ကြခြင်း၊ လူငယ်အချင်းချင်း ရင်းနှီးချစ်ကြည်စွာဖြင့် နှစ်သစ်ကူးကို ပျော်ရွှင်စွာဖြတ်သန်းကြမည်ဆိုလျှင် မည်မျှကောင်းမည်နည်းဟု စဉ်းစားရင်း . . .





ဓါတ်ပုံ - ရွှေမြိုင်မောင်ပေါက်ကျိုင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ် မဟာသကြၤန် ကာလတွင် လူငယ်တစ်ချို့မှာ ဆိုက်ကယ်အစီးငါဆယ် ကျော်တို့ဖြင့် အကျီဆင်တူ၊ အုပ်စုဖွဲ့၍ စတီးတုတ်၊ ဓါး၊ ပုဆိန်စသည်တို့ကို ကိုင်ဆောင်ကာ အိတ်ဇောသံ၊ ဟွန်းသံ မျိုးစုံတို့ကို နေ့၊ ညမရှောင် ဆူညံမှုပြုလုပ်ပြီး၊ အများပြည်သူ စိတ်အနှောက်အယှက် ဖြစ်စေသည့် အပြုအမူတို့ဖြင့် ကြမ်းတမ်းရိုင်းပြစွာ လှည့်လည်ရေကစားမှု များပြားလာကြောင်း ဒေသခံများမှ သိရှိရသည်။

**ရွှေမြိုင်မောင်ပေါက်ကျိုင်း**

# အာရှစီးပွားရေးတိုးတက်မှုမညီသည့်အရေး အစိုးရများအတွက် အရေးတကြီးကိုင်တွယ်ရမည့် ပြဿနာဖြစ်လာ

ချွေးတောက်တောက်ကျအောင် ပြေးလိုက်ရတဲ့အထိ အတက်မြန်နေတဲ့ အာရှစီးပွားရေးဟာ အဲ့ဒီဒေသက ဆင်းရဲသားအလွှာထက် အထက်တန်းလွှာလောက်ကိုသာ ပိုပြီးလျင်လျင်မြန်မြန် အကျိုးပြုခဲ့ပါတယ်။

"အာရှစီးပွားရေးဟာ အနှစ် ၂၀ လောက် ဒေါင်ဒေါင်မြည်တိုးတက်လာခဲ့ပြီး ဆင်းရဲမွဲတေမှုကို တော်တော်လေးလျှော့ချနိုင်ခဲ့သည့်တိုင် ဆင်းရဲချမ်းသာကွာဟမှု တိုးလာတဲ့ ကိစ္စက အစိုးရတွေရဲ့ ထိပ်တန်းဦးစားပေး ပြည်သူ့မူဝါဒ ဖြစ်သင့်နေပါပြီ"လို့ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) မန်နေးဂျင်းဒါရိုက်တာ ရာဂျက်နက် က တနင်္လာနေ့က ပြောသည်။

"ဖွံ့ဖြိုးတိုးတက်မှုဟာ ဆင်းရဲချမ်းသာကွာဟမှုကြောင့် နောက်ဆုံးတစ်နေ့မှာ ရပ်တန့်သွားအောင် ဒုက္ခပေးလိမ့်မယ်ဆိုတာကို ယုံကြည်ဖို့ ဒီအချိန်မှာ အငြင်းမပွားသင့်တော့ပါဘူး"လို့ (ADB) နှစ်ပတ်လည် အစည်းအဝေး မတိုင်မီ တစ်ပတ်အလို စက်ာပူမှာ ပြောဆိုလိုက်ပါတယ်။ အကြောင်းအရာက လာမည့်အစည်းအဝေးမှာ အဓိက ဆွေးနွေးကြမယ့် ခေါင်းစဉ်ဖြစ်လာပါလိမ့်မယ်။

ဆင်းရဲချမ်းသာ ကွာဟမှုဟာ အာရှအတွက်တော့ ပြဿနာအသစ်တော့ မဟုတ်ပါဘူး။ ပြီးခဲ့တဲ့ အနှစ်နှစ်ဆယ်အတွင်းက နှိုင်းယှဉ်လို့ရခဲ့တဲ့ အချက်အလက်တွေကို အသုံးပြုပြီး အာရှရဲ့လူဦးရေ ၈၀% လောက် ပါဝင်တဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရှိခဲ့တဲ့ နိုင်ငံပေါင်း ၂၅ နိုင်ငံထဲက ၁၁ နိုင်ငံကို လှေလာခဲ့ပါတယ်။ အဲ့ဒီနိုင်ငံတွေထဲမှ လူဦးရေ အထူထပ်ဆုံး နိုင်ငံတွေဖြစ်တဲ့ တရုတ်၊ အိန္ဒိယနဲ့ အင်ဒိုနီးရှားနိုင်ငံတွေ ပါဝင်ပြီး အဲ့ဒီ နိုင်ငံတွေဟာလဲ စီးပွားရေးတရှိန်ထိုး တိုး တက်နေတဲ့ နိုင်ငံတွေဖြစ်ပါတယ်။

ဒီလိုစီးပွားရေးတိုးတက်နေတဲ့ အာရှနိုင်ငံတွေအားလုံးရဲ့ Gini စွမ်းဆောင်ရည်ညွှန်းကိန်းဖြစ်တဲ့ ဝင်ငွေမညီမျှမှုတိုင်းတာချက်က ၁၉၉၀ မှာ ၀. ၄၆ ကနေ ၀. ၃၃ အထိ ရှိနေပါတယ်။ ဒီညွှန်းကိန်းက သုညဆိုရင် ဝင်ငွေညီမျှတယ်လို့ ဆိုလိုပြီး ၁ ဂဏန်း အထိ ပြည့်သွားရင်တော့ လုံးဝမညီမျှဘူးလို့ ဆိုလိုပါတယ်။ ဒီလိုဝင်ငွေတွေ ပညာရေး၊ အလုပ်အကိုင်နဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေကို အလွယ်တကူရရှိနိုင်မှု စတာတွေပါဝင်တဲ့ အာရှရဲ့ ဆင်းရဲချမ်းသာကွာဟမှုက လူမှုအသိုင်းအဝိုင်းတစ်ခုရဲ့ စည်းလုံးမှုကို ဖြိုဖျက်နိုင်သလို စီးပွားရေးပညာရပ်အရ ဆင်ခြင်တုံတရားနည်းပါးတဲ့ အများကြိုက်စီးပွားရေးမူဝါဒတွေကိုလဲ ရွေးချယ်မိစေနိုင်ပါတယ်။ အဲ့ဒီကနေတဆင့် ဆင်းရဲမွဲတေမှုကိုလျှော့ချမယ့် စီးပွားရေးတိုးတက်မှုကိုပါ ထိပါးလာနိုင်ပါတယ်"လို့ သူကဆက်ပြောပါတယ်။ အခုဆိုရင်ပဲ မလေးရှား၊ ထိုင်းနဲ့ အင်ဒိုနီးရှားနိုင်ငံတွေဟာ စီးပွားရေးတိုးတက်မှု မညီမျှခဲ့မှုတွေကြောင့် မဲဆန္ဒရှင်တွေရဲ့ အမျက်ဒေါသထွက်မှုတွေ လူမှုရေးမငြိမ်သက်မှုတွေ ကြုံတွေ့နေရပြီး အဲ့ဒီနိုင်ငံတွေက အာဏာပိုင်တွေကို အရှေ့အလယ်ပိုင်းနိုင်ငံတွေက အာဏာရှင်တွေကို ဖြုတ်ချနိုင်ခဲ့တဲ့အထိ ဖြစ်သွားခဲ့တဲ့ အဖြစ်မျိုး မဖြစ်ရလေအောင် တရုတ်နိုင်ငံလို လခတိုးပေးရတော့မယ့် အခြေအနေတွေရောက်နေပါတယ်။ ဒီလိုလခတိုးပေးခြင်းအားဖြင့် အလုပ်သမားလှုပ်ရှားမှုတွေ မြင့်တက်လာနေတာကိုလည်း ငြိမ်သက်အောင်လုပ်ရာ ကျပါတယ်။

ကမ္ဘာ့ လူချမ်းသာ အထူထပ်ဆုံးနိုင်ငံဖြစ်တဲ့အပြင် စီးပွားရေးအရ ရှေ့တန်းရောက်နေတဲ့ စင်္ကာပူလိုနိုင်ငံမျိုးမှာတောင် အာဏာရပါတီဖြစ်တဲ့ ပြည်သူ့လှုပ်ရှားမှုပါတီ (People Action Party-PAP)ကို မဲဆန္ဒရှင်တွေက ထောက်ခံမှု ကျဆင်းလာတာကြောင့် လူမှုရေးဆိုင်ရာ အသုံးစရိတ် မြှင့်တင်ခဲ့ရတဲ့အပြင် လူဝင်မှုဆိုင်ရာတွေနဲ့ ပတ်သက်တဲ့ တင်းကြပ်မှုစတဲ့ ခြေလှမ်းတွေကို လှမ်းလာရပါတယ်။

ဆင်းရဲချမ်းသာကွာဟမှုက မူဝါဒချမှတ်သူတွေရဲ့ ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေး တိုက်ပွဲကိုတောင် ဒုက္ခပေးပါတယ်လို့ မစ္စတာနက်က ဆိုပါတယ်။ တကယ်လို့သာ အဲ့ဒီ ဆင်းရဲချမ်းသာ ကွာဟမှုက ဆက်မတိုးလာပဲ ၁၉၉၀ ကနေ ၂၀၁၀ ထိ တည်ငြိမ်နေခဲ့မယ်ဆိုရင် ဒီဒေသရဲ့ လျင်မြန်တဲ့နှုန်းနဲ့ စီးပွားရေးတိုးတက်မှုနဲ့ဆို လူပေါင်းသန်း ၂၄၀ လောက်ကို ဆင်းရဲတွင်းထဲကနေ ကယ်ထုတ်နိုင်ပါလိမ့်မယ်လို့လဲ ဆက်ပြောပါတယ်။

သို့သော်ငြားလည်း မစ္စတာနက်က "လက်ရှိအခြေအနေက အကြပ်အတည်း ဖြစ်နေပြီလို့တော့ ပြောလို့မရသေးပါဘူး"လို့ ဆိုပါတယ်။ အားလုံးသော အခြေအနေက စိတ်ပူစရာအခြေအနေပဲလို့ ဆိုနိုင်ပေမယ့် အာရှရဲ့ ဆင်းရဲချမ်းသာကွာဟမှုအဆင့်က လက်တင်အမေရိကနဲ့ ယှဉ်ရင်နိမ့်ပါသေးတယ်"လို့ သူက ပြောပါတယ်။

အာရှဒေသတွင်းခေါင်းဆောင် တော်တော်များများက ဒီလိုဆင်းရဲချမ်းသာ ကွာဟလာတာကို ကောင်းကောင်းအသိ အမှတ်ပြုရစိုက်ကြပါတယ်လို့ အာဏာပိုင်တွေကပြောပါတယ်။ ယခုနှစ်မှာလုပ်တဲ့ ပုံမှန်မဟုတ်တဲ့ စစ်တမ်းတစ်ခုအရဆိုရင် အာရှဒေသတွင်းက အာဏာပိုင် ၆၅%လောက်က ဒီကိစ္စဟာ အရေးတယူဆောင်ရွက်ရမယ့် ကိစ္စလို့ ယူဆထားကြကြောင်း တွေ့ရှိရတယ်လို့ ADB ကပြောပါတယ်။

တကယ်လို့သာ ဖွံ့ဖြိုးတိုးတက်မှုသာရှိနေပါစေ၊ ဆင်းရဲချမ်းသာကွာဟမှုက လျော့ကျသွားလိမ့်မယ်ဆိုတာကို ကာလအတိုင်းအတာတစ်ခုအထိ ယုံကြည်ခဲ့ကြတယ်"လို့ အမေရိကန် စီးပွားရေးပညာရှင် ဆိုင်မွန်ကုဇနက်ရဲ့ အယူအဆကိုကိုးကားပြီး မစ္စတာနက်က ပြောပါတယ်။ ဆိုင်မွန်ကုဇနက်က စီးပွားရေးတိုးတက်လို့ ဝင်ငွေပမာဏ အတိုင်းအတာတစ်ခုအထိရောက်သွားရင် ဆင်းရဲချမ်းသာကွာဟမှုက လျော့ကျသွားလိမ့်မယ်လို့ တင်ပြခဲ့ပါတယ်။

"ဒါပေမယ့် ဒါကိုနိုင်ငံတော်တော်များများက မလုံလောက်ဘူးလို့ ယူဆပါတယ်။ တစ်ခုခုတော့ လုပ်ဖို့လိုတယ်လို့လဲ ထင်ပါတယ်"လို့ သူကပြောပါသေးတယ်။

ဘာသာပြန် - ထစ်



Photo : Internet

**အီဂျစ်တော်လှန်ရေးသမားများမှအဆက်-**

စည်းရုံးနိုင်စွမ်းမဲ့ သွားရသည်။ အပြင်းအထန်မုန်းတီးမှု အကျယ်အပြန့် ဖြစ်ပွားခြင်းကြောင့် ဆန္ဒပြမှုများ ဆက်လက်ဖြစ်ပွားနေသော်လည်း သူတို့၏ လိုအပ်ချက် တစိတ်တပိုင်းမှာ ဆင်းရဲသား အီဂျစ်များ နားလည်နိုင်လောက်သော ဘာသာစကား မသုံးစွဲနိုင်ခြင်းဖြစ်သည်၊ အခြားတွန်းပို့အချက်မှာ အမေရိကန်အစိုးရထံမှ ထောက်ပံ့ ကူညီငွေရရှိနေသည်ဟူသော အစိုးရမှ ကိုယ့်ကိုယ်ကို ဘေးဆီးရန်ကာဖြစ်အောင် လောင်စာမီးထိုးပေးသော ကောလဟာလများဖြစ်သည်၊ ဤအချက်မှ ထပ်ပွားထွက်လာသည်မှာ အီဂျစ်၏ အကျိုးစီးပွားကို အန္တရာယ်ရှိစေသော နိုင်ငံရေးအစီအစဉ်များလည်း ချမှတ်ပေးနေသည်ဟူသော အချက်ဖြစ်သည်၊ ဤအချက်များက လူငယ်အုပ်စုများကို အောက်ခြေ ပြည်သူလူထုနှင့် စည်းခြားသွားစေပြီး ထောက်ခံမှုမရနိုင်ဖြစ်သွားသည်။

မှားယွင်းချက်များကို အားလုံးသဘောတူညီနိုင်စွမ်းမရှိသည့်တိုင် လူငယ်များသည် အမှားအယွင်းများကို သတိပြုမိကြပါသည်။ တော်တော်များက တော်လှန်ရေး၏ အစဦးပိုင်းကတည်းက စစ်အုပ်စုကို စိန်မခေါ်လိုက်ရသည့်အတွက် နောင်တရနေကြသည်။ စစ်ကောင်စီ (SCAF)သည် မူဘာရက် ဆင်းပြေးပြီး သည့်နောက်ပိုင်း ပြုပြင်ပြောင်းလဲရေး အနည်းအကျဉ်းမျှသာ ဖြစ်လာရခြင်းအတွက် လုံး၀ တာဝန်ရှိကြောင်း ပြောကြသည်။ အသက် (၂၉) နှစ်ရှိသူစာရင်းကိုင် မိုဟာမက်မူစတာဖါက "ကျနော်တို့ဟာ အရပ်သားအုပ်ချုပ်ရေး ဘယ်လိုလွှဲပြောင်းပေးရမယ်ဆိုတဲ့ တိကျတဲ့ အစီအစဉ်တခုမရှိထားဘဲနဲ့ ပန်းခြံက ထွက်ခွာ ပေးခဲ့ကြတယ်။ စစ်ကောင်စီကို ဆက်လက် အာဏာအပ်နှင်းခဲ့တာဟာ တော်လှန်ရေးရဲ့ မဟာအမှားဘဲ" ဟုပြောသည်။ သူသည် ဤဖေဖော်ဝါရီလ ဆန္ဒပြပွဲအတွင်း ပါဝင်ဆင်နွှဲ ခဲ့သူဖြစ်သည်။ အခြားနောင်တရသော အချက်များမှာ စုစည်းညီညွတ်သော တောင်းဆိုချက် စာရင်း မရှိခြင်းနှင့် တိုက်ပွဲဝင်အကြမ်းဖက်မှု ဆင်နွှဲရေး အမြင်အဆိုင်ရာ ပဋိပက္ခရှိနေခြင်း ဖြစ်သည်။

ဆန္ဒပြပွဲများသည် တခါတရံ အပြောင်းအလဲဖြစ်ပွားရေးအတွက် အကျိုးများထိရောက်သော ဓါတ်ကူပစ္စည်းများ ဖြစ်နေဆဲဖြစ်သည်။ အထူးသဖြင့် အများစုပြည်သူ (တခါတရံ အစ္စလာမ်မစ်ဝါဒီများလည်း ဝင်ထောက်ခံအားပေးသည်)တို့က ဝိုင်းပါပေးသည့်အခါမျိုးဖြစ်သည်။ လူငယ်လစ်ဘရယ်များနှင့် အစ္စလာမ်မစ်ဝါဒီများသည် လွန်ခဲ့သည့်နှစ်အတွင်း စစ်အစိုးရ မှရွေးကောက်ပွဲအချိန်ဇယား ချမှတ်ဖြစ်ရေးနှင့် စစ်အစိုးရအရာရှိဟောင်းများ အပေါ် အရေးယူရေးတို့တွင် တူညီစွာ တွန်းအားပေးတောင်းဆို ဆန္ဒပြခဲ့သည်။

သို့နှင့်တိုင် လူငယ်ရှေ့ဆောင် ဆန္ဒပြပွဲများသည် သူတို့၏ အဓိက နစ်နာချက်များဖြစ်သော အကျင့်ပျက်ခြစားမှု၊ လုံခြုံရေးရဲများ၏ ရက်စက်ကြမ်းကြုတ်မှုနှင့် စစ်တပ်၏ လူ့အခွင့်အရေးချိုးဖောက်မှုကိစ္စများတွင် အနည်းအကျဉ်းသာ အစွမ်းဆောင်နိုင်ကြသည်။ နောက်ဆုံးအကြိမ် တာရီယာနှင့် ကိုင်ရိုမြို့လယ်ခေါင်အား သိမ်းပိုက်ခြင်းသည် ထောက်ခံသူပိုများလာနိုင် ဘွယ်မရှိပါ။

စင်စစ်တွင် လူငယ်များအနေဖြင့် ခြားနားသောနည်းပရိယာယ်များကို ထိန်းညှိစုစည်းနိုင်သည် (သို့မဟုတ်) နိုင်ငံရေးစည်းစနစ်သစ်တွင်ပါဝင်ရန် အခွင့်အလမ်းအသစ်မှာ ရှာဖွေနိုင်သည်ဆိုသည့်တိုင်အောင် သူတို့၏ အများကြိုက် မဖြစ်နိုင်တော့မှုနှင့် (ကာဆမ်ဟောကိန်းထုတ်သလို) အရေးမပါမှုတို့သည် ဆက်လက်ရှိနေဦးမည် ဖြစ်သည်။ ယျူလ အစောပိုင်းတွင် ကာဆမ်သည် ကိုင်ရိုမြို့လယ်ခေါင် လက်ဖက်ရည်ဆိုင်၌ ထိုင်နေစဉ်လူငယ် တော်လှန်ရေးသူရဲကောင်းတဦး အာမက်ဟာရာရာ (Ahmed Harara) ဝင်လာသည်။ လူငယ်လှုပ်ရှားသူများ ဝိုင်းဝန်းနှုတ်ဆက်ကြသည်၊ သူသည် ရဲများ၏ ကျည်ဆံဒဏ်ရာကြောင့် မျက်စိနှစ်ကွင်း အလင်းမရသူဖြစ်သည်။ ကာဆမ်က "ယခုမှ နောက်နှစ်နှစ်တွင် အာမက်ဟာရာရာ ဘယ်ကိုသွားမည်နည်း"ဟု စဉ်းစားနေမိသည်။ ဗောမာန်ပါပါ ပြောဆိုစည်းရုံးမှုကောင်းသော သွားဆရာဝန် တစ်ဖြစ်လဲ တော်လှန်ရေးသမားသည် သွားစိုက်ခြင်း အလုပ်ကို လုပ်နိုင်တော့မည် မဟုတ်ပါ။ သူနှင့် အခြားတော်လှန်ရေးသမားများသည် မိမိကိုယ်ကို ပြန်လည်တည်ဆောက်ဖန်တီးရမည်။ သို့မဟုတ်လျှင် ဖြစ်ရပ်များတွင် အမေ့ခံဘဝသို့ သက်ဆင်းရမည်ဖြစ်သည်။

Ref: Time, February 27, 2012

ဆောင်ဖျာ

# ရာမည

စတိုး

# Rehmonnya store











အင်္ကျီ၊ လုံချည်များ
ခေတ်မီအဝတ်အစားအမျိုးမျိုး (ကျား/မ)၏
ဘောင်းဘီတို/ရှည်၊ ခရီးဆောင်အိတ်အမျိုးမျိုး
ဦးထုပ်အမျိုးမျိုး၊ စာရေးကိရိယာများ
အလှကုန်ပစ္စည်းအမျိုးမျိုး
စားသောက်ကုန်ပစ္စည်းတို့ကို
ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနေပါသည်။



နိုင်မြင့်လွင် + မိသန်းမိုးအေး
အမှတ် (၉၂)၊ ငန်းတေးလမ်း၊ ဖက်ခင်းရပ်၊
မော်လမြိုင်မြို့။ ဖုန်း - ၀၅၇- ၃၀၄၀၃၊
၀၉၈၇၀၂၃၉၇၊ ၀၉၈၇၀၁၅၃၇၊ ၀၉၅၆၇၀၄၃၉



# ဂုဏ်မာန်



## ရရှိနိုင်သောပစ္စည်းများ

ဝိနည်းတော်နှင့်အညီချုပ်လုပ်ထားသော သင်္ကန်းအသစ်များ

ခန်းစီးလိုက်ကာချုပ်လုပ်တပ်ဆင်ခြင်း

ပရိဘောဂအမျိုးမျိုး

လျှပ်စစ်ပစ္စည်းများ

ရေချိုးခန်းသုံးပစ္စည်းများ

အိမ်သုတ်ဆေးအမျိုးမျိုး

မှန်ရိုးရာဝတ်စုံများ

ကြွေပန်းချီကားချပ်များ

ကြွေပြားအမျိုးမျိုး

သွပ်ဆိုဒ်စုံ၊ သံ

ဘိလပ်မြေအမျိုးမျိုး

ကော်ရည်တိုင်ကီနှင့် ဘိလပ်မြေဖျော်စက်



















ဆိုင်(၁) အမှတ် (၈၂) ဈေးကြီးဆန်တန်းရပ်၊ မော်လမြိုင်မြို့။
ဖုန်း - ၀၅၇ ၂၄၇၅၈၊ ၀၉၅- ၃၂၀၅၂၃

ဆိုင်(၂) အမှတ် - ၁၂၊ ၁၉၊ မြရတနာလမ်း၊ ဈေးကြီးကုန်မာတန်း။ မော်လမြိုင်မြို့။
ဖုန်း - ၀၅၇ ၂၅၇၂၂ လိုင်းခွဲ ၄၆၄ ၀၉ ၅၃၂၁၃၀၅၊ ၀၅၇ ၂၆၂၃၄

ဆိုင်(၃) အမှတ် (၁၄၃)၊ ကျိုက္ခမီလမ်း၊ ဈေးကြီး၊ ဆန်တန်းရပ်၊ မော်လမြိုင်မြို့။ ဖုန်း- ၀၅၇ ၂၄၇၅၈

**ပစ္စည်းမှန်ဈေးနှုန်းမှန်ဖြင့် ရောင်းချပေးနေပါပြီ**